www.burmeseclassic.com

SPW

# သောပြည့်ရတနာ

မာန်နဲ့မုန်

BURMESE CLASSIC

Creative Design : Aung Hlaing Bwa ( Techno-Art )

www.burmeseclassic.com

www.burmeseclassic.com


စောပြည့်ရတနာ
မာန်နှင့်မှန်

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | (၁၂၁၂/၂၀၀၃) (၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | (၁၀၅၁/၂၀၀၃) (၉) |
| ကွန်ပျူတာစာစီ | ဒွန်း |
| ဒီဇိုင်း | AUNG HLAING BWA |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊<br>၂၀၀၃၊ အောက်တိုဘာလ |
| တန်ဖိုး | (၂၀၀)ကျပ် |
| စာအုပ်ရေ | (၅၀၀)အုပ် |
| ထုတ်ဝေသူ | ဒေါ်စိန်လှလှသန်းရှင်(၃၆၆၀)<br>စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊ ၁၅၁လမ်း<br>ကျောက်မြောင်း၊ တာမွေမြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)<br>(၁၅၂) ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | စောပြည့်ဝန်းစာပေ<br>အမှတ်(၁)၊ ၁၅၁လမ်း<br>ကျောက်မြောင်း၊ တာမွေ<br>ရန်ကုန်မြို့။<br>၀၁-၅၄၉၂၇၀ |


# စောပြည့်ရတနာ

# မာန်နှင့်မှန်

www.burmeseclassic.com

www.burmeseclassic.com



# စောပြည့်ရဝါနွာ

## မာန်နှင့်မှန်

- တစ် -

မင်္ဂလာဒုံလေဆိပ်…။

ပြည်ပမှရောက်လာသည့် လေယာဉ် ဆိုက်ကပ်ရာ အခေါက်အဦးကြီးဘက်တွင်ပါ…။

လေဆိပ်ရှိလူအားလုံးမှာ ငေးသွားကြရသည်။

မြင့်လိုက်သည့်အရပ်ကြီးကပင် လူတွေကိုဆွဲဆောင်နေသည်ပဲလား…။

သူ၏ကျစ်လျစ်ပြီးတောင့်တင်းကြံ့ခိုင်သည့် ကိုယ်ဟန်ကာဝင် လူတကာကိုဆွဲဆောင်သည်ပဲလား…။



www.burmeseclassic.com

www.burmeseclassic.com



သူ၏အသားအရေ၊ သူ၏ချောမောလွန်းသည့်မျက်နှာထားဖြင့် ဆွဲဆောင်သည်မဲလား…။

သူ၏ဆင်ယဥ်မှုနှင့်သူ၏စတိုင်လ်ကပင် လူတွေကိုဆွဲဆောင်နေသည်ပဲလား…။

အားလုံး၏အရည်အချင်းများကြောင့်ပင်လည်း ဖြစ်နိုင်ပါသည်။

BURMESE CLASSIC

မှန်သည်။

မာန်သည် လေယာဥ်ပေါ်မှဆင်းပြီး၊ လေဆိပ်ထဲဝင်လာကတည်းက လက်တစ်ဖက်က ခရီးဆောင်သေတ္တာလေးကိုဆွဲပြီး ကျန်လက်တစ်ဖက်က အပေါ်ကိုဂျာကိုလက်တွင်တင်ကာ လှမ်းချီလာသည့်သူ့ခြေလှမ်းများသည်ပင် စမတ်ကျလွန်းနေရပေ၏။

တွေ့လိုက်သည့်လူတကာက သူ့ကိုလည်းပြန်ကြည့်ဖြစ်ရသည်ချည်းပါ…။

သူ့အသွင်နှင့်သူ့စတိုင်လ်ကို လူတိုင်းကနှစ်သက်အားကျကြဟန်အကြည့်တွေက သူ့နောက်သို့ကပ်ပါလာကြရ၏။





သို့သော်လည်း သူကဖြင့် မာန်ဆိုသောအမည်နှင့်လိုက်အောင်ပင် ထည်ဝါတည်ခန့်လွန်းပါ၏။

ကကြီးပုံမဟာနဖူးနှင့်ဆံပင်ကိုနောက်လှန်ဖီးထားသည့်သူ့ဆံပင်ပုံစံခပ်ဖွံ့ဖွံ့နှင့်သူ့မျက်နှာအကျကာ လွန်စွာလိုက်ဖက်၏။

သူ့မျက်နှာချောချော၏အနေအထားအား ရှုထောင့်အဖက်ဖက်မှကြည့်၍ ဆွဲဆောင်မှုပေးနေသည်က ဖြောင့်စင်းထင်ပေါ်နေသည့် လှပသောသူ့နှတံရယ်ပါတည်း။

သူ့မျက်ဝန်းအစုံသည် နက်ရှိုင်းစွာစူးရှတောက်ပပြီး သူ၏မထူမပါးနှုတ်ခမ်းအစုံသည် သေသပ်စွာရှိရှိ၏။

မရယ်မပြုံးသည့်တိုင် သူ့မျက်နှာအသွင်သည် ကြည်လင်၍ချောမွေ့နေရ၏။

ယောက်ျားတစ်ယောက်၏ ခုတောင်းကောင်းခြင်းမျိုးနှင့်သူ့ဘဝသည် ပြည့်စုံနေစေရသည်။

သူ့ကိုမြင်လျှင် ယောက်ျားချင်းပင်ငေးမောအားကျရသည်ချည်းမဟုတ်ပါတကား…။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းများသည် လေယာဉ်အဆောက်အဦးအပြင်ဘက်သို့ရောက်သည်နှင့် သူ့အတွက်ကားသည် အဆင်သင့်ဖြစ်နေပြီဖြစ်၏။

ဦးသာသည် သူ့အတွက်ကားတံခါးကို အသင့်ဖွင့်ထားပေးသည်။

သူ ကားပေါ်သို့တက်ပြီး ဦးသာသည်လည်း ကားပေါ်သို့ လျှင်မြန်စွာတက်ပြီးနောက် လေဆိပ်မှကားလေးအား ဦးသာ မောင်းထွက်ခဲ့လေ၏။

"မာန်..."

"ဗျာ..."

"ဒီတစ်ခေါက်တစ်လလောက်ကြာသွားပါလား..."

"ဟုတ်ကဲ့..ကျွန်တော် အီတလီအထိသွားလို့ပါ..."

"ဪ..ဒါနဲ့စကားမစပ် မာန်ကိုပြောရဦးမယ်..."

"ဘာလဲ ဦးသာ..."

"ဒီဘက်ကာခြံကို ရှုခွေပြောင်းလာကြပြီ၊ မိသားစုတော့





သိပ်များများမတွေ့ရဘူးရှဲ့၊ ကြည့်ရတာတော့ လူအေးတွေပါပဲ"

ပတ်ဝန်းကျင်အကြောင်းကို မာန် စိတ်မဝင်စား၍၊ တုံ့ပြန်စကားမဆိုဖြစ်ပဲနေ၏။

မာန်တစ်ယောက် တိတ်ဆိတ်နေလျှင် မာန်တကယ်စိတ်ဝင်စားခြင်းမရှိကြောင်း ဦးသာ သိ၍...

ဦးသာသည် ထိုကိစ္စနှင့်ပတ်သက်၍ စကားဆက်မဆိုတော့ပါ...။

"ဦးသာ..."

"ပြော မာန်..."

"ကုမ္ပဏီမှာအရေးပေါ်ကိစ္စတွေရှိသေးလား..."

"မရှိပါဘူး မာန်၊ မာန်ရဲ့မာနေဂျာတွေကတော်တော်တော်တဲ့သူတွေပါ...

ဪ..ပြောဖို့မေ့နေလိုက်တာ၊ မာန်ရဲ့သူငယ်ချင်းဆေါက်တာ ဇော်ကိုတစ်ယောက်တော့ ခဏခဏဖုန်းဆက်တယ်တွဲ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ မာန် ပြုံး၏။

သူ့အပြုံးကကြိမ်၏။

စကားတွေဆိုဆဲပင် ဦးသာ မောင်းသောကားလေးသည် နေအိမ်သို့ရောက်ပြီဖြစ်၏။

ခြံရှေ့ရောက်သည်နှင့်ဦးသာသည် ရမ့်ကွန်ထရိုးနှင့်ခြံတံခါးကိုဖွင့်လိုက်ပြီး၊ ကားကိုမောင်းဝင်ခဲ့သည်။

ဆင်ဝင်အောက်အရောက် ကားပေါ်မှဆင်းပြီး အိမ်တံခါးကို ကဒ်လေးထိုးထည့်ကာဖွင့်လိုက်၏။

မာန်သည် တစ်လခန့်ဝေးသွားရသည့်သူ့ခြံကြီးနှင့်တိုက်ကြီး၏အသွင်ကို သူသည် သတိတရလှည့်ပတ်ကြည့်ဖြစ်ရသည်။

"ဦးသာ…"

"ပြော မာန်…"

ဦးသာကိုခေါ်ပြီး တိုက်ကြီးထဲသို့ သူတို့ဝင်ခဲ့ကြသည်။

ဦးသာသည် ပြတင်းတံခါးတွေကို တစ်နေရာရှိခလုတ်တစ်ခုတည်းမှပင် အားလုံးကိုဖွင့်စေလိုက်၏။





တိုက်ကြီးတစ်ခေါင်လုံးသည် အလင်းရောင်များအပြည့်နှင့်လွန်စွာရှင်းသန့်လှပနေသည်ကို မာန် တွေ့ရ၏။

"တကယ်ပဲဗျာ၊ ဦးသာကတော့လေ ကျွန်တော် စိတ်ချမ်းသာအောင်အမြဲပဲလုပ်ပေးထားနိုင်တာပဲ…

ကျွန်တော့်ရဲ့အိမ်နဲ့ခြံကြီးက အမြဲတစေကြည်လင်တောက်ပပြီး ရှင်းသန့်လှပနေတော့တာပဲဗျာ…"

"မာန် ဒီလိုမြင်တွေ့ရတော့ စိတ်ချမ်းသာတယ်မဟုတ်လား…"

"ဒါပေါ့ ဦးသာ၊ ကျွန်တော့်ရဲ့စိတ်ချမ်းသာမှုဟာ ကျွန်တော့် ရဲ့အိမ်ရာလှပသန့်ရှင်းပြီး ကျက်သရေရှိနေဖို့ပဲ…"

"မာန့်ရဲ့လိုလားချက်တွေကို ဦးသာ သိပါတယ်၊ ဒါကြောင့်လည်း မာန့်ရဲ့စိတ်တိုင်းကျ ဦးသာ လုပ်ပေးနိုင်တာပေါ့…"

"ဦးသာရယ် ဦးသာကိုယ်၌ကလည်း အလှအပတွေကို မွေးဖွားတတ်တဲ့သူမို့ပါလေ…



www.burmeseclassic.com

www.burmeseclassic.com



ဦးသာဟာ ခုလိုသန့်ရှင်းမှုနဲ့အလှအပတွေကို ဝါသနာမပါဘူးဆိုရင် ကျွန်တော် စိတ်ချမ်းသာအောင်ဘယ်လိုလုပ်ပေးနိုင်မှာလဲဗျာ…”

“ဟဲ..ဟဲ..ဟဲ မာန်ပြောတာလည်းဟုတ်ပါတယ်၊ ကဲကဲ မာန် ခရီးပန်းလာတယ်၊ နားလိုက်ဦးနော်…

ကုမ္ပဏီကိုမနက်ဖြန်မှပဲသွားပေါ့၊ မာန် ပြန်ရောက်တဲ့အကြောင်းကိုတော့ ဦးသာ မန်နေဂျာတွေဆီ ကြိုတင်ဖုန်းဆက်ထားပေးပါ့မယ်…”

“ဦးသာကို ကျေးဇူးတင်ပါတယ်…”

“မာန်က အမြဲတမ်း မျက်နှာသာပေးတဲ့အတွက်လည်း ဦးသာက ကျေးဇူးတင်ပါတယ်ကွယ်…

ကဲ..ကဲ..မာန်အနားယူတော့နော်၊ ဦးသာ ညစာပြင်ခိုင်းလိုက်ဦးမယ်…”

ဦးသာဆိုရင်း ထွက်သွားသည်တွင် မာန်သည် သူ့ဘောင်းဘီအိတ်ထဲမှစီးကရက်ဗူးနှင့်မီးခြစ်ကိုထုတ်ပြီး မီးညှိဖွာရှိုက်





ရင်းမှ…

သူ့ခေါင်းထဲ မည်သည့်အတွေးမှမဖိတ်ခေါ်၊ မည်သည့်အလုပ်မှလည်းအခင်းမခံသေးဘဲနှင့်…

သူသည် မိမိအိမ်ရာ၏ ကြည်နူးမှုလွတ်လပ်မှုအရသာတွေကိုခံစားရင်း…

အနီရောင်မွေးပွကော်ဇောကြီးများခင်းထားသည့် မဟော်ဂနီရောင်ကျွန်းလှေကားထစ်များအား တစ်ထစ်ခြင်းတစ်လှမ်းခြင်းနင်းတက်သွားလိုက်ပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



## - နှစ် -

မိုးလင်းသည်နှင့် အလုပ်သမားတွေရောက်လာကြပြီဖြစ်သည်။

အလုပ်သမားများအား ကြီးကြပ်ကွပ်ကဲသူက ဦးသာ...။

မာန်သည် တိုက်ကြီး၏သုံးထပ်တွင် နေ့စဉ်ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို လုပ်သည်။

မာန်အတွက် လေ့ကျင့်ခန်းလုပ်သည့်ကိရိယာတွေက အစုံအလင်ရှိသည်ပါ...။

မာန်၏တိုက်ကြီးသည် ငါးထပ်တိုက်...။





ထိုငါးထပ်တိုက်ကြီးတွင် နေထိုင်သည်က မာန်နှင့်ဦးသာသာဖြစ်၏။

မာန်နေထိုင်သည်က အပေါ်ဆုံးငါးထပ်တွင်ဖြစ်သည်။

ဦးသာက အောက်ဆုံးထပ်တွင်နေထိုင်သည်။

ဒုတိယထပ်တွင် မာန်၏ရုံးခန်းဖွင့်ထားသည်။

တတိယထပ်သည်က မာန်၏အားကစားနှင့်ကိုယ်လက်ကြံ့ခိုင်မှုပစ္စည်းများထားသည်။

စတုတ္ထထပ်သည်က မာန်၏သီးခြားအနားယူခန်းနှင့် သူငယ်ချင်းနှင့်ဧည့်သည်များလာလျှင် မာန်သည် စတုတ္ထထပ်တွင် ဧည့်ခံတွေ့ဆုံနေထိုင်၏။

မာန်၏တိုက်ကြီးကလည်း ကြီးမားသကဲ့သို့ မာန်၏ခြံကြီးကလည်း ကြီးမားလှပါဘိ...။

ထိုမျှကြီးမားသည့်ခြံကြီးနှင့်တိုက်ကြီးအတွက် လုပ်ပမှုနှင့်သန့်ရှင်းမှုများလုပ်ရ၊ စီစဉ်ရသည်က ဦးသာ သာဖြစ်၏။

ဦးသာသည် မာန်၏အကြိုက်ကိုသိသည်။ မာန်၏စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်းသိသည်။

ဦးသာသည် အားငယ်စဉ်ကတည်းက ထိန်းခဲ့သူဖြင့် မဟုတ်၊ ဦးသာနှင့်မာန်သည် မာန် နိုင်ငံခြားမှပြန်လာပြည်သို့ အပြီးတိုင်ပြန်ခဲ့သည့်အချိန်မှစပြီး သိခဲ့ရခြင်းဖြစ်သည်။

မာန်အတွက် ဦးသာကိုခေါ်လာပေးသူက မာန်၏ သူငယ်ချင်း ဒေါက်တာ ဇော်ကိုသာဖြစ်သည်။

ဒေါက်တာ ဇော်ကိုသည်က မာန်နှင့်ငယ်ပေါင်းသူငယ်ချင်းပါ…။

မာန်နှင့်ဦးသာသည် နေ့လည်းကိုက်သည်ဟု ဆိုရမည်။

မာန်နှင့်ဦးသာသည် နှစ်ယောက်တည်းသာ နေထိုင်ပြီး၊ မာန် ဦးစီးလုပ်ကိုင်သည့်စီးပွားရေးလုပ်ငန်းများသည်လည်း အားလုံးအောင်မြင်သည်ချည်းဖြစ်၏။

လုပ်ငန်းကိစ္စများကြောင့် မာန်သည် နိုင်ငံခြားသို့မကြာခဏသွားနေရသည့်အချိန်များတိုင်း၌…

ဦးသာသည် ထိုတိုက်ကြီး တွင် တစ်ယောက်တည်းနေ





…ိုင်ကာ မာန်၏လုပ်ငန်းနှင့်ပတ်သက် သည့်ကိစ္စများကိုပါ …ဝန်းလုပ်ကိုင်ပေးနိုင်ခဲ့သူပါတည်း။

တကယ်တော့ ဦးသာကိုခေါ်စဉ် မာန်အတွက် ချက်ပြုတ်…မွေးလျှော်ဖွတ်ပြီး အိမ်စောင့်ခြံစောင့်အတွက်မျှသာပါ…။

သို့သော်လည်း ဦးသာသည် အဖက်ဖက်မှတော်ကြောင်း …မိအပေါ် လွန်စွာစေတနာမေတ္တာထားကြောင်း…

စိတ်ထားမှန် ကြောင်းများအား တစ်စတစ်စဖြင့် မာန် …သာ၏။

သို့ဖြင့် မာန်နှင့်ဦးသာသည် သူငယ်ချင်းလိုလည်းနေကြ …ည်။

အလုပ်ရှင်နှင့်အလုပ်သမားလိုလည်းနေသည်။

ဦးလေးနှင့် တူ၊ အဖေနှင့်သားကဲ့သို့လည်းနေသည်။

ရံဖန်ရံခါ၌ အကြံပေးဖော်အဖြစ်၊ ဆွေးနွေးဖော်အဖြစ်နှင့် …ည်း ဦးသာသည် အတွေ့အကြုံရင့်ကျက်မှုရှိသောလူကြီးပီပီ …အား အကြံကောင်းဉာဏ်ကောင်းများအား ပေးတတ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

မှား…

လေပြင်းတစ်ချက်မှုတ်ထုတ်ကာ မာန်သည် လှေကျင့်ခန်းလုပ်ရင်းမှ နားလိုက်သည်။

မျက်နှာသုတ်ပဝါလေးကို လည်ပင်းတွင်တွဲလောင်းချထားကာ ဝရံတာဘက်သို့ မာန် ထွက်ခဲ့လိုက်သည်။

မာန်သည် ချွေးတို့ကိုသုတ်ရင်း မိမိခြံထဲသို့ ငုံ့ကြည့်မိလိုက်သည်။

မနက်လာပြီး ညပြန်ရသည့်အလုပ်သမားတွေသည် ဦးသာ၏ကွပ်ကဲမှုအောက်တွင် အလုပ်တွေကိုစေ့စပ်သေချာစွာနှင့် မနှေးမကာပ်လုပ်ကြရ၏။

ဦးသာ၏စေခိုင်းတတ်မှုကြောင့်လည်း မာန်၏ခြံနှင့်တိုက်ကြီးသည် ဘယ်အချိန်ဘယ်အခါပင်ကြည့်ကြည့်…

မနေ့ကမှ ဆောက်ပြီးစီးသည့်အသစ်ချပ်ချွတ်တိုက်ကြီးအလားအောက်မေ့ နေရပါချေ၏။





ခြံကြီးပဲကြည့်မလား၊ တိုက်ကြီးကိုပဲကြည့်မလား…

တိုက်ကြီးသည် သစ်လွင်တောက်ပ၍ ခြံကြီးသည်ပန်း…လ်မျိုးစုံဖြင့် ပန်းရနံ့တို့သင်းပျံ့ကြိုင်လှိုင်ကာ သာယာလှပနေပါ…

ဟား…

မာန်သည် အသက်ကိုဝဝရှူပြီး ထွက်သက်လေကိုလည်း…ပါးတရကြီးပင် ပြန်ထုတ်လိုက်သည်။

သည့်နောက် မာန်သည် ရေမိုးချိုးရန်အခန်းထဲသို့ပြန်ဝင်မည်…ပြု၊ တစ်ဖက်ခြံဆီသို့ ဘာရယ်မဟုတ် အကြည့်ရောက်သွား…

တစ်ဖက်ခြံတွင်လည်း လူတွေပြောင်းလာကြပြီဟု ဦးသာ…ပြောထား၍ မာန် သိထားပြီဖြစ်၏။

တစ်ဖက်ခြံတွင် အလုပ်လုပ်နေသည့်အလုပ်သမားတွေကို…သာ မာန် တွေ့လိုက်ရသည်။

အိမ်ရှင်နှင့်တူသည့်လူကိုဖြင့် မာန်တစ်ယောက်မှမတွေ့မိ။



www.burmeseclassic.com

www.burmeseclassic.com



မာန်သည် တစ်ဖက်ခြံသို့ချက်လုံးတစ်ချက်ဝေ့ကြည့်ဖြစ်ပြီးနောက် ရေချိုးရန်အထဲသို့လှမ်းဝင်ခဲ့လိုက်လေ၏။

ချွေးတိတ်ပြီမို့ မာန်သည် ရေချိုးခန်းထဲတန်းဝင်ခဲ့သည်။ ရေကိုစိတ်ကြိုက်စိမ်ချိုးပြီးနောက် မာန်သည် ပေါ့ပါးသော အဝတ်တစ်စုံကိုလဲပြီး…

ဦးသာရှိရာအောက်ခုံးထပ်သို့ လှေကားမှပင်ဆင်းခဲ့လေ၏။

"မာန်ရေ မနက်စာအသင့်ပါပဲ…"

"ဟုတ်ကဲ့ ဦးသာ၊ ဦးသာ လုပ်စရာရှိတာသာလုပ်ပါ၊ ကျွန်တော့်ဟာကျွန်တော် သောက်လိုက်ပါ့မယ်…"

"ဘယ်··ဒီလိုဖြစ်မလဲ၊ ဦးသာ အလုပ်ပြီးနေပါပြီ၊ ချက်ပြုတ်ဖို့ပဲစီစဉ်ရတော့မှာ…"

မာန်အတွက် ကော်ဖီထည့်ပေးရင်းမှ ဦးသာ စကားတွေဆိုသည်။

"ဪ··မာန် ဒေါက်တာ ဇော်ကိုဆီ ဖုန်းဆက်ပြီး





ပလား…"

"ကျွန်တော် ခုပဲဆက်မလားလို့…"

"ဆက်လိုက်··ဆက်လိုက်ကွဲ့…"

ဦးသာဆိုရင်း မီးဖိုဆောင်ဘက်ဝင်သွားသည့်တွင် မာန်သည် သူငယ်ချင်း ဒေါက်တာ ဇော်ကိုထံသို့ ဖုန်းဆက်လိုက်၏။

"ဟဲလို…"

"ဟဲလို··ဇော်ကြီး…"

"ဟာ··မာန် မင်း ပြန်ရောက်ပြီးလားကွ…"

"အင်း··မနေ့ကပဲ ကိုယ် ပြန်ရောက်တယ်…"

"ဒီတစ်ခေါက်သွားတာ မင်းဘာဖြစ်လို့ကြာနေတာလဲ…"

"ကြာတာကအစည်းအဝေးတွေကြောင့်ပါဗျာ၊ ပြီးတော့ အခုတစ်ခေါက်သွားတာ မမျှော်လင့်ဘဲအလုပ်တွေများသွားတယ်…"

"အေး··မင်းပဲဝယ်နှစ်ရာသီအလုပ်များ၊ သူများတွေများဖို့



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ကိုယ်ကတော့ မင်းဟိုမှာပဲအိမ်ထောင်ကျနေပြီထင်တာ”

“ခင်ဗျားကတော့လေ ခင်ဗျားအိမ်ထောင်ပြုလို့ခြေချုပ်ကျတဲ့ဘဝမျိုး ကိုယ့်ဝါဖြစ်စေချင်တယ်ပေါ့…”

“ကိုယ်ကစေတနာနဲ့ မင်းမျက်နှာငယ်မှာစိုးလို့ပြောတာနော၊ ဟဲ‥ဟဲ…”

“ပြောရင်ဒါပဲ၊ တော်ပြီဗျာ၊ ကဲ ပြော ကိုယ်ပြန်လာပြီ ခင်ဗျားဘယ်တော့လာမှာလဲ…”

“ကိုယ်ဘယ်အချိန်လာလာပေါ့၊ မင်းကအိမ်မှာမရှိဘူးလား…”

“ရှိပါ့ဗျာ၊ ခင်ဗျားလာချင်တဲ့အချိန်သာလာပါတော့…”

“မနက်ဖြန်တနင်္ဂနွေလေ၊ ဒီနေ့က ကိုယ် ဆေးခန်းတွေထိုင်ရဦးမှာဗွ…”

“ကောင်းပါပြီ မနက်ဖြန်ခင်ဗျားလာမယ့်အကြောင်းဦးသာကို ချက်ပြုတ်ဖို့ ကိုယ်စီစဉ်ခိုင်းထားပါ့မယ်…”

“ကောင်းပြီသူငယ်ချင်း၊ ကိုယ် အခုဆေးခန်းသွားထိုင်





လိုက်ဦးမယ်…”

“ကောင်းပြီ…”

စကားအဆုံး မာန် ဖုန်းလေးကိုပိတ်လိုက်သည်။

သည့်နောက် မာန်သည် ကော်ဖီကိုအပြီးသတ်သောက်ပြီး ကုမ္ပဏီသို့ဖုန်းဆက်ရန်အတွက် သူ ရုံးခန်းအထပ်သို့တက်ခဲ့လိုက်လေ၏။ ။



www.burmeseclassic.com

www.burmeseclassic.com



- သုံး -

ဟင်..ဘယ်လိုအဘိုးမျိုးရထားမှန်းမသိဘူး...

ဒီလိုအဘိုးမလိုချင်ပါဘူး၊ ပြောလိုက်ရင်စည်းကမ်းစည်းကမ်း၊ စည်းကမ်းဆိုတာမြင်လည်းမမြင်ရဘဲနဲ့၊ သူ့ပါးစပ်ကပြောတဲ့ စည်းကမ်းနဲ့ပဲလှုပ်ကနေရတာသောတော့မယ်...

ဆယ်တန်းမဖြေခင်ကလည်းတစ်မျိုး၊ ဆယ်တန်းဖြေပြီးတော့လည်းတစ်မျိုး...

စာကျက်စာကျက် တစ်ချိန်လုံးပဲစာကျက်ခဲ့ရပြီ၊ စာမေးပွဲပြီးတော့လည်း အိမ်ထဲနေအိမ်ထဲနေ၊ မိန်းကလေးဆိုတာအိမ်ထဲနေပြီးအလုပ်တွေကို ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်





ရတယ်တဲ့၊ ပြောပြန်ပြီတစ်မျိုး...

ဘာလဲမသိဘူး၊ တကယ်စိတ်ရှုပ်တယ်၊ တနေ့လုံးဘယ်မှကိုလျှောက်မလည်ရဘူး၊ သိပ်စိတ်တိုတာပဲ...

မီမီမှန်...

မှန်သည်။

မထူမပါးနှုတ်ခမ်းရဲရဲလေးတွေက ပွစိပွစိနှင့်တစ်ကိုယ်တည်း မကျေမနပ်ပြောနေသည့်စကားတွေပါ...။

ဝတ်ထားသည့်အင်္ကျီလေးက မိန်းမဝတ်စပို့ရှပ်လက်ပြတ်အနီရောင်ကလေးနှင့် ခြေသလုံးတဝက်ခန့်ရှိသည့်ဂျင်းဘောင်းဘီကလေးနှင့်...

သဏ္ဌာန်ကမျစ်စို့ပေါက်ကလေးလို ဝင်းဝင်းစိုစိုနှင့်တုတုခဲခဲကလေး...။

ဆယ့်ခြောက်နှစ်သာရှိသေးသည်မို့ အရပ်ကမမှန်သေး၊ သို့သော်လည်း မှန့်အရပ်ကခုကတည်းက ငါးပေနှစ်လက်မှုနေပေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည် ဆက်၍ထွားဦးမည်။ ဆက်၍မြင့်ပေဦးမည်။

ဝင်းဝါစိုပြေသောအသားနှင့် မှန်၏အသွင်ခဲခဲလေးသည် တကယ့်ချစ်စရာ၊ ခုလိုအတိုးကိုမကျေမနပ်နှင့်ပတွတ်ပတွတ်ရွတ်နေသည့်အသွင်က တကယ့်ကလေးဆိုးလေးနှင့်မခြား လှုန်စွာချစ်စရာကောင်းနေရလေ၏။

မှန်၏ဆံပင်ခေါင်းပုံညှပ်ထားသည်က ယောကျ်ားလေးခေါင်းပုံစံမျိုး...။

မည်းနက်နေသည့်ဆံပင်လေးတွေက လှိုင်းကလေးတွေနှင့် လှန်စွာလှပ၏။

နဖူးထက်ကပိုကရိုကျနေသည့် ဆံပင်လေးတွေကိုလှန်ကြည့်မည်ဆိုလျှင် မှန် နဖူးလေးက ကကြီးပုံနဖူးလေး...။

မှန်၏မျက်ခုံးနက်နက်ကလေးအစုံသည် မထူမပါးနှင့်ငှက်တောင်ပန်နှစ်ဖက်ဖြန့်ရန့်ကာ ပျံသန်းနေသည့်နှယ်ရှိ၏။

မှန်၏နှာတံမြင့်မြင့်လေးသည် လုံးလုံးလေးနှင့်ဖြောင့်စင်းကား တန်းနေရ၏။ မျက်ဝန်းအစုံကဝိုင်းစက်၍ တောက်ပနေ





သည်။

ယခုလိုစိတ်ဆိုးနေလျှင် မှန်၏မျက်ဝန်းလေးအစုံသည် ပို၍ စူးရှတောက်ပနေတတ်သည်ပါ...။

မှန်၏ပါးမို့မို့လေးအစုံသည် သွေးကြောနီတို့ယှက်ဖြာကာ တင်းမွတ်မွတ်လေးရှိသည်။

မထူမပါးနှုတ်ခမ်းနီးထွေးထွေးလေးတွေက အတိုး၏စည်းကမ်းတွေကြားတွင် လှန်စွာမှစွာမည့်သဏ္ဍာန်မျိုးရှိနေရ၏။

မှန်၏မျက်နှာလေးသည် တကယ့်ကလေးလေးတစ်ယောက်လိုမွတ်မွတ်စင်ကာ လှပချစ်စရာကောင်းနေရသည်ပါ...။

မှန်၏တစ်ကိုယ်လုံးအား တစ်ခုချင်းပဲကြည့်ကြည့်၊ ခြုံ၍ပဲကြည့်ကြည့်၊ မှန်သည် လုံးဝမပြုမပြင်ရဘဲနှင့်ကို လှန်စွာချောမောလှပပြီး ချစ်စရာကောင်းနေရသည့်မိန်းကလေးပါတည်း။

ယခု မှန် နှုတ်ခမ်းကိုတစ်လံသောက်ပစ်၍စူထားသည်။ သည်လိုလေးလည်း မှန်ကဖြင့် တကယ့်ချစ်စရာကလေးလေးပါ



www.burmeseclassic.com

www.burmeseclassic.com



ပင်...။

"ဟင့်..အို မုန် အိုး..နှုတ်ခမ်းကြီးကစူလို့ကွယ်၊ ငါ့မြေးလေးဘာဖြစ်လဲ၊ ဘွားလေးကိုပြောဘာလဲ ဘိုးနဲ့ရန်ဖြစ်ပြန်ပြီလား"

မုန်တစ်ယောက်စိတ်ဆိုးဆိုးနှင့် ဖိနပ်ချွတ်နေရာတွင် ခြေပစ်လက်ပစ်ထိုင်ကာ အဘိုးကိုမြင်ယောင်ပြီး ရင်ထဲကလိကလိဖြစ်နေဆဲ၊ အပြင်မှပြန်ရောက်လာသည့် ဒေါ်ခင်အုန်းသည် မြေးဖြစ်သူအား ပြာပြာသလဲလေးဆိုလာလေ၏...

ဟင်း..သူတို့မောင်နှမအတူတူပဲဟု မုန်သည် စိတ်ထဲမှရေရွတ်ပြီးမှ...

"ဘွားလေး..."

"ပြော သမီး..."

"ဘိုးကိုမုန်းတယ်..."

"အိုး..မဟုတ်တာကလေးရယ်..."

"ဘိုးကမှ မုန်ကိုမချစ်ဘဲ..."





"အမလေး..အထင်မလွဲလိုက်ပါနဲ့ကလေးရယ်၊ ကလေးရဲ့ဘိုးလောက် ကလေးကိုချစ်တဲ့ဘိုးမျိုး လောကမှာမရှိတော့ဘူး..."

"ဟင့်..တွေ့လား၊ သူ့အစ်ကိုဘက်ပဲလိုက်ပြောတယ်.." မျက်စောင်းလေးထိုးရင်း မုန် စိတ်ထဲကဆိုသည်။ ပြီးမှ...

"ဘာချစ်လဲပြော၊ တစ်ချိန်လုံးမုန်ကိုပဲဟိုမသွားရ၊ ဒီမလာရ ဟိုဟာမလုပ်ရဘူး၊ ဒီဟာမလုပ်ရဘူးနဲ့ချုပ်ချယ်နေတာ ချစ်တာလား..."

"အဲဒါချစ်လို့ပေါ့ ကလေးရဲ့၊ မချစ်ရင် ဘယ်ဒီလိုပြောမလဲ..."

"မချစ်နဲ့၊ မချစ်တာဘဲကောင်းတယ်..."

"ဘိုးကိုဒီလိုမပြောရဘူးလေကွယ်..."

"ပြောမှာပဲ..."

"ဟား..ဟား..ဟား၊ ပြောပါဦး ခု ငါ့မြေးနဲ့ဘိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ပြန်ပြီလဲ…”

“မှန် ပေလီကိုသူငယ်ချင်းတွေနဲ့သွားချင်တယ်ဆိုတာ မလွှတ်ဘူးလေ၊ သူလည်းလိုက်မပို့ဘူး၊ ဒါတရားလား၊ ကျောင်းပြန်ဖွင့်တော့မယ်…

အလုပ်တွေခိုင်းလာတာ ကျောင်းပိတ်ကတည်းကပဲ၊ ဒီလောက်ခိုင်းထားတာ နည်းနည်းလေးတော့ပေးလည်သင့်တာပေါ့…”

“ဟင်း…မြေးလေးပြောတာလည်းဟုတ်တာပဲ၊ ဒါပေမဲ့ ဒီနှစ်က သမီးဘိုးမှာ တော်တော်အလုပ်များနေတာကွဲ့…

တစ်ခါ ဒီကိုပြောင်းလာတော့ သမီးနေရမယ့်သုံးထပ်ကို ဦးစားပေးပြီး သမီးဘိုးက ရှယ်ပြင်ခိုင်းတာကိုကြည့်ရတာက လည်းတစ်ဖက်၊ စိန်ရွှေရတနာဆိုင်တွေကတစ်ဖက်၊ စက်ရုံတွေကတစ်ဖက်နဲ့ဆိုတော့…

ကလေးရယ် ကလေးဘိုးလည်းအသက်ကြီးပြီမဟုတ်လား၊ သူ လုပ်နေရတဲ့အလုပ်တွေနဲ့ သူ့အသက်အရွယ်နဲ့က…”





“ဟင်…ဘိုးကဒီလောက်အသက်ကြီးရှိနေတာများ၊ မှန်နဲ့ပြေးရင် ဘိုးကတောင်နိုင်ဦးမှာ…”

“ကဲပါကွယ်…ဘွားလေးပြောပေးမယ်…”

“မရရင်တော့အကြောင်းတစ်ခုခုပြလိုက်မယ်နော် ဘွား”

“အေးပါကွယ်၊ ဘိုးကဒီနှစ်မှာတော်တော်အလုပ်များနေရှာလို့ပါ၊ ဒါကြောင့် သူ တောင်ခရီးမထွက်ဖြစ်တာကြည့်ပါလား သမီးရဲ့၊ နို့ဖြစ်ဆိုရင် သမီးတို့မြေးအဘိုးတွေ လျှောက်လည်နေကျပဲမဟုတ်လား…”

“ဘာပဲဖြစ်ဖြစ် မှန် ပေလီသွားချင်တယ်၊ သွားဆိုသွားမှာပဲနော်…”

“အေးပါအေးပါ ဘွားလေးပြောပေးပါ့မယ်၊ ကဲ…ကဲ ထ…ထ ဒီနေရာကြီးမှာမထိုင်ပါနဲ့၊ ဖိနပ်ချွတ်ကြီးမှာမကောင်းပါဘူး…”

“အိပ်ကိုပြလိုက်ဦးမှာ…”

“မလုပ်ပါနဲ့လာပါ ဘာပါ၊ ဘွားလေး ထမင်းဆား



www.burmeseclassic.com

www.burmeseclassic.com



သမီး ဘိုးကောစားပြီးပြီလားကွဲ…”

အိမ်ထဲဝင်လာရင်း ဒေါ်ခင်အုန်းဆိုသဖြင့် မှန်သည် ချစ်စရာ မျက်နှာလေးကိုမဲ့ထားလိုက်ရင်းက…

“သူ့ကိုမကျွေးဘူး၊ ဘွားလေးကို သမီးကိုယ်တိုင်ခူးကျွေးမယ်…”

“အေး‥အေး‥ဘွားလေး အဝတ်လဲပြီးလာခဲ့မယ်နော် သမီး…”

“ဟုတ်ကဲ့…”

မှန် မီးဖိုထဲတန်းဝင်သွားပြီး၊ ဟင်းတွေခူးကာ ဘွားလေး အတွက် ထမင်းပွဲပြင်ပေးလိုက်သည်။

မှန်၏လုပ်ပုံကိုင်ပုံလေးတွေသည် ကျွမ်းကျင်သူမို့ လွန်စွာ မြန်ဆန်၍သပ်ရပ်မှုရှိနေရ၏။

မှန်သည်။

ဂကယ်တော့ မှန်သည် အချက်အပြုတ်၊ အချုပ်အလုပ်၊ လား၊ သူ “တ်မှုစ၍ အိမ်မှုကိစ္စများအား အရွယ်နှင့်မလိုက်အောင်





အားလုံးလုပ်ကိုင်တတ်သူလေးပါတည်း။

မှန် ထိုသို့တတ်မြောက်နေခြင်းသည် အဘိုး၏ကျေးဇူး ကြောင့်ဆိုသည်ကိုဖြင့် မှန် မမေ့အဖြစ်သေးပါလေ…။

“ဟင်‥မှန်လေးကိုယ်တိုင် ထမင်းပွဲပြင်နေတာကိုး…”

“ရပါတယ် ဒေါ်သိန်း၊ မှန် လုပ်တတ်တာပဲလေ၊ ဒါ ဘွားလေးအုန်းအတွက်လေ၊ ပေလီသွားရအောင်လို့ကပ်ထား တာ…”

“အမယ်‥ဟင်း ဒီနှစ်မှာ မှန်အဘိုးကလည်း အလုပ်တွေ များနေတာ…”

“အလုပ်များတာများမလည်ဘူး၊ လူဆိုတာတစ်နှစ် တစ်ကြိမ်တော့ အနည်းဆုံးခရီးထွက်ရတယ်သိလား…”

“မမှန်…”

“ဟော‥ဘာလဲအဆေးလေး…”

“ဟိုးဘက်ကတိုက်ကြီးကပဟိန်းနေတာပဲ၊ လှတာလည်း အရမ်းပဲ၊ ခြံထဲမှာပန်းတွေစိုစိုလို့…”



www.burmeseclassic.com

www.burmeseclassic.com



"အမလေး··ငါ့အတိုးကိုငါကြည့်နေရတာနဲ့ ပတ်ဝန်းကျင် ဗဟုသုတတွေတောင် ငါမှာရှုံးပါးနေပြီ၊ နောက်မှပဲသွားကြည့် တော့မယ်ဟာ···"

စကားတွေဆိုရင်း ထမင်းပွဲအားလုံးဝိုင်းပြင်ပေး၍ ထမင်းပွဲ လည်းအပြီး၊ ဘွားလေးအုန်းလည်းရောက်လာ၏။

"ဘွားလေး စား၊ ဒီဂဏန်းပေါင်းက သမီးလက်ရာ···"

"ဟုတ်တယ် မမအုန်းရေ၊ ဒီဂဏန်းပေါင်းက မှန်လေးရဲ့ လက်ရာ၊ ဆရာကြီးက ထမင်းတောင်မစားဘဲ သူ့မြေးလက်ရာ ဂဏန်းပေါင်းတွေပဲစားချင်တယ်ဆိုလို့ သူ့ရုံးခန်းအထိပို့ပေးရတယ် လေ···"

ခေါ်သိန်းစကားကြောင့် ဘိုးကကြိုက်သည်ဆိုတော့လည်း မှန်သည် ကျေနပ်နေရလေ၏။ သို့သော်လည်း ပေလီကိုမသွားနိုင် ၍ နည်းနည်းမှမကျေနပ်···။

"ဘယ်လိုလဲ၊ ဘိုးအကြီးကကြိုက်တယ်ဆိုတာနဲ့···"

"မဆိုင်ပါဘူး၊ ပေလီသွားရအောင် ဘွားလေးပြော





ပဲ···"

"အေးပါ··စိတ်ချပါ···"

"ဘွားလေးပြောတာမအောင်မြင်ရင်တော့ အကြောင်းသိ ပ်နော်···"

"အေးပါ··အေးပါ၊ သိပါ··သိပါ···"

"ဟား··ဟား··ဒါမှတို့ဘွားလေးကွ၊ အသေးလေးရေ ယော့၊ မမမှန်ရဲ့သုံးထပ်ကို ဒီနေ့အပြတ်ရှင်းကြမယ်···"

"ဟုတ်ကဲ့ မမမှန်···"

မှန်နှင့်အသေးလေးတို့ အပေါ်ထပ်သို့ပြေးတက်သွားကြ ည်။

"အင်း··သမီးလေးလည်း တကယ်တော်တယ်လို့ပြောရ ် မသိန်း၊ သူ့ခမျာ သူ့အတိုးထားတဲ့စည်းကမ်းအောက်မှာပဲ နေရှာတာ···"

"ဟုတ်တယ် မမအုန်းရယ်၊ မှန်လေးခမျာကျောင်းဆို င်း၊ တခိုတ၊ အလုပ်ဆိုအလုပ်၊ သူ့အတိုးပြောသမျှကိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ သူ့အတိုးပုံသွင်းတဲ့အတိုင်းကိုရတာပဲချိုးကျူးစရာ…”

“အေး…အစ်ကိုကြီးက သူ့မြေးကိုမိန်းကလေးပီသအေ

ဆိုပြီး အိမ်အလုပ်တွေကိုတစ်စ်အောင်နိုင်းတာကတော့ဟု

ပါပြီ…

ဒါပေမဲ့ ဝတ်စားဆင်ယဉ်မှုက မိန်းကလေးတစ်ယော

လိုတော့မဝတ်နိုင်းဖြန်ဘူးလေ၊ သူ့မြေးကိုဆံပင်ခေါင်းပုံကအ

ယောကျ်ားလေးတစ်ယောက်လိုပဲ ထားထားတာကြည့်တော့

“အင်း…မမအုန်းရယ် ဒါလည်းပဲ ဆရာကြီးက သူ့ခံ

ချက်တွေရှိတာကိုး…”

“ဟင်း…”

ဒေါ်သိန်းဆိုတော့ ဒေါ်ခင်အုန်းသည် နှုတ်ဆိတ်သွား

ထမင်းသာဆက်စားနေလိုက်တော့၏။

ဒေါ်ခင်အုန်း၏ရင်ထဲမတော့ မိမိအစ်ကိုကြီးက ဘယ်

လုပ်လုပ်၊ လူဆိုတာသူ့အကြောင်းနှင့်သူလာကြတာချည်းပါပဲ

မှတ်ချက်ချနေဖြစ်ရပါ၏။





သို့သော်လည်း မြေးမလေးတစ်ယောက်ကိုပုံသွင်းယူနေ

ည်က သည်ကနေ့အချိန်ထိတော့ အစ်ကိုဖြစ်သူအတွက်…

ကျေနပ်စရာဖြစ်နေသည်ကိုလည်း ဒေါ်ခင်အုန်းသည်

ာက်ခံချီးမွမ်းနေဖြစ်ရပါသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- လေး -

ဟင်…

အဲ..လူကြီးတစ်ယောက်ပါလား…

သည်မနက်မှတိုက်တိုက်ဆိုင်ဆိုင် တစ်ဖက်တိုက်မှလှ ကျင့်ခန်းလုပ်နေသည့် မာန်၏နောက်ကျောအား မှန် မြင်တွေ့ လိုက်ရ၏။





ငါ ဒီလူကြီးဒီလိုလုပ်နေတာ အခါတိုင်းမမြင်ပါဘူး… ငါကပဲအိပ်ရာထစောလို့လား၊ ငါကပဲအိပ်ရာထနောက် ကျလို့လား…

ဒီနေ့မှဒီလူကြီးကို ငါ တွေ့မိတော့တယ်…

အဲ..ဒီလိုလည်းပြောလို့မဖြစ်သေးဘူး၊ ငါက ဒီတိုက်ကို ပြောင်းလာတာမှမကြာသေးဘဲ၊ ဟင်း..ဟင်း…

တွေးရင်း ကိုယ့်ဟာကိုယ် မှန် ရယ်မိသည်။

ကြည့်ရတာ ဒီလူကြီးကျန်းမာရေးတော်တော်လိုက်စားပုံပဲ၊ ကျန်းမာရေးလိုက်စားလို့ဖြစ်မယ်၊ လူကြီးကတကယ့်လူသန် ကြီးပဲ…

စက်နှင့်လမ်းလျှောက်လိုက်၊ ပြေးလိုက်လုပ်နေသည့် တစ်ဖက်တိုက်မှ မာန်၏နောက်ကျောဆီကြည့်ပြီး…

မှန်သည် အားပဲကျသလိုလို၊ ရယ်ပဲရယ်ချင်သလိုလို တစ်ကိုယ်တည်းဖြစ်နေရ၏။

မှန် နေသည့်သုံးထပ်နှင့်တစ်ဖက်မှ မာန် လေ့ကျင့်ခန်းလုပ်



www.burmeseclassic.com

www.burmeseclassic.com



နာသည့်ဆုံးထစ်က တညီတည်းရှိနေရသည်။

အင်း..ဟိုသက်ခြံကလည်း တကယ့်ဂရိတ်ပဲတော့၊ တိုက်ကြီးမှငါးထပ်တောင်၊ ဟီးနေတာပဲ…

အဲဒီလူကြီးက ဒီတိုက်ကြီးပိုင်ရှင်လားမသိဘူး…

ဒီနောက်ကျောကြီးပဲကြည့်နေရတယ်၊ နည်းနည်းသောက်လှည့်လာပါဦးလား၊ ဟင်း…

ဟော..ဟော..ဟိုလူကြီး ရေကူးခန်းလုပ်ရှိပြီးသွားပြီထင်တယ်၊ ဟိုလျှောက်ဒီလျှောက်နဲ့လုပ်နေတယ်…

ဟား..အဲဒီလူကြီးရဲ့တိုက်ကြီးထဲမှာ ကစားစရာတွေကအများကြီးပါပဲလား…

ဟယ်..တကယ့်ဘော့စ်ပဲတော်၊ ငါ့ကိုသာပေးကစားခိုင်းရင်တော့ ဟင်း..အားလုံးပျက်သွားစေရမယ်..ဟား..ဟား…

မှန်တွေးရင်း ကိုယ်လေးခါသွားသည်အထိ ရယ်ပစ်လိုက်သည်။

ကဲ ဒီလူကြီးရဲ့ကျောပဲကြည့်နေလို့တာမှဖြစ်မလာဘူး၊ ငါ





လည်းသူ့ကိုအအောရှုမ ရေကျောင်းခန်းဆင်းလုပ်ရမယ်…

ရေကျောင်းခန်းမှာရှိနေရင် ငါလည်းသူများတွေလိုကိုယ်လုံးကိုယ်ပေါက်လေးရလာမှာပဲ…

လုပ်မယ်..လုပ်မယ်၊ ကြီးကိုကြွပ်ကြွပ်နာနာလေး ပန်းခြံထဲမှာဆင်းခုန်မယ်…

စိတ်ထူးလေးနှင့်မှန်တစ်ယောက် အားကြီးမာန်တက်သုံးထပ်မှ ပြေးဆင်းခဲ့လိုက်လေ၏။

ပန်းခြံထဲသို့ မှန် တန်းပြီးဆင်းခဲ့သည်။

ခြံထဲရောက်သည်နှင့်မှန်သည် ကြီးယူပြီးတရှမ်းရှမ်းခုန်ပါတော့…။

ဘောင်းဘီတိုလေးနှင့်စပို့ရှပ်လက်ပြတ်ကလေးနှင့် ကြိုးခုန်နေသည့်မှန်အသွင်လေးမှာ တကယ့်ကလေးလေးအတိုင်းပါ။

မှန်တစ်ယောက် တစ်ဖက်ခြံထဲမှ မာန့်တို့အားမျှော်ပြီး ကြိုးတွေခင်းကြမ်းခုန်နေဆဲအချိန်၌…

တစ်ဖက်ခြံရှိ ငါးထပ်တိုက်ကြီးပေါ်မှ မာန်သည် ရေမိုးချိုး



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လဲပြီး ကုမ္ပဏီသို့သွားရန် အသင့်ဖြစ်နေဆဲ…

မာန်သည် ဘာရယ်မဟုတ် ပြတင်းတစ်ခုအနားသွား ရောက်ရပ်မိခိုက်…

တစ်ဖက်ခြံထဲမှကြိုးခုန်နေသည့် မှန်အား တွေ့မိသည်တွင် မာန်သည် မျက်မှောင်တွန့်ယောင်ယောင်…

သဘောကျမာန်ပြုံး ယောင်ဖြောင်နှင့်အတန်ကြာ စိုက်ကြည့်နေမိရလေ၏။

ငါးထပ်ပေါ်မှငုံ့ကြည့်နေရသည်မို့ သဲသဲကွဲကွဲတော့မမြင်၊ ကလေးတစ်ယောက်ရယ်သာအမြင်မှိုးနှင့်မာန်သည် နှစ်သက်ပြုံးနှင့်ကြည့်ဖြစ်ရသည်ပါ…။

သြော်…ဟိုဘက်တိုက်မှာ ကလေးလေးတစ်ယောက်ရှိနေတာကိုး…

တစ်ခါတစ်ခါ ကက်စက်တွေအကျယ်ကြီးဖွင့်တာ ဒီချာတိတ်လက်ချက်ပဲဖြစ်မယ်နဲ့တူတယ်၊ အဟွန်း…ဟွန်း…

ဘာရယ်မဟုတ်သလိုအတွေးနှင့်မာန်ရှိရင်း မာန်သည်





ပြတင်းမှခွာကာ ငါးထပ်မှဆင်းခဲ့လိုက်လေ၏။

မာန်သည် ခတ်လျှောကားနှင့်ဆင်းလာသည်မို့ ခတ်လျှောကားတံခါးပွင့်သည်နှင့် ဧည့်ခန်းသို့ရောက်လာ၏။

"သြော်…မာန် ကုမ္ပဏီသွားတော့မလားကွဲ…"

"ဟုတ်ကဲ့ ဦးသာ၊ ဒီနေ့ကုမ္ပဏီမှာအစည်းအဝေးရှိမယ်ဆိုတော့ ကျွန်တော် အပြန်နောက်ကျချင်ကျမယ်…

မနက်က မန်နေဂျာ ကျွန်တော့်ဆီဖုန်းဆက်ထားတယ်၊ ဒီနေ့ စက်မှုကညွှဲသည်ရောက်မယ်တဲ့…"

"ဟုတ်လား၊ ဒါဆို မာန် ခရီးထွက်ချင်ထွက်ရဦးမယ်နဲ့တူတယ်…"

"ပြောမတတ်သေးဘူး ဦးသာရေ၊ ကျွန်တော် ပြန်လာမှပဲ အတိအကျသိတော့မယ်…"

"အေး…အေး…သြော်…ဒါနဲ့ ပြောရဦးမယ်ကွဲ…"

"ဘာလဲ ဦးသာ…"

"ဟိုဘက်ခြံက ကလေးတစ်ယောက် သင်္ချိုမျိုးတွေလာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းရေလို့ကွဲ၊ အဲဒါ…”

ဦးသာစကားအတွက် ဆံပင်လေးတွေတဖွားဖွားနှင့် ကျိုးချန်နေသည့်ချာတိတ်လေးကို မာန် မြင်ယောင်လိုက်ရသေးသည်။

ပြီးမှ မာန်သည် တစ်ချက်မျှငြိမ်ငြိမ်ကလေးပြုံးဖြစ်လိုက်ပြီးမှ…

“ဦးသာ…”

“ပြော မာန်…”

“ပန်းပင်ပိုင်ရှင်ဆီမှာဒါရိုက်တောင်းပါလို့ အဲဒီချာတိတ်ကိုပြောလိုက် ဦးသာ…”

“အေး··အေး··ဒီတစ်ခါ သူ ထပ်တောင်းရင် ဦးသာ ပြောလိုက်မယ်ကွဲ့…

ဟိုဘက်ခြံက ကလေးမလေးကတော့ တကယ်ထက်ထက်မြက်မြက်နဲ့သွက်သွက်လက်လက်၊ ချက်ချက်ချာချာကလေး မာန်ရေ…”

“အဟုတ်း…”





ဦးသာစကားကို မာန်ပြုံးရင်း စားပွဲထက်မှကားသော့လေးယူကာ မာန်သည် တိုက်ထဲမှထွက်သွားလိုက်၏။

မာန်၏ထိုသို့သောအသွင်ငြိမ်ငြိမ်လေးကိုက အထင်ကြီးခင်မင်လေးစားစရာမို့…

ဦးသာသည် မာန်၏အလုပ်သမားတစ်ဦးဖြစ်ရသည်ကိုပင် ဘဝတွင်ကျေနပ်နေဖြစ်ရပါသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- ငါး -

"ဘွားလေးညာတယ်၊ ဘွားလေးညာတယ်၊ ဟိုနေ့က လည်း သူ့ကိုထမင်းရှုးကျွေးခဲ့ရသေးတယ်...

ဟီး..ဟီး..သူပြောတော့ ပေလီသွားဖို့ ဘိုးကိုရအောင် ပြောပေးမယ်ဆိုပြီး ဟီးဟီး...

အိမ်တစ်ဆောင်လုံး လူညာတွေချည်းပဲ၊ ဟီးဟီး ကတိ လည်းမတည်ဘူး၊ ဘယ်သူမှမကောင်းဘူး၊ ဟီး..ဟီး.. ဟီး..."

ဦးဘသောင်းသည် မြေးဖြစ်သူမှန်တစ်ယောက် အော်ကြီး





ဟစ်ကျယ်နှင့်ငိုယိုပြောဆိုနေသည့်စကားတွေကို ကြားသော် လည်း မကြားသလိုပင် လှမ်းကြည့်နေဖြစ်လေ၏။

ညှို့ခန်းထဲတွင် မှန်ငိုရင်းပြောရင်းနှင့် သတင်းစာတွေ၊ မဂ္ဂဇင်းစာအုပ်တွေကို ဆုတ်ပစ်ထားသည့်မှုမှုကျဲ၍နေတော့၏။

ဘယ်သူမှလည်းချော့မရ၊ ဘယ်သူ့စကားမှလည်းနားမ ထောင်တော့...။

မှန်သည် သဘောကောင်းသလောက် စိတ်လည်းကြီး သည်။

မှန်သည် ချစ်စရာကောင်းသလောက် မုန်းဆေးလည်းဖော် တတ်သည်။

"ဟီး..ဟီး..ဟီး ပေးသွား၊ ပေးသွားပါဆို၊ ပေးမသွား ရင်အကြောင်းမြလိုက်မယ်သိလား၊ ဟီး..ဟီး..."

ဟင်း...

ဦးဘသောင်းသည် မိမိမြေးထံကြည့်ပြီး ခေါင်းယမ်းရင်းမှ ခန်းဆီးစကိုဖိတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ကလေးကတော့ သွားချင်တဲ့ဆန္ဒတွေအသိ ဖျင်းပြနေရှာတယ်..."

"မဖြစ်သေးဘူး မအုန်းရဲ့၊ ငါ မအားတာလည်း နင် အသိပဲမဟုတ်လား...

ဒီတစ်နှစ်မသွားရင်လည်း နောက်တစ်နှစ်ကျရင် ငါ လိုက် ပို့မှာပေါ့၊ နင်ကိုက ကလေးကို ကတိပေးလွယ်တာကိုး....

နင်တို့ ကလေးကိုအလိုမလိုက်ပါနဲ့၊ ငါ တောင်းပန်ပါ တယ်၊ ဒီကလေးကို ဒီပုံစံရအောင် ငါ ဘယ်လောက်ကြိုးစား ထားရတယ်ဆိုတာ နင်လည်းအသိပဲ...

ဒါတောင်မှ ငါ့မြေးလေးအတွက် ငါ တစ်ခါမှစိတ်မအေးရ ရသေးဘူး..."

"အစ်ကိုကြီးရယ်၊ ဒီလောက်လည်းစိတ်မပူပါနဲ့၊ ဟိုတုန်း ကခေတ်နဲ့ခုခေတ်ကလေးတွေက နည်းနည်းမှမတူတော့ပါ ဘူး..."

"အေး..မတူဘူး၊ ဒါပေမဲ့ မိန်းကလေးဟာမိန်းကလေးပဲ





အုန်းရဲ့...

နင်လုပ်လို့ အခု သူ သောင်းကြမ်းနေပြီ၊ နင် အပြင် ထွက်နဲ့၊ နင့်ကိုမတွေ့စေနဲ့၊ နင့်ကိုတွေ့ရင် သူ ပိုပြီးသောက် ကြမ်းမယ်..."

ညီမဖြစ်သူကို ဦးဘသောင်းဆိုသည်။

ဒေါ်ခင်အုန်းမှာလည်း မှန်၏စိတ်ကိုသိ၍ အပြင်မထွက်ရဲ တော့သည်ကအမှန်ပါ...။

ဦးဘသောင်းသည်က မှန်၏အော်ဟာစ်ငိုသံအား တယော သံအလားမှတ်ကာ စားပွဲတွင်တင်ထိုင်ရင်း စက်ရုံမှထုတ်သည့် ချည်းအမျိုးအမည်နှင့်စာရင်းတွေကို တွက်ချက်စစ်ဆေးနေ လိုက်သည်။

မြေးချစ်ကလေးကို ဥပက္ခာပြုထားသော်လည်း ဦးဘ သောင်းစိတ်သည် မြေးကလေး၏ငိုသံလေးဆီ သတိထားဖြစ် နေ၏။

မိမိတွင် သမီးလေးယောက်ရှိခဲ့သော်လည်း ထိုမြေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းသာ မိမိ ပိုင်ဆိုင်ခဲ့ရ၏။

မှန်သည် မိမိ၏တစ်ဦးတည်းသောမြေးမလေးမို့ မိမိ၏ နှလုံးသည်းပွတ်ကလေးဟုဆိုက မှန်၏။

မိမိမြေးလေးသည် လွန်စွာချစ်စရာကောင်းပြီး လှပသည် ကို မိမိ သိသည်။

သိ၍လည်းပဲ မိမိမြေးလေးအား မိမိကိုယ်တိုင်လိုချင်သည် စံကိုအရသွင်းယူခဲ့၏။

မိမိမြေးလေးသည် ယခုဆယ့်ခြောက်နှစ်၊ ဆယ်တန်းအေ ထားပြီးဖြစ်သည်။

မကြာမီ မိမိမြေးလေးသည် တက္ကသိုလ်ကျောင်းသူကြီး ဖြစ်ပေတော့မည်။

မိမိ၏တစ်ဦးတည်းသောမြေးလေးအား မိမိ၏သမီးလေး ယောက်ကဲ့သို့အဖြစ်မျိုးတော့ အဖြစ်မခံလို၊ မဖြစ်စေလိုပါ…။

သည့်အတွက် မိမိမြေးအား မိမိအာယ်သို့ဆက်လက်ဆော ရွက်ရမည်ကို ဦးဘသောင်းသည် စဉ်းစားနေရ၏။





လုပ်ငန်းတွေများ၍ မအားလပ်သည့်ကြားမှ မိမိ၏တစ်ဦး တည်းသောမြေးကိစ္စကလည်း လွန်စွာအရေးပါနေရပါ၏။

မိမိကအသက်ကြီးလှပြီ၊ အလွန်ဆုံးမိမိနေရလှ နောက် ဆယ်နှစ်…။

မိမိမြေးလေးက ဆယ့်ခြောက်နှစ်…။

စဉ်းစားထားသည်။

လာမည့်ငါးနှစ်အတွင်း မိမိမြေးလေးအတွက် စိတ်ချရဆုံး ဖြစ်အောင် မိမိ စီစဉ်သွားရမည်ဟု…။

အလုပ်ခန်းထဲ ဦးဘသောင်းတစ်ယောက် စဉ်းစားနေဆဲ၊ တခိုးခိုးအသံကြောင့် နေရာမှထကြည့်ဖြစ်ရသည်။

မှန်တစ်ယောက် ဧည့်ခန်းထဲ၌မြင်မကောင်းအောင် စက္ကူ စာမျိုးထဲပတ်ပြေးနေသည်ကို ဦးဘသောင်း တွေ့ရ၏။

ကြည့်နေဆဲပင် မှန်သည် ဧည့်ခန်းထဲမှခြေသံကြမ်းကြမ်း ဖြင့် လှေကားဆီသို့ပြေးတက်သွားလိုက်သည်ကို တွေ့လိုက်ရ၏။

မှန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည် မိမိ၏သုံးထပ်သို့တဒုန်းဒုန်းပြေးတက်ခဲ့ပြီး အိမ်တွင်ရှိသမျှ တီဗီနှင့်ကက်စက်တွေကို သံကုန်ဖွင့်ပစ်လိုက်ပါတော့၏။

ဟား··ဒုက္ခပါပဲ၊ ဆူညံလိုက်တာ···

ဝက်ဝက်ကွဲမြည်နေသည့်အသံမျိုးစုံကြောင့် တစ်ဖက်တိုက်မှ မာန်ကား မျက်နှာကိုရှုံ့မဲ့ကာ နေရာမှထခဲ့ပြီးတစ်ဖက်တိုက်သို့ လှမ်းကြည့်ဖြစ်လိုက်ရ၏။

အသံဗလံတွေကြောင့် တိုက်ကြီးပင်ကွဲထွက်တော့မည့် လူရိပ်လူရောင်ကိုကလုံးဝမမြင်···။

မာန်သည် လေးထပ်မှအောက်သို့ဆင်းခဲ့လိုက်ပြီး၊ ဦးသာကို လိုက်ရှာလိုက်သည်။

"ဦးသာ ကြားတယ်မဟုတ်လား၊ နားငြီးလိုက်တာဗျာ"

"အင်း··ဒါ ဟိုကလေးလက်ချက်ပဲဖြစ်မယ် မာန်ရေ"

"သူတို့ဆုံးမ မနိုင်တော့ဘူးလား၊ ဆုံးမမနိုင်လဲဒီဘက်ပို့လိုက်၊ ဒီကဆုံးမပေးလိုက်မယ်···





ဘယ့်နှဲ့ဗျာ ပတ်ဝန်းကျင်လည်းအားနာရမှန်းမသိဘူး၊ သူတို့မှီနေနိုင်တယ်···"

သည်ဘက်တိုက်မှ မာန်တစ်ယောက် ဘယ်လိုပင်ပြောပြော တစ်ဖက်တိုက်မှ မှန်ကား သူမ၏မကျေနပ်စိတ်အားထွက်ပေါက် ပေးနေရသည်ပါ···။

"ဟူး··အလုပ်ကပင်ပန်းရတဲ့ကြားထဲ အိမ်နားနီးချင်းကထပ်ပြီးဒုက္ခပေးနေပြန်ပြီ···"

"ဘယ်လိုလုပ်မလဲ မာန်၊ ဦးသာ သွားပြောပေးရမလား"

"ဟင်း··အလိုက်မသိတာတွေ ပြောမနေပါနဲ့တော့ဗျာ"

သူဆိုတော့ သဘောကောင်းသည့်သူ့စိတ်ကိုသိ၍ ဦးသာပြုံး၏။

"သြော်··ဒါနဲ့ မာန်၊ မာန် ခရီးထွက်မှာဘယ်တော့လဲ··"

"တနင်္ဂနွေညလောက်ထွက်သွားမယ်···"

"ဘယ်သူကားမောင်းမလဲ မာန်···"

"ကုမ္ပဏီက ကားမောင်းသမားတစ်ယောက်တော့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်၊ ကျွန်တော့်ကားကိုတော့ ကျွန်တော်ပဲမောင်းမယ်...

ကားမောင်းသမားတစ်ယောက်အပိုခေါ်တာက လိုရမယ် ရပါ..."

"အင်း..ခေါ်သင့်ပါတယ်၊ ဒါနဲ့ဟိုတစ်ပတ်တနင်္ဂနွေနေ့က ဒေါက်တာ ဇော်ကိုလည်းမလာဖြစ်ပါလား..."

"ဟုတ်တယ်၊ သူလာမယ့်ဆဲဆဲ သူ့ယောက္ခမအရေးပေါ် ဖြစ်လို့ သူ သွားလိုက်ရတာနဲ့မလာဖြစ်ကြောင်း သူ ဖုန်းဆက် တယ်...

ဒါပေမဲ့ အခုတစ်ပတ်တော့ သူ လာမယ်၊ သူလည်းပေလီ လိုက်မလားမသိဘူး..."

မာန်တစ်ယောက် စကားသာပြောနေရသည်။ ဆူညံသံရှိ သည့်တစ်ဖက်တိုက်ဆီသို့သာ စိတ်ကရောက်နေရ၏။

ဒီအသံတွေဘယ်တော့ပျောက်မလဲဟုမျှော်လင့်ဆဲ ရုတ် ချည်းအသံတွေ ပျောက်သွားရ၏။

"အား..အား..အား..."





အသံဗလံတွေပျောက်သွား၍ နားအေးမည်မှမကျန်၊ အော်သံ စူးစူးဝါးဝါးလေးကိုကြားလိုက်ရပြန်၍ မာန်သည် ...င်းမှသွား ရောက်ရပ်ကြည့်မြဲထစ်လိုက်ရ၏။

အော်သံကိုတော့ ကြားနေရသည်။ လူကိုတော့မတွေ့... ဟူး...

မာန်သည် လေးပြင်းကိုမှုတ်ထုတ်ပြီး စိတ်ပျက်သလိုခေါင်း ...ရင်းမှ ခြံထဲသို့ဆင်းသွားလိုက်ပါတော့၏။

ဦးသာကား မာန်၏နောက်နောဆီသို့ ပြုံးကြည့်ကျန်ရစ်ခဲ့ ...၏။



www.burmeseclassic.com

www.burmeseclassic.com



- ခြောက် -

တီး…တီး…

အမေ့…

တစ်ဖက်ခြမ်းမှကားဟွန်းသံကြောင့် မျက်နှာလေးစူမှုန်

သည့် မှန်တစ်ယောက် လန့်သွားရသည်။

တစ်ဆက်တည်းလည်း မီမီလန့်အောင်ပင် ကားဟွန်းတီး

ရပါ့မလားဟူသောအကြည့်နှင့် တစ်ဖက်ခြမ်းသို့ မှန် လှမ်းကြည့်

လိုက်၏။

"သူငယ်ချင်းရေ မာန်…"

"အဲ…မှန်တဲ့၊ ငါ့နာမည်မျိုးပဲ…"





မီမီနာမည်နှင့်တွေနေ၍ စိတ်ဝင်စားပြီး မှန် ဝိုး၍စပ်စုကြည့်

မြင်ရသည်။

မြစည်းရိုးဝေ အရုပ်တံခိုင်းကြီး။ အရုပ်တံခိုင်းပေမယ့်

အုတ် ကျွက်အပေါက်လေးတွေဖောက်ထား၍ တစ်ဖက်ခြမ်းသို့

မှန် ကောင်းစွာမြင်တွေ့ရ၏။

"ဟော့…ဇော်ကို လာ သူငယ်ချင်း…"

အောင်မြင်ကြည်လင်သည့်အသံနှင့်အတူ တိုက်ကြီးထဲမှ

ထွက်လာသည့် လူတစ်ယောက်၏နောက်ကျောမြင့်မြင့်ကြီးကို

မှန် တွေ့လိုက်ရ၏။

ဒီနောက်ကျောအ ရှေ့တျင့်ခန်းလုပ်နေတဲ့နောက်ကျော

ကြီးပဲဖြစ်မယ်…

ငါနှယ် ဒီလူ့ကိုနောက်ကျောကြီးပဲမြင်နေရတော့တာပဲ…

ဒါပေမဲ့ လူကြီးကချောမယ့်ပုံပါပဲ…

နောက်ကျောကြီးကိုတွေ့၍ မှန် တွေးဖြစ်လိုက်သေးသည်။

"မာန်…မင်းညှော့သည်တွေနဲ့ပေလီသွားဖို့…"



www.burmeseclassic.com

www.burmeseclassic.com



အဲ..ပေလီတဲ့...

ပေလီဆို၍ မုန် စိတ်ဝင်စားသွားသည်။

"အေးလေ..ဒီညပဲသွားမယ်၊ မင်း လိုက်မလား၊ မင်း လိုက်မယ်ဆိုရင် ကားနှစ်စီးသွားမယ်၊ မင်းနဲ့ငါနဲ့တစ်စီးသွားမယ်..."

"ဧည့်သည်တွေကရော..."

"ဧည့်သည်တွေကနောက်တစ်စီးပေါ့..."

"ဘယ်လောက်ကြာမလဲ၊ ကိုယ်လိုက်ချင်တယ်..."

"အသွားအပြန်တစ်ပတ်ပေါ့ကွာ..."

"ဧည့်သည်ကဘယ်နှစ်ယောက်လဲ..."

"သုံးယောက်၊ ဘန်ဂလိုတောင် ကိုယ် နှစ်လုံးကြိုတင်ငှားထားလိုက်ပြီ..."

"ဟုတ်လား..အေးကွာ ကိုယ်လည်းလိုက်မယ်..."

"မင်းမိန်းမကပြစ်ရဲ့လားဗျာ..."

"ဖြစ်ပါတယ်၊ မင်းနဲ့ဆို..."





"ပြီးရော..."

"ဘယ်အချိန်သွားမလဲ မုန်..."

"ဒီတနေ့ ညခြောက်နာရီ ခြောက်နာရီခွဲလောက်ထွက်ကြမယ်၊ ဧည့်သည်တွေညစာစားပြီးမှသွားမယ်လေ..."

"ဧည့်သည်တွေကို မင်းကိုယ်တိုင် ထမင်းလိုက်ကျွေးမှာလား..."

"ဟင်အင်း..မန်နေဂျာတွေရှိပါတယ်၊ သွားတော့မယ်ဆိုမှ ကိုယ်ကအိမ်ကထွက်မယ်၊ သူတို့တည်းတဲ့ဟိုတယ်ကိုသွားပြီး ခေါ်ရိုက်သွားကြမယ်...

မင်းလိုက်မယ်ဆိုရင် မင်းမိန်းမကို အခုကတည်းက အကြောင်းကြားထားလိုက်တော့၊ အချိန်ကဘာမှရှိတော့တာ မဟုတ်ဘူး..."

"ကိုယ် အိမ်ပြန်လိုက်ဦးမယ်လေ၊ အဝတ်တွေယူဦးမယ်"

"ကဲကွာ၊ မင်း ဒါဆိုလည်းအခုပဲသွားပြီးပြင်ဆင်တော့"

"မဟန် မင်းလည်းလိုက်ခဲ့ကွာ၊ ဒါမှ ငါ့မိန်းမကို ငါ ပြောလို့

www.burmeseclassic.com



ကောင်းမှာ…"

"အဟွန်း…ဟွန်း…"

တစ်ဖက်မှစကားသံတွေကိုနားထောင်ရင်း မှန်သည်လည်း နှုတ်ခမ်းလေးဖွဖွကိုက်ကာ အကြံထုတ်နေဖြစ်၏။

သူကို့သွားမှာ ဒီညခြောက်နာရီတဲ့…

ဟင့်…ဘာပဲဖြစ်ဖြစ် ငါ လိုက်သွားမယ်၊ ဘိုး စိတ်ပူနေပါစေ၊ အဲဒါမှမှတ်မယ်…

ငါ လိုက်သွားလည်းဘာမှမဖြစ်ဘူး၊ ငါတို့က ခြံနားနီးချင်းတွေပဲ…

ပြီးတော့ သိပ်လည်းမကြာဘူးတဲ့၊ ကောင်းတယ်… ကောင်းတယ် ငါ လိုက်သွားမယ်…

ဘာမှစိတ်မချစရာအကြောင်းမရှိဘူး၊ ဘာမှလည်း ကြောက်စရာမရှိဘူး…

လူကြီးတွေကလူရည်သန့်ကြီးတွေ၊ သဘောကောင်း ရုပ်ကြီးတွေပေါ်နေတယ်…





အင်း…ငါ လိုက်မယ်ဆိုတော့၊ ငါ အကြံထုတ်ရဦးမယ်…

ဟုတ်ပြီ၊ ငါ့ကျောပိုးအိတ်ကို ဟိုဘက်ခြံထဲအရင်ပစ်ချထားမယ်…

ငါက ငါ့ခြံထဲကခပ်တည်တည်[illegible]ကပ်ပြီး ဟိုဘက်ခြံထဲ ခပ်တည်တည်နဲ့ဝင်သွားပြီး အလှစ်မှာ[illegible]လိုက်မယ်၊ ဟား…ဟား…ဟား…

ကိုယ့်အစီအစဉ်နှင့်ကိုယ် သဘောကျ[illegible] မှန် ရယ်သည်။

သည့်နောက် မှန်သည် နောက်ဖေးပေါက်မှ[illegible]အိမ်ထဲသို့ပြေး ဝင်ခဲ့လိုက်လေ၏။

လောလောဆယ်အိမ်တွင် ဘိုးရောဘွားလေးပါမရှိ။ ပြန် မရောက်သေး…။

အခွင့်အရေးပဲ၊ ဟား…ဟား…မှတ်သွားအောင်အိမ်က လူတွေကို အကြောင်းပြလိုက်မယ်…

မျက်လုံးပြူးနေကြပစေ၊ ဟိ…ဟိ ပေလီသွားရတော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလိုက်တာ…

အိမ်ခန်းထဲအရောက်၌ မှန်တစ်ယောက် ပျော်ရွှင်မြူးကြွစွာ ခုန်ပေါက်နေတော့သည်။

ပြီးတော့ကျောပိုးအိတ်ထဲ မှ အဝတ်အသုံးလေးနဲ့ထည့်လိုက်သည်။

ပေလီမှာရေကူးမှာဆိုတော့ ရေကူးဝတ်စုံလိုသေးတယ်…

ကားပိုင်ရှင်မတွေ့ခင် စားဖို့မုန့်လည်းထည့်ရဦးမယ်…

စဉ်းစားရင်းစဉ်းစားရင်း လိုအပ်တာလေးတွေကို မှန် တစ်ခုပြီးတစ်ခု ထည့်နေတော့သည်။

မျက်နှာမငယ်အောင်၊ သူများအထင်မသေးအောင် ပိုက်ဆံလည်းလုံလုံလောက်လောက်ကလေး ထည့်သွားရမယ်…

အဲ ဟုတ်ပြီပြည့်စုံပြီ၊ အခြေအနေကြည့်ပြီးလုပ်ငန်းစရမယ်

မှန် တွေးရင်း၊ အဝတ်တွေထည့်ပြီးသည်နှင့် ပြတင်းသို့ပြေးသွားပြီး တစ်ဖက်ခြံသို့ မှန် ကြည့်လိုက်သည်။

တစ်ဖက်ခြံမှကားလေးနှစ်စီး မောင်းထွက်သွားသည်ကို





မှန် တွေ့လိုက်ရ၏။

အင်း‥သူတို့တွေလည်းလှုပ်ရှားနေပြီ၊ ငါလည်းလှုပ်ရှားရမယ်…

မှန်ဆိုရင်း နာရီဆီတစ်ချက်ကြည့်လိုက်သည်။

ညနေငါးနာရီခွဲတော့မည်ဖြစ်၍ မှန်ကား သွက်သွက်လေးလှုပ်ရှားနေဖြစ်ရပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



– ခုနစ် –

မာန် မောင်းနှင်နေသောလန်ခ္ဂုဆာကားဆောင် ငွေရောင်လေးကား ရန်ကုန်ပြည်သွားလမ်းမကြီးပေါ်၌ ပြေးနှင်နေသောပြီဖြစ်၏။

ရန်ကုန်ရေိယာထဲမှထွက်ပြီမို့ ကားကမောင်း၍ကောင်းလာသည်။

ညအချိန်မောင်းနှင်ရသည်မို့လည်း လမ်းကရှင်း၍အေးဆေးစွာမောင်းရသည်။

ရှေ့မှညှိသည့်ကားကို မောင်းနှင်စေပြီး၊ နောက်မှ မာန့်နှင့်ဒေါက်တာ ဇော်ကိုတို့သူငယ်ချင်းနှစ်ယောက်မှာ အေးဆေးစွာ





စကားတွေပြောရင်း မောင်းနှင်ခဲ့၏။

"မာန်…"

"ဟင်…"

"မင်းကို ကိုယ်ပြောမယ် ..ပြောမယ်နဲ့တစ်ချက်မှ အေးအေးဆေးဆေးမတွေ့သေးလို့ မပြောဖြစ်ခဲ့ဘူး…"

"ဘာကိစ္စလဲပြောလေ…"

"မင်းအတွက် အိမ်ထောင်ရေးကိစ္စ…"

"အဟွန်း ..ဟွန်း၊ လုပ်ပြီး မင်းကတော့…"

"မရယ်နဲ့ ကိုယ် အတည်ပြောတာ…"

"တော်ပါတော့…"

"အေး ..မင်း ခုတော့ပြောထားပေါ့၊ နောက်မှပြောတာ နောက်ကျလေခြင်းလို့ ငါ့ကို မင်း အပြစ်မတင်နဲ့…

အခု ငါတို့ဆေးရုံမှာအသစ်ပြောင်းလာတဲ့ ဆရာဝန်မလေးတွေကကယ်ချောတာမျာ…"

"တော်ပြီ…"



www.burmeseclassic.com

"မတော်နဲ့ ကိုယ်ကတော့ အဲဒီထဲမှာ မင်းအတွက်တစ်ယောက်တော့ရွေးချယ်ထားတယ်..."

"အဟွန်း..ဟွန်း..."

"ရုပ်ရည်လည်းမဆိုးဘူး၊ ကိုယ်လုံးကိုယ်ပေါက်လည်း တောင့်တယ်၊ အရည်အချင်းလည်းရှိတယ်...

သူ့နာမည်က ဒေါက်တာ ဥမ္မာညိုတဲ့..."

"အဟုတ်..နာမည်ကိုတော့ စိတ်ဝင်စားမိပြီဗျာ..."

"ဟား..ဟား..ဟား..ငါ ပြောတယ်မဟုတ်လား မာန်၊ မင်း စိတ်ဝင်ကိုဝင်စားရမယ်လို့...

ကိုယ် တကယ်ပြောတာ မာန်၊ ဥမ္မာညိုနဲ့မင်းနဲ့ဆို တကယ် ရွှေသွားနောက်လိုက်လည်းညီတယ်...

တစ်နေ့လောက် ဥမ္မာညိုနဲ့မာန်နဲ့တွေ့ဖို့အတွက် ကိုယ် ဒိတ်လုပ်လိုက်မယ်လေ၊ ဘယ်လိုလဲ..."

"ဟာ..အဲဒါတော့မဖြစ်ဘူးဗျာ၊ ကိုယ် သဘောမကျဘူး..."





"မင်းတွေ့မှ ဒီစကားပြောစမ်းပါ မာန်ရာ..."

"မလုပ်နဲ့ ကိုယ် စိတ်မဝင်စားဘူး..."

"မဟုတ်ဘူး၊ မင်း ကြည့်ကြည့်ပါဦး..."

"မလုပ်ပါနဲ့ကွာ..."

"မင်း ဘာပြောပြော ကိုယ်တော့ဒိတ်လုပ်လိုက်မယ်၊ ဒီနေ့ကို မင်းလာကိုလာရမယ်...

ဥမ္မာညိုကို မင်းတွေ့ပြီးမှ၊ အကဲခတ်ပြီးမှပြော..."

"အဟွန်း..ခဲရင်းတာလိုက်လို့ဗျာ၊ အပျိုတစ်ယောက်ကို ကြည့်ဖို့များ ဗိုက်ခံပေးရတာမှမဟုတ်ဘဲ၊ ကြည့်ဆိုကြည့်တာပေါ့..."

သူငယ်ချင်းနှစ်ယောက် ပြောချင်ရာတွေပြောနေသမျှ... ကားနောက်ထိုင်ခုံနှင့်အဝတ်အိတ်တွေကြား၌ မှန်ကား တစ်ကိုယ်တည်းကြိတ်၍ ရယ်နေဖြစ်၏။

မာန်ဆိုသည့်လူကြီး၏မျက်နှာကို တစ်ခါမှမမြင်ဖူးသေး၍ မှန်သည် နောက်ကြည့်မှတစ်ဆင့်ခိုးကြည့်ရန် ကြိုးစားနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

မှန်သည် ထိုင်ခုံနောက်ကွယ်မှအသာလေးထကာ နောက်ကြည့်မှန်ထဲမှမာန်၏မျက်နှာကို ရှာဖွေကြည့်သည်။

ရဲရဲမကြည့်ရ၍ မျက်ခုံးနှင့်မျက်လုံးအထိသာ မှန် မြင်တွေ့ရသည်။

အဲ..မျက်ခုံးနဲ့မျက်လုံးကြီးကတော့ ခပ်ကောင်းကောင်းပဲ။ ဒီပုံဆိုရင်ချောမယ့်ပုံပဲ...

ဒေါက်တာ ဥမ္မာညိုနဲ့တော့လိုက်မယ့်ပုံပါ...

နောက်တွင် မှန်တစ်ယောက် ချိုချဉ်ထုတ်တွေ၊ အချိုရည်ဗူးတွေ၊ ကိတ်မုန့်နှင့်ဘီစကစ်မုန့်ထုတ်တွေကြားထဲမှ စားရင်းသောက်ရင်း ရှေ့မှစကားတွေနားထောင်ရင်း...

ကားမောင်းနေသည့် မာန်၏မျက်နှာကိုမြင်ရရန် ကြိုးစားရင်းဖြင့် ပျော်လည်းပျော်၊ သည်းထိတ်ရင်ဖိုလည်းဖြစ်ရနှင့်ရှိနေရ၏။

"မာန် အပြောမကြီးနဲ့နော်၊ ဥမ္မာညိုကို မင်း တွေ့မှကြွေ





သွားမယ်..."

"အဟတ်..ဟား၊ ကိုယ်ကြွေမှာမဟုတ်ဘူး၊ သူကြွေမှာ"

"ဟား..ဟား..ဟား..."

သူငယ်ချင်းနှစ်ယောက်ပြောရင်း ဝါးခနဲရယ်ဖြစ်ကြသည်။

မာန်သည် ရယ်ရင်းမှနောက်ကြည့်မှန်ထဲမှတစ်ဆင့် နောက်ဘားဆီတစ်ချက်အကြည့်...

မာန်သည် မျက်မှောင်တစ်ချက်တွန့်သွားရသည်။

စိတ်ထဲမလည်း ဘာလိုလိုတစ်မျိုးဖြစ်သွားရသည်။

ကားမောင်းဆဲ မာန်သည် နောက်ကြည့်မှန်ထဲသေချာကြည့်မိရပြန်သည်။

ပြီးတော့ ဘာရယ်မဟုတ်တော့သလိုနှင့် မာန် နေလိုက်၏။

"မာန်..."

"ဟင်..."

"မင်းလည်းဒီလောက်ကမ္ဘာပတ်နေတာပဲကွာ၊ မင်း နှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်တဲ့အမျိုးသမီးတစ်ယောက်တောင် မင်း ရှာမတွေ့ဘူးလား

"ရှာဖို့မပြောနဲ့ ကြည့်ကိုမကြည့်တာ..."

"လွန်တယ်..."

"မလွန်ပါဘူးလေ၊ ကိုယ်မှစိတ်မဝင်စားဘဲ..."

"နေရာချင်းမဲလဲလိုက်ချင်တော့တယ်..."

"အပွန်း ခုခေတ်အမျိုးသမီးတွေက ကဲကိုကဲတာ ကိုယ့်

စိတ်ပျက်တယ်၊ ယောကျ်ားက မ,စရဘူး၊ သူတို့ကချည်းပဲ..."

"အဲလိုမိန်းမက စ,ရတဲ့အကျင့်ဟာ အနောက်တိုင်းကမ်

ကလေးတွေရဲ့အကျင့်ဗျာ..."

"အခု ကိုယ်တို့နိုင်ငံအထိ ကူးစက်နေပြီ၊ ကိုယ် တကယ်

မုန်းတာ...

ဘာပဲပြောပြော ကိုယ်ကတော့ ကိုယ်ကြိုက်တဲ့မိန်းမတွေ

ရင် ကိုယ်ကပဲစရမှ၊ ဒါမှသဘာဝကျတာ...

အမျိုးသမီးကဘယ်လောက်ပဲစစ၊ ကိုယ် မကြိုက်ရင်

ဒီမိန်းကလေးပဲအရှုံးဖြစ်ဖို့...





ဒါပေမဲ့ အနောက်တိုင်းမှာလည်း တကယ်နှစ်သက်စရာ

ကောင်းတဲ့အမျိုးသမီးတွေလည်းရှိပါတယ်လေ...

သိမ်းကြုံးပြောလို့တော့မဖြစ်ဘူး၊ ကိုယ့်တွေ့ဖူးတဲ့အမျိုး

သမီးသုံးလေးယောက်တော့ရှိတယ်...

နိုင်ငံခြားသူဖြစ်လျှက်နဲ့ ကာလပ်မသွားဘူး၊ ဘီယာ

မသောက်ဘူး၊ စီးကရက်မသောက်ဘူး...

အလုပ်သွားစရာရှိတာသွားပြီး အိမ်ထဲပဲနေတယ်၊ အဲဒါမျိုး

ကျတော့အရမ်းရှားတယ်..."

"ဒါဆိုအဲဒီအမျိုးသမီးတွေကို မာန် မနှစ်သက်ခဲ့ဘူးလား၊

မစ,ခဲ့ဘူးလား..."

"နှစ်တော့နှစ်သက်မိတယ်၊ ဒါပေမဲ့ မစခဲ့ဘူး..."

"ဘာကြောင့်..."

"သူတို့ကနိုင်ငံခြားသူဖြစ်နေလို့၊ ကိုယ်ကမှပဲမှာမနေနိုင်

ဘဲ..."

"မာန် မနေနိုင်လည်း သူတို့ဒီမှာနေမှာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



"အသွေးအသွေးချင်းမတူညီတာ ရေရှည်တော့မဖြစ်ပါဘူ
ဗျာ..."

မာန်တစ်ယောက် စကားတွေဆိုဆဲမှ နောက်ကြည့်မှန်ဆီ
သေချာစိုက်ကြည့်မိလိုက်ပြန်သည်။

"ဘာကြည့်တာလဲ မာန်..."

"အင်း..ဘာမှမဟုတ်ပါဘူး..."

မျက်မှောင်တွန့်ရင်း မာန် ဆိုသည်။

စိတ်ထဲမတော့ မှန်ထဲမှမျက်လုံးတောက်တောက်ဒေ
တစ်စုံလိုလိုမြင်တွေ့မိလေသလားဟု မာန် ထင်မိ၏။

သို့သော်လည်း မဖြစ်နိုင်သည့်ကိစ္စမို့ စိတ်ထဲဘာရယ်
မဟုတ်ပြီးစီးသွား၏။

ပြီးတော့ သူငယ်ချင်းနှစ်ယောက် စကားတွေဆက်ပြေ
ပြန်သည်။

"မာန်..."

"ဟင်..."





"ဦးမှာညို့က မာန့်ထက်တော့အသက်မငယ်နိုင်ဘူး၊ အတူ
တူပဲဖြစ်မယ်၊ မင်း ပြောစမ်း၊ မင်း ထက်ငယ်တာကြိုက်လား၊
မင်းထက်ကြီးတာကြိုက်လား၊ ဒါမှမဟုတ်ရွယ်တူကြိုက်
လား..."

"ဘာမှမကြိုက်ဘူး..."

"တော်တော်ဂလန့်လုပ်တဲ့လူပဲ..."

"ရှုတ်..ရှုတ်..ရှုတ်..."

"ဟင်..."

သူငယ်ချင်းနှစ်ယောက်စကားဆိုဆဲ တရှုတ်ရှုတ်မြည်သံ
ကြောင့် သူငယ်ချင်းနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်မိကြသည်။

"ဘာသံလဲကွ..."

"မသိဘူးလေ..."

"တစ်ယောက်ယောက်က တစ်ခုခုဝါးစားတဲ့အသံမျိုး
ပဲကွ၊ မင်း ဘာဝါးလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဝါးရမလဲ၊ ခင်ဗျားဘာစားလဲလို့တောင် ကိုယ်က ကြည့်နေတာ…

ကိုယ်လည်း ဘာမှမဝါးပါဘူး၊ ဒါဖြင့် မာန် မင်းကားကို နည်းနည်းဆင်းကြည့်ဦးကွ…"

"ကားမှာ ဒီအသံမျိုးတစ်ခါမှမမြည်တတ်ပါဘူးဗျာ…"

"သိနိုင်လားကွာ၊ စစ်ဆေးလိုက်တော့ကောင်းတာပေါ့"

ပြောတော့လည်းဘာရယ်မဟုတ်၊ ကြည့်တာကောင်းပါတယ်လေဟူသောသဘောနှင့် မာန်သည် လမ်းဘေးတွင်ကားကို ထိုးရပ်လိုက်ပြီး ကားပေါ်မှဆင်းလိုက်ကြသည်။

"ဟား…ဟား ရယ်ချင်လိုက်တာ…"

ကားပေါ်တွင်ကျန်ခဲ့သည့်မုန်ကား တစ်ကိုယ်တည်း ကြိတ်၍ ရယ်နေဖြစ်၏။

သတိလက်လွတ် ကိတ်ခြောက်မုန့်ကိုဝါးလိုက်မိ၍ သူငယ်ချင်းနှစ်ယောက်အတွက် ပြဿနာကဖြစ်သွားရသည်မဟုတ်ပါလား…။





ကားပေါ်မှဆင်းပြီး ကားဖုံးတွေဖွင့်ကြည့်၊ ကားအောက်ငုံ့ကြည့်နှင့်သူငယ်ချင်းနှစ်ယောက်အလုပ်တွေရှုပ်နေသည်ကို ကြည့်ကာရယ်ရင်း…

တော်တော်အတဲ့လူကြီးနှစ်ယောက်ပဲဟု မုန် စိတ်ထဲမှဆို နေဖြစ်ရ၏။

"ကိုယ့်ကားကဘာမှမဖြစ်ပါဘူးကွာ၊ မောင်းလို့လည်း ကောင်းနေတာပဲ…"

"ဆင်းကြည့်လိုက်တော့လည်း ဘာမှမဖြစ်ပါဘူးကွာ"

သူငယ်ချင်းနှစ်ယောက်ဆိုရင်း ကားပေါ်တက်ပြီး နေရာမှ ပြန်မောင်းခဲ့သည်။

တော်ပြီတော်ပြီ ငါလည်းအိပ်တော့မယ်၊ တော်ကြာ ငါ့ကို တွေ့သွားလို့ လမ်းခုလပ်တင်နှင်ချထားခဲ့ဦးမယ်…

တစ်ကိုယ်တည်းတွေးရင်း ပစ္စည်းတွေနှင့်လုံးထွေးပြီး မုန် အိပ်လိုက်တော့သည်။

"ဒါနဲ့ မာန်၊ ပြည်မှာရောဘန်ဂလိုငှားပြီးပြီလား…"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..ညွှန်သည်ပါတော့ အားလုံးကြိုပြီးစီစဉ်ထားတာ ပေါ့၊ ပေလီအထိ ဘန်ဂလိုမှာထားပြီးပြီ..."

"ခုဆို ပေလီမှာလူကတော့ရှင်းနေလောက်ပြီ..."

"အင်းပေါ့၊ မိုးရွာစပြုပြီဆိုတော့ ပေလီမှာလူရှင်းပြီ၊ ကိုယ်တော့လူရှုပ်တာမကြိုက်ဘူး၊ ဒီလိုအချိန်သွားတာပဲကြိုက် တယ်...

ဒီလိုအချိန် ကိုယ် တစ်ခေါက်သွားဖူးတယ်၊ မျက်စိရှင်းနား ရှင်းပြီး အေးအေးဆေးဆေးနေရတယ်...

ပြီးတော့ ခရု၊ ရှဉ့်နဲ့ပုစွန်တွေ၊ ဂဲတွေလည်းပေါနေပြီ၊ လတ် လတ်ဆတ်ဆတ်စားရတယ်..."

"အင်း..အင်း..ဝူးဝါး..ဝူးဝါး..."

"ဟင်..မာန်..."

"ဟင်..ခေါ်ကြီး..."

ညီးသံလိုလို၊ ဝူးဝူးဝါးဝါးသံလိုလို သဲ့သဲ့ကြားမိလိုက်၍ သူငယ်ချင်းနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး





နေါ်လိုက်ကြသည်။

"ကြားလား..."

"ကြားတယ်..."

"ဘာသံလဲ၊ ဘယ်ကလဲ..."

"ဘိုးကိုမုန်းတယ်၊ ဘိုးကိုမုန်းတယ်၊ သိမယ်..သိရ မယ်..."

"ဟား..ကျွီး..."

ခုတော့ရှင်းရှင်းကြီးကို သိသွားပြီ...။

လမ်းဘေး၌ မာန်သည် ကားကိုကပြာကယာထိုးရပ်ပစ် လိုက်ရပါတော့၏။

ပြီးတော့ တစ်ဆက်တည်းလည်း ကားမီးဖွင့်ပြီး၊ ကား နောက်ဆီသို့ သူတို့ပြိုင်တူကျော်ကြည့်လိုက်သည်။

"ဟား..ချာတိတ်မလေးတစ်ယောက်..."

"ဟင်..ဘယ်ကကောင်မလေးလည်းမသိဘူး..."

သူငယ်ချင်းနှစ်ယောက်မှာ တွေ့လိုက်ရသည့် မမချော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မျက်လုံးတွေကျယ်ကာ ဆံပင်တွေထောင်ကုန်သည်အထိ လန့်ဖြန့်သွားကြရ၏။

"ဒါဘယ်လိုလုပ်မလဲ…"

"ဘယ်လိုလုပ်မလဲ…"

တစ်ယောက်ကိုတစ်ယောက် မေးသည်။

"မုန်းတယ်··မုန်းတယ်၊ အဲဒါကလှဲစားချေတာ၊ ကလှဲစားချေတာ၊ ဘိုးကို ကလှဲစားချေတာ…"

"ဟား··မာန်၊ ချာတိတ်ကယောင်နေတာကွ…"

"အေးလေ··သူ ယောင်လို့ပဲ သူ ပါလာမုန်းသိရတာပေါ့၊ ဒါကြောင့် ကိုယ် စဉ်းစားနေတာကြာပြီ၊ နောက်ကြည့်မှန်ထဲက မျက်လုံးလေးတွေတွေ့မိပါတယ်လို့…"

"ထင်မလား၊ သူပါလာမုန်း၊ တစ်ခါမှလည်းဒီလိုမဖြစ်ဘူးတော့…"

"ကိုယ် မှန်ထဲခဏခဏကြည့်တယ်၊ သူမုန်းမသိဘူး…"





"ဒါဖြင့် တို့အသံတွေကြားနေတာသူပဲဖြစ်မယ်…"

"သေချာတာပေါ့…"

"ဟာ··မုန်တွေကလည်းအများကြီးပဲ၊ ရေဘူးတွေနဲ့ဖျော်ညှိဖူးတွေနဲ့သူကတော့ ဓိမ်ကိုကျလို့…"

ကိတ်မုန့်တစ်ခုကိုစားလိုက်ရင်း ဒေါက်တာ ဇော်ကို ဆိုသည်။

"နေပါဦး ဇော်ကြီး၊ သူ ဘယ်ကလဲ…"

"ဟင်··မင်းကားပေါ်မှာပါတာ ငါ ဘယ်သိမလဲ…"

"ဒုက္ခပဲ၊ ကိုယ်လည်းမသိဘူး…"

"ချာတိတ်မလေးကချစ်စရာလေးကွ၊ အိပ်နေတာများ သူကတော့အကြိုက်ပဲ…"

"ဘာကိုမကျေမနပ်ဖြစ်နေလဲမသိဘူး၊ နှုတ်ခမ်းလေးကို ကိုက်နေတာပဲ…"

"စောစောကယောင်တာမကြားဘူးလား၊ သူ့အတိုးကိုပြနေတာပေါ့…"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ…"

"ကဲ..ဒါထားပါ၊ အခု ဒါကြီးကိုဘယ်လိုလုပ်မလဲ…"

"ဘယ်လိုလုပ်မလဲ၊ ဆက်ပြီးပဲခေါ်သွားရမှာပေါ့၊ ပစ်ချခဲ့လို့ရတဲ့ကိစ္စကြီးမှမဟုတ်တာ…"

"ကဲ..ကဲ ကောင်းကောင်းကြာတယ်၊ ပြည်ရောက်မှပဲခေါ်နိုးတော့…"

"ဘယ်အထိခေါ်သွားရမလဲ ဖော်ကြီးရ…"

"ဒါ သူ နိုးလာမှမေး၊ ကိုယ့်လာမမေးနဲ့…"

"ဟင်း…"

သက်မလေးကြီးကိုချပြီး မာန်သည် ကားကိုဆက်မောင်းခဲ့ရလေ၏။

အိပ်မောကျနေစရှိသည့် မှန်ကား ဘာမှမသိလိုက်…။

ကားမောင်းဆဲသူငယ်ချင်းနှစ်ယောက် တိတ်ဆိတ်သွားကြသည်။ အတွေးကိုယ်စီက နောက်ဘက်မှချာတိတ်ကိစ္စသာရှိကြသည်ကမှချ…။





နောက်ဘက်မှချာတိတ်ကြောင့် သူတို့စကားအပြောအဆိုညံ့ကွဲသွားရသည်။

"ဖော်ကြီး ဒီချာတိတ်ကဘယ်ကလဲကွ…"

"ဟား..မေးပြန်ပြီ၊ ဘယ်သိမလဲကွ…"

"သူ ရန်ကုန်ကတည်းကပဲလိုက်ခဲ့တာဖြစ်မယ်၊ ကိုယ်ည်းဘယ်နေရာမှာမှ ကားမှမရပ်သေးဘဲ…"

"အင်း..ဖြစ်နိုင်ချေရှိတယ်၊ ကဲ..ခေါင်းမစားနဲ့နောက်မှ ရွှေတောင်ရောက်ပြီဆိုတော့ ပြည်ရောက်တော့မယ်…"

"ဟူး..အံ့သြစရာပဲ…"

မာန် ညည်းတွားရင်း ကားကိုဆက်မောင်းနေရသည်။

ရွှေတောင်ကိုကျော်ခဲ့ပြီမို့ မကြာခင် ပြည် ရောက်တော့မည်၏။

မှန်သည်။

ထိုညက နိုင်ငံခြားသားဒေ့သည်တွေကလည်းပါ၊ အခန်းလည်းနှစ်ယောက်ခန်းငှားထားပြီမို့…



www.burmeseclassic.com

www.burmeseclassic.com



ယခုသုံးယောက်မြင်လျှင် စကားပြောနေရဦးမည်စိုး

မာန်ကား အစကတည်းယဉ်သကိုးဆိုသည့်အတိုင်း…

သူငယ်ချင်းနှစ်ယောက်မှာ အကြံ့ထုတ်ပြီး မျက်နှာသု

ပုဝါတွေဖြင့်ပတ်ကာ မာန်သည် မုန်ကိုချိုဖိုး၍အခန်းထဲသို့သ

သွင်းခဲ့ရလေသည်မဟုတ်ပါတကား…။ ။





- ရှစ် -

အဲ..ငါ ကားထဲမှာလည်းမဟုတ်တော့ပါလား…

ငါ့ကို ဘယ်သူကဒီအထဲခေါ်လာပါလိမ့်…

ငါ့ဟာငါတော့ လမ်းလျှောက်လာတာမဟုတ်ဘူးနဲ့တူ

တယ်…

မုန် နိုးလာပြီ…။

ညကစောစောအိပ်သည်မို့ ခုမနက် မုန် စောစောနိုးလာ

သည်။

နိုးနိုးခြင်းပင် မုန် သိလိုက်သည်က စမတ်ကျကျအိပ်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည့် မိမိအဖြစ်ကိုပါ…။

ဟိုက်..အားနာစရာတွေဖြစ်ကုန်ပြီ…

မှန် မျက်လုံးလေးပိုင်းစက်ကာ လိုက်ကြည့်ရင်း တကယ် အားနာသွားသည်။

မှန်နှင့်ယှဉ်လျက် ခုတင်တစ်ခုတွင် ဒေါက်တာ ဇော်ကိုက အိပ်ပြီး…

မှန်ခြေရင်းရှိဆိုဖာရှည်ကြီးတွင်မတော့ မာန်တစ်ယောက် ဒုက္ခခံကာအိပ်နေရ၏။

မှန်သည် တစောင်းကလေးလှဲရင်းမှ လက်ကလေး ထောက်ကာလိုက်၍ကြည့်ပြီး တော်တော်မှအားနာနေရလေ၏။

မှန် အိပ်ရာမှထလိုက်သည်။

ရေချိုးခန်းထဲဝင်ပြီး ကိုယ်လက်သန့်စင်လိုက်သည်။

ပြီးတော့ သနပ်ခါးရေကျဲလေးပါးပါးလူးပြီး မှန်သည် အဝတ်တွေလဲကာ ခရီးထွက်ဖို့အသင့်ပြင်ဆင်ထားလိုက်၏။

မှန်က အသင့်ဖြစ်ပြီ…။





မာန်နှင့်ဇော်ကိုတို့က မနိုးသေး…။

မှန်သည် ကြည့်ချင်စိတ်နှင့်သူတို့မျက်နှာတွေဆီ သေချာ လိုက်ကြည့်လိုက်သည်။

လူကြီးတွေကချောတယ်တော့၊ ဒီကုလားထိုင်မှာအိပ်တဲ့လူ ကြီးက ပိုပြီးချောတယ်…

ညတုန်းကတစ်ချိန်လုံးပဲ ခုတင်ပေါ်မှာအိပ်တဲ့လူကြီးက ကုလားထိုင်ပေါ်အိပ်တဲ့လူကြီးကို မိန်းမပေးစားနေတာ…

ဒီလောက်ချောတာတောင် မိန်းမ မရသေးဘူးဆိုတော့ ဆည့်လို့ပေါ့…

အိပ်ပျော်နေသည့် မာန်မျက်နှာဆီ သေချာငုံ့ကြည့်ရင်းမှ မှန် ဆိုသည်။

သည့်နောက် မှန်သည် မာန်၏ခြေရင်းနားရှိဆက်တီခုံတွင် ထိုင်ရင်း သူတို့နိုးလာမည့်အချိန်ကိုစောင့်နေလိုက်၏။

တအောင့်ခန့်ကြာသည့်တွင် မာန်တစ်ယောက်နိုးလာ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟာမ်း··အဟာမ်း···"

မုန့်၏ချောင်းဟန့်သံလေးကြောင့် မာန်သည် လန့်သွားပြီး မိမိခြေရင်းဆီ ကပြာကယာကြည့်မိတော့···။

"သြော်··ကျေးဇူးရှင်ကနိုးနေပြီကိုး···"

"အဟင်း··ဟင်း··ဒီလိုမပြောပါနဲ့အချင်းချင်းကို··"

"ဟင်··ဘာအချင်းချင်းလဲ၊ မင်းကဘယ်သူလဲ၊ ဘယ်က လဲ···"

သူတို့စကားသံတွေကြောင့် ဖော်ကိုလည်း နိုးလာပြီး သူတို့ ထံကြည့်သည်။

ခြေရင်းမှ မမချောလေးကိုမြင်သည်တွင် ဖော်ကိုသည် ပြုံးသွားရပြီး···

"ဘယ်လိုလဲ မမလေး၊ ညကအိပ်ကောင်းတယ်မဟုတ် လား···"

"ဟုတ်ကဲ့··ကိတ်မုန့်တွေစား၊ ဖျော်ရည်တွေသောက်ပြီး အိပ်လိုက်တာ ဒီထဲရောက်လာမှန်းတောင်မသိလိုက်ဘူး၊ အဟင်





း···"

သူ့အပြောနှင့်သူ့ဟာသူပြုံးနေသည့် မိန်းကလေးကို သူတို့နှစ် ယောက်စလုံး ငေးကြည့်နေမိရသည်။

လူကလေးကပြည့်ပြည့်ဖြိုးဖြိုး တစ်တစ်ရစ်ရစ်ကလေး···။

သူ့အရပ်နှင့်သူတော့လည်း လိုက်ဖက်ချစ်စရာကောင်းနေ သည်။

အသားလေးက ဖွေးဖွေးမှည့်မှည့်နှင့်ဝင်းဝင်းမွတ်မွတ်ရှိသည်။

ဝတ်ထားသည့်အင်္ကျီလေးကမိန်းမဝတ် စပို့ရှပ်လက်ပြတ် ပန်းနုဖျော့ဖျော့အရောင်လေးနှင့် ခြေသလုံးတဝက်ခန့်ရှိသည့် ပန်း ရောင်လွင်သောဂျင်းအပါးဘောင်းဘီလေးနှင့် မိန်းကလေးမှာ လွန်စွာလှပနုငယ်၍ ချစ်စရာကောင်းနေရ၏။

သူစိမ်းယောကျ်ားတွေကိုမြင်သည့်တိုင် သူ့တွင်ကြောက် စိတ်အလျှင်းမရှိသည့်အပြင် သူ့အသွင်က မိမိတို့ကိုဝင် ရင်းနှီးနေ ဟန်ရှိနေရ၏။

သူ့ပုံစံလေးက ရယ်လိုက်မောလိုက်နှင့်လွန်စွာချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။

သူက ပြင်ဆင်ပြီးအငြိမ့်သား ထိုင်စောင့်နေပုံလေး သနားစရာတော့ကောင်းနေရ၏။

"ဒါနဲ့နေပါဦး မင်းနာမည်ဘယ်လိုခေါ်လဲ..."

ချာတိတ်ကိုငေးကြည့်နေရာမှ မာန် မေးဖြစ်သည်။

"မှန်..."

"ဟင်..."

"မှန်လေ..."

"မင်းနာမည်လား..."

"ဟုတ်တယ်လေ၊ မှန်နာမည်ကမှန်၊ မ,ဟုတ်တို့နသပ်ရှ ပါ..."

"မှန်..."

"အင်း..."

မာန်နှင့်ချော်ကိုတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ဆိုသည်။





"ဒါနဲ့ မှန်ကဘယ်မှာနေတာလဲ၊ ဘယ်ကနေလိုက်လာတာ လဲ..."

"ဒါကလွှို့ဝှက်ချက်၊ ပြောလို့မဖြစ်ဘူး..."

"လမ်းကနေတော့ လိုက်လာတာမဟုတ်ဘူးမဟုတ်လား..."

"မပြောပါဘူးဆို..."

"မင်းဘယ်ကိုသွားမှာလဲ..."

"ပေလီလေ..."

"ပြီးတော့..."

"ပေလီပဲ..."

"ပေလီပြီးတော့ ဘယ်ဆက်သွားဦးမလဲမေးတာ..."

"ပြန်မှာပေါ့..."

"ဘယ်ကိုလဲ..."

"ရန်ကုန်..."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိပြန်သည်။

"ရန်ကုန်ကို မင်း ဘယ်သူနဲ့ပြန်မှာလဲ..."

"အစ်ကိုကြီးတို့နဲ့ပဲ..."

"ဟာ..ငါတို့က ပေလီမှာနေကြဦးမှာကွ..."

"မှန်လည်းပေလီမှာနေဦးမှာပဲလေ..."

"ဒါဆို မင်း ဘယ်တော့ပြန်မှာလဲ..."

"အစ်ကိုကြီးတို့နဲ့လာတာ အစ်ကိုကြီးတို့ပြန်တဲ့နေ့ပြန်မှာပေါ့..."

မာန် ခေါင်းကုတ်သည်။

ဇော်ကိုက ဆက်မေးသည်။

"မင်းအိမ်ကဘယ်မှာလဲ..."

"ရန်ကုန်မှာ..."

"ဘယ်နေရာလဲ..."

"လျှို့ဝှက်ချက်၊ အဟတ်..အဟတ်..."





မှန်ဆိုရင်းရယ်တော့ သူတို့ အသည်းယားသွားကြသည်။

"ကဲ..ဇော်ကြီးရာ ရေချိုးပြီးဧည့်သည်တွေနဲ့သွားရဦးမယ်၊ ပြီးရင် ခရီးဆက်ရဦးမှာ လုပ်..လုပ်..."

"ကောင်မလေး..."

"ဘာလဲ..."

"ဂျစ်ကန်ကန်တော့မသိဝ်မလုပ်နဲ့နော်၊ ထားရစ်ခဲ့မယ်မှတ်..."

"ခိုင်းတာလုပ်ပေးပါ့မယ်၊ မခြိမ်းခြောက်ပါနဲ့..."

စကားပြောလေးကောင်း၍ ကောင်မလေးကချစ်စရာဟု သူတို့စိတ်ထဲဖြစ်မိ၏။

သူတို့နှစ်ယောက် ရေမိုးချိုးလိုက်သည်။ ပြီးတော့ အဝတ်လဲပြီးသိမ်းဆည်းနေဆဲ...

"ခိုင်းလေ၊ လုပ်ပေးမယ်..."

"မလိုပါဘူး ချာတိတ်ရာ..."

"ချာတိတ်မဟုတ်ဘူးနော်၊ အသက်တစ်ဆယ်ကျော်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ဆယ်တန်းဖြေထားတယ်၊ ဆေးကျောင်းသူဖြစ်တော့မှာ...''

မှန်ဆိုတော့ မာန်သည် မတည်မပြုံးနှင့်မှန်ထံ စွေကြည့်၏။

မာန်၏ထိုသို့အကြည့်ကြောင့် မှန်ကဟာတ်ခနဲတစ်ချက်ရယ်ပြီး၊ သူတို့ပစ္စည်းတွေကိုလိုက်၍ သိမ်းဆည်းပေးသည်။

''မင်း ဘာစိတ်ကူးနဲ့လိုက်လာတာလဲ...''

''လိုက်ချင်လို့လိုက်တာ...''

''ရှင်းရောပဲ...''

ဇော်ကိုဆိုတော့ မာန် ပြုံးဖြစ်ရ၏။

''ကဲ..မင်း ဒီမှာပဲနေရစ်ဦးနော်၊ တော်ကြာ ပဲ့တယ် မန်နေဂျာနဲ့စကားပြောနေရဦးမယ်...

ကိုယ်တို့စည်သည်တွေနဲ့ လက်ဖက်ရည်သွားသောက်လိုက်ဦးမယ်၊ မင်းအတွက်ဝယ်လာခဲ့ပေးမယ်...''

''မဝယ်နဲ့..မဝယ်နဲ့ အားနာတယ်၊ မှန်မှာမုန့်တွေအများကြီးရှိတယ်...''





''ဒါဖြင့် မင်း ကားသော့ယူထား၊ အလစ်မှာကားပေါ် တက်နေထားလိုက်...''

''ဟာ..ပူအိုက်တယ်လေ...''

''ကဲ..လာပါ ဇော်ကြီးရာ၊ သွားကြရအောင်၊ ချာတိတ် ကောင်းကောင်းနေခဲ့နော်...''

''မာန် လက်ညှိုးထောင်ကာ မှန်ထံ ကြည့်ပြီးဆိုတော့..''

''စိတ်ချသွားပါနော်...''

မှန်ကလည်းလက်ညှိုးလေးထောင်ကာ ပြန်ဆိုသည်တွင် မာန်တစ်ယောက် ရင်ထဲယားကျိကျိကြီးဖြစ်သွားလိုက်ရလေ၏။

သူတို့ထွက်သွားသည်တွင် မှန်တစ်ယောက် အားလုံးရဲ့ ပစ္စည်းတွေကို စုစည်းပြီးအသင့်ပြင်ထားသည်။

တအောင့်ခန့်ကြာသည်တွင် မာန်နှင့်ဇော်ကိုတို့ ပြန်လာကြပြီး မှန်အတွက် ပေါင်မုန့်ထောပတ်ကြက်ဥကြော်နှင့် ကော်ဖီပါလာ၍...

သူတို့ဝယ်လာတော့လည်း မှန် စားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်၏အသွင်လေးက တာကယ့်ကလေးလေးတစ်ယောက် လို အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းသည်ဟု သူတို့နှစ်ယောက် စလုံး မှတ်ချက်ချဖြစ်ကြရ၏။

"ကောင်းလိုက်တာ၊ ကျေးဇူးပဲ၊ ကဲ သွားကြမယ်…"

"နှုတ်ခမ်းလေးပါလေးသုတ်ပါဦးကွာ…"

"ရော့ဒီမှာတစ်ရှူး…"

မာန်ဆိုတော့ တစ်ရှူးဗူးကို ဖော်ကိုက ပေးသည်။

"အဟင်း..ဟင်း…"

ကလေးလေးတစ်ယောက်လိုရယ်ရင်း မှန်သည် တစ်ရှူး လေးယူ၍သုပ်လိုက်သည်။

သူတို့အသွင်က ညီမလေးတစ်ယောက်ကို ဂရုစိုက်သည့် အစ်ကိုကြီးတွေအသွင်မျိုးပါ…။

ထို့နောက် သူတို့ကားဆီသို့ ထွက်ခဲ့ကြသည်။

မှန်သည် ကားပေါ်သို့ခပ်သွက်သွက်ကလေး တက်ထိုင်နေ လိုက်သည်။





သည့်နောက်မတော့ ဘန်ဂလိုဟိုတယ်မှ မာန်သည် ကားကို မောင်းထွက်ခဲ့လိုက်ပါတော့၏။

"ဟင်း..ခုမှပဲကောင်းကောင်းလိုက်ရတော့တယ်၊ မနေ့ ညကတော့ ပုန်းပြီးလိုက်ရတာ ဒုက္ခဖြစ်လိုက်တာ အဟင်း.. ဟင်း…"

မှန်ဆိုရင်းရယ်တော့ ကားမောင်းရင်းမှ မာန်သည် နောက် ကြည့်မှန်မှတဆင့် မှန်ဆီသို့ တစ်ချက်ကြည့်သည်။

ဖော်ကိုကား အပြုံးနှင့်မာန်ထံကြည့်သည်။

မှန်သည်။

မည်သို့ဖြစ်စေ သူတို့သုံးယောက်ဆက်ခဲ့ရသည့်ခရီးလမ်း တစ်ယောက်ကဖြင့် ကြည်နူးစရာအတိနှင့်ပါတည်း။ ။

www.burmeseclassic.com



- ကိုး -

ဦးဘသောင်းတို့အိမ်တစ်ဆောင်လုံးကား ရှုညှိုးပွက်သရော ထဲနေပြီဖြစ်၏။

မှန်ပါ၏။

ဦးဘသောင်းတစ်ယောက် မြေးချစ်ကလေးပျောက်၍ နောင်တတွေရ၊ သွေးတွေတိုးလို့ ဆရာဝန်ခေါ်နေရပြီမဟုတ် ပါလား‥။

ခေါခင်အုန်း၏မာန်မဲမှုကြောင့် ခေါ်သိန်းနှင့်အသေးလေးတို့ လည်း နေစရာမရှိတော့အောင်ပါ‥‥။

ခေါ်ခင်အုန်းကမူ အစ်ကိုဖြစ်သူ၏ကြိမ်းမောင်းမှုကို တိုက်





ရိုက်ခံနေရသည်။

"ဦးကြီး‥စိတ်အေးအေးထားပါ၊ စိတ်လှုပ်ရှားလို့ဖြစ်တာ ပါ၊ အခုဘာဖြစ်နေလဲပြောပါဦး‥‥"

မိသားစုဆရာဝန်မှ ဦးဘသောင်း စမ်းသပ်စစ်ဆေးပြီး ဆရာဝန် မေးသည်။

ဦးဘသောင်းသည် မျက်ရည်လေးတစမ်းစမ်းရှိရင်းမှ‥‥

"ဆရာရယ် ကျုပ်အပြစ်ပါပဲ၊ ကျုပ်မြေးလေး အခုဘယ် သွားမှန်းမသိဘူး‥‥"

"ဟင်‥ဦးကြီးရဲ့မြေးလေး ဟိုမှန်ကလေးကိုပြောတာ လား‥‥"

"သူ့အပြင် ကျုပ်မှာမြေးရှိသေးလို့လား ဆရာရယ်‥‥"

"နေပါဦး၊ မှန်လေးကဘယ်သွားတာလဲ‥‥"

"ဘယ်သွားမှန်းကိုမသိလို့ပေါ့‥‥"

"ကလေးမှာရည်းစားသညာကောရှိနေပြီလား ဦးကြီး" လင်နောက်လိုက်သွားလားဟု မေးမကောင်း၍ ယဉ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



နား ဆရာဝန် ဆိုရသည်။

"မရှိဘူး…မရှိဘူး၊ ဒါတော့ ကျုပ် သေချာသိတယ် ကျုပ် မြေးလေးက တကယ့်ကလေးလေးလိုနေတာ…"

"ဟုတ်ပါတယ် ဆရာ၊ အစ်ကိုကြီးပြောတဲ့အတိုင်းပါပဲ မြေးကလေးက ဒီကိစ္စတွေကိုတောင် ခေါင်းထဲမထားသေး ပါဘူး…

သူ့ခမျာအိမ်ထဲပဲနေရပြီး အပြင်သွားရင်လည်း အဘိုး အဘွားနဲ့ပဲသွားရတာပါ…

အခုလည်းအဖြစ်ကဒီလိုပါ၊ ဒီနေ့မှာသူ့အဘိုး သူ့ကိုဘယ် မှလိုက်မပို့လို့ သူ စိတ်ကောက်နေတာကြာပြီ…"

"ကျုပ်ကလည်း ဒီနှစ်မှာမအားလို့ပါ ဆရာရယ်၊ ကျုပ် လုပ်နေသမျှတွေဟာလည်း ဒီမြေးလေးအတွက်ပဲမဟုတ်လား…

အခုကြည့် ဘာမှမပြောမဆိုနဲ့ ဘယ်သွားပြီးလဲမသိဘူး ယောကျ်ားလေးဆိုလည်း ကျုပ် ဒီလောက်စိတ်မပူပါဘူး…

ခုတော့ မြေးမိန်းကလေးဖြစ်နေလို့ ကျုပ် စိတ်ပူနေရတာပါ





ရာရယ်…

ကျုပ် မြေးလေးမှာက မိဘကလည်းငယ်ငယ်ကတည်းက သွားရှာတယ်မဟုတ်လား၊ အဘိုးနေရာကနေ ကျုပ်မှာကျုပ်ပဲ ၊ ကျုပ်ပဲအမေလုပ်ပြီး ဒီမြေးကလေးကို ကျုပ် မွေးခဲ့ရတာ ရာတို့လည်းသိပါတယ်…"

"ဟုတ်ကဲ့၊ သိပါတယ် ဦးကြီးရယ်၊ အခု မုန်တလေးက တ်သွားတာ စာလေးဘာလေးတောင် နည်းနည်းမရေးသွားဘူး း…"

"သူ ရေးသွားတာက ဒီမှာဆရာ၊ ဒီမှာဖတ်ကြည့်ပါဦး"

ဦးဘသောင်းဆိုရင်း မုန်ရေးသွားသည့်စာလေးကို ရာဝန် လက်ထဲပေးလိုက်သည်။

ဘိုး…

လုံးဝစိတ်မပူနဲ့၊ သွေးတိုးလည်းမတက်ပါနဲ့ ဘိုးကို ကလေ့ ချစ်တာ…

မုန်



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ဒါပဲရေးထားတော့ ဘယ်သွားမှန်းမသိဘူး
စာဖတ်ပြီး ဆရာဝန်ဆိုတော့ ဦးဘသောင်း
စကားမဆိုဘဲ မျက်လုံးကိုမှိတ်ထားလိုက်တော့သည်။

"ဦးကြီးရယ် သူ ရေးပုံဆိုရင် စိတ်ပူစရာမရှိပါဘူး
က ကလေးဆန်တာပါ...

သူ ပြောသလိုပဲ ဦးကြီး အေးအေးဆေးဆေးပဲနေ
ဘာမှ မတွေးပဲနေပါ..."

"ကျုပ်မြေးဟာ ကျုပ် မတွေ့တာကိုမသိဘူး ဆရာ...

"ဒီလိုမပြောပါနဲ့ အစ်ကိုကြီးရယ်၊ အိမ်တစ်ဆောင်လုံး
အစ်ကိုကြီးမြေးက အစ်ကိုကြီးကိုပဲအချစ်ဆုံး၊ အလေးအထား
ပါ၊ ကျွန်မကိုတောင် ကလေးကအလေးထားတာမဟုတ်
ဆရာရဲ၊ သူ့အဘိုးမှသူ့အဘိုး...

တစ်ခါတစ်လေတော့ ကျွန်မတောင်စိတ်မကောင်းဖြ
တယ်၊ ကလေးက ကျွန်မကိုဂရုမစိုက်လို့..."

ဒေါ်ခင်ရေနှန်းဆိုသောစကားတွင် ဦးဘသောင်းစိတ်





သွားမိသလိုနှင့်တစ်ချက်ငြိမ်သက်သွားရသည်။

"ကျွန်တော်ထင်တာ မှန်က သူ့သူငယ်ချင်းတွေနဲ့လျှောက်
သည်တာပဲဖြစ်မယ် ကြီးကြီးရဲ..."

"အေး..ကြီးကြီးလည်းဒီလိုပဲတွေးမိတယ်၊ သူ တစ်ချက်
သွားတာရှိသေးတယ်လေ၊ သူ့သူငယ်ချင်းတွေနဲ့ ပေလီကို သူ
လိုက်သွားချင်တယ်တဲ့...

အဲဒါခွင့်တောင်းတုန်းက အစ်ကိုကြီးက ခွင့်မပြုခဲ့ဘူး၊
ဒါ ကို ကလေးကစိတ်ဆိုးနေတာ၊ အခုတော့ သူ့သူငယ်ချင်း
တွေနဲ့ပဲလိုက်သွားတာဖြစ်မယ်၊ သေချာပါတယ်..."

"ဦးကြီးရယ် နည်းနည်းစိတ်ဖြေလိုက်ပါ၊ ဒီအရွယ်လေး
တွေက သူငယ်ချင်းတွေနဲ့သွားချင်လာချင်၊ သွားတတ်လာတတ်တဲ့
အရွယ်တွေပဲလေ...

ခုလည်း မှန်က သူ့သူငယ်ချင်းတွေနဲ့သွားတာသေချာပါ
တယ်၊ ဦးကြီး စိတ်ဖြေလိုက်ပါ..."

"ဟင်း..မြေးကလေးမှာ ပိုက်ဆံအလုံအလောက်မှပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



လားမသိဘူး၊ ကျုပ်ဆီမှာတော့ တစ်ပြားမှမတောင်းသွားဘူး

ဟဲ့..မိအုန်း၊ နင့်ဆီမှာရော ကလေး တောင်းသေးလား

"ကျွန်မဆီလည်းမတောင်းဘူး၊ ခိုးသွားပါတယ်ဆိုမှ ဘယ်တောင်းလို့ဖြစ်မလဲ အစ်ကိုကြီးရယ်..."

"ဟင်း..အဲဒါအတွက်ပဲ ငါ အခုစိတ်ပူနေရပြန်ပြီ..."

ဦးဘသောင်းကိုကြည့်ပြီး ဆရာဝန်မှာ ပြုံးဖြစ်ရသည်

"ကဲ ဦးကြီးရယ် စိတ်လျှော့လိုက်ပါ၊ ကျွန်တော် ကြည့်တာတော့ မှန်က လိမ္မာတဲ့ကလေးပါ...

သူ စုထားတဲ့ပိုက်ဆံတွေပါချင်ပါမှာပေါ့၊ ဒါမှမဟုတ် လည်း သူ တစ်ယောက်ယောက်မှာချေးချင်ချေးမှာပေါ့...

ဦးကြီးအနေနဲ့ မှန်ကိုကလေးလိုမြင်ပေမယ့်၊ တကယ်တော့ မှန်ကအရွယ်ရောက်နေပြီပဲ ဦးကြီးရယ်၊ နားလည်မှာပါ..."

"ဘာပဲဖြစ်ဖြစ် ကျုပ် မြေးကို သတင်းစာထဲတော့ထည့် ရင် ကောင်းမယ်ထင်တယ်..."

"နေပါဦး ဦးကြီးရယ်၊ မလုပ်ပါနဲ့ဦး၊ တစ်ပတ်ဆယ်ရက်လောက် တော့စောင့်ကြည့်ပါဦး..."

"မဖြစ်ဘူး ဆရာ၊ ကျုပ် စိတ်မချဘူး..."

"ကဲ..ဒါဖြင့်လည်း ဦးကြီးသဘောပါပဲ၊ ကျွန်တော်က တော့ တစ်ပတ်လောက်စောင့်ကြည့်စေချင်တယ်..

ကဲ..ကဲ ဦးကြီးအနားယူပါနော်၊ သိပ်မတွေးပါနဲ့၊ စိတ် လျှော့ရှားစေနဲ့၊ ကျွန်တော် ဆေးထိုးပေးခဲ့မယ်၊ ဆေးလည်းမှန်မှန် သောက်နော်.."

ဆရာဝန်ဆိုရင်း ဦးဘသောင်းကို ဆေးထိုးပေးသည်။

တအောင့်ကြာ ဦးဘသောင်း အိပ်ပျော်သွားလေမှ ဒေါ်ခင် အုန်းလည်း သက်မဟောကြီးကိုချဖြစ်ရပြီး...

ဆရာဝန်မှာလည်း အားလုံးကိုနှုတ်သိမ့်ကာ ပြန်ခဲ့ရပါ လေ၏။ ။







www.burmeseclassic.com

www.burmeseclassic.com



## - တစ်ဆယ် -

မှန်တစ်ယောက်ကဖြင့် လှောင်ချိုင့်ကလွတ်လိုက်သည့် သတ္တဝါတစ်ကောင်နှယ် ရှိနေရသည်။

မိုးဦးကျပြီမို့ ငပလီကမ်းခြေတွင် လူမရှိတော့ပေမယ့်၊ မှန်က ပိုတောင်ပျော်ရွှင်နေရသေးသည်ပါ...။

သဲသောင်ပြင်ကမ်းခြေမှာ မှန်တစ်ယောက်တည်း ပြေးသည်။ လမ်းလျှောက်သည်။

ပင်လယ်ရေကို မှန်တစ်ယောက်တည်း ချိုးသည်။ ကူးသည်။

စားလိုက်၊ သောက်လိုက်၊ လျှောက်လည်လိုက်၊ ရေကူး





လိုက်၊ ပြေးလိုက်၊ အိပ်လိုက်နှင့်မှန်တစ်ယောက် အကြိုက်ပင်ဖြစ်နေတော့သည်။

ခုလည်းပဲ မှန်သည် သဲသောင်ခုံတွင် ပြေးပြီးရေကူးနေပြန်သည်။

မှန်ကား မည်သူ့ကိုမျှလည်းဂရုမစိုက်၊ အဖော်မလုပ်၊ တစ်ယောက်တည်းသာပျော်သလိုနေသည်။

မှန်တစ်ယောက် ဘန်ဂလိုထဲဝင်မလာသေး၍ စိတ်ညစ်ပြီး ပင်ပန်းနေရသည်က မာန်ရယ်ပါတည်း...။

လုံးသာဘက်မှပြန်လာပြီး နေ့လယ်စာစားပြီးကတည်းက ဇော်ကိုက ဘန်ဂလိုထဲတွင် အိပ်မောကျနေပြီဖြစ်သည်။

မာန်သည်က ပုန်းညက်ပင်ကြီးအောက်တွင် စာအုပ်တစ်အုပ်နှင့်ရှိနေရ၏။

စာဖတ်ချင်၍တော့မဟုတ်၊ စာဖတ်ချင်ဟန်ဆောင်ပြီး မှန်ကိုစိတ်မချ၍ စောင့်ကျပ်ကြည့်ရှုနေရခြင်းပါတည်း။

ရေသရဲမလေးကလည်း မတက်လာတော့ဘူး၊ ဒါဟာ အိပ်

www.burmeseclassic.com



ချင်နေပြီ…

သက်သက်လိုက်လာပြီး ဒုက္ခပေးတဲ့ကောင်မလေး…

ဘယ်ကနေဘယ်လိုလိုက်လာမှန်းကို ခုထိစဉ်းစားလို့မရဘူး၊ သူကတော့ ပျော်နေလိုက်တာ…

ငါကတော့ သူ့ကြောင့်တာဝန်ကြီးတစ်ခုပိနေသလို နေနေရတယ်…

မတော် သူ တစ်ခုခုဖြစ်သွားရင် ငါ မလွတ်ဘူး…

တော်တော်ရှုပ်တဲ့ကောင်မလေး၊ ဟူး…

သွားလာထား၍ ပင်ကလည်းမင်ပန်း၊ အိပ်ကလည်းအိပ်ချင်နေသည့်မာန်တစ်ယောက် ပင်လယ်ထဲမှမှန်ဆီ လှမ်းကြည့်ရင်း စိတ်ညစ်နေရလေ၏။

တဖတ်သလိုနှင့် မာန်တစ်ယောက်မသိမသာ လှမ်းကြည့်နေဆဲပင် မှန်ကား ရေကူးဝ၍တက်လာခဲ့ပြီဖြစ်၏။

ရေကူးဝတ်စုံလေးနှင့် မှန်၏ဖွေးဖွေးထနေသောအလှကလေးတွေကို မာန် မြင်တွေ့နေရသည်။





မှန်သည်။ ယနေ့ခေတ်၏လူငယ်ဖြစ်သော်လည်း မှန်သည် ယနေ့ခေတ် မော်ဒယ်မိန်းကလေးတွေလိုမဟုတ်…။

ယနေ့ခေတ် မော်ဒယ်အမျိုးသမီးလေးတွေက အသားအရည်စိုပြေဝင်းမွတ်ခြင်းမရှိဘဲ ပိန်လိန်လွန်းသည်။

သည်မိန်းကလေး မှန်ကမူ ထိုသို့မဟုတ်…။

မှန်မည်သောမိန်းကလေးသည် ကောက်ကြောင်းပြေပြစ်လှပစွာနှင့်တစ်တစ်ရစ်ရစ် ပြည့်ပြည့်ဖြိုးဖြိုးကလေးရှိသည်။

မှန်သည် မှန်နှံ့သာလည်းချယ်သခြင်းမရှိ…။

မျက်နှာလေးကပြောင်ရှင်းရှင်းလေးရှိ၏။

မှန်၏တစ်ကိုယ်လုံးအလှသည် ဖွံ့ဖွံ့အိအိလေးရှိသည်ဟု တင်စားရမည်ဖြစ်သည်။

မှန်၏မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့်နှုတ်ခမ်းလေးတွေသည် ပေါ်ပေါ်တင်းတင်းလေးတွေနှင့်မျက်နှာလေးသည် ရေးဆွဲထားသည့်ပန်းချီရုပ်ကလေးအလားရှိ၏။

“အင်း…အဟွန်း…”



www.burmeseclassic.com

www.burmeseclassic.com



မာန်တစ်ယောက် နေရင်းထိုင်ရင်းမိန်းကလေးတစ်ယောက်၏ အလှအပလေးတွေကိုကြည့်တတ်၊ မြင်တတ်၊ သုံးသပ်နေ၍ မိမိကိုယ်ပင်မိမိ အံ့သြနေဖြစ်သလိုရှိကာ ရှက်ပြုံးပြုံးဖြစ်သွားရ၏။

တကယ်ပဲ ကောင်မလေးကတော့ လှလည်းလှတယ်၊ ချစ်စရာလည်းတော်တော်ကောင်းတယ်...

ပြီးတော့ ကောင်မလေးကပွင့်လင်းတယ်၊ သွက်လက်ဖြတ်လတ်ပြီး ကလေးဆန်တယ်...

စကားပြောတာလေးကိုက တရင်းတနှီးနဲ့တော်တော်ချစ်စရာကောင်းတယ်...

ငါတို့ကိုမျိုး ကဘောကမ္ဘာကတည်းက ရင်းနှီးခဲ့တဲ့သူ့ငယ်ချင်းတွေကျနေတာပဲ၊ သူ့အပြောအဆိုလေးတွေက တအားရင်းနှီးနေတာ...

ဟင်း..ခက်တာက ဒီကောင်မလေးက ဘယ်ကလဲမသိဘူး၊ သူ့ကိုမေးလည်း ဖြေချင်တာဖြေပြီး၊ မဖြေချင်တာမဖြေဘူး၊





ဖြေလိုက်ရင်လျှို့ဝှက်ချက်၊ လျှို့ဝှက်ချက်နဲ့ ထပြီးပဲရိုက်ချင်တော့တယ်...

အဟမ်း..အဟမ်း...

"ဟင်..မင်း..."

မိမိကအတွေးကောင်းဆဲပင် ဘယ်အချိန်ကတည်းက ကောင်မလေးက မိမိနောက်ရောက်နေမှန်းမသိ...။

ချောင်းဟန့်သံကြားမှ သူ လှည့်ကြည့်တော့ အဝတ်တွေလဲထားပြီးသည့် ကောင်မလေးကိုတွေ့လိုက်ရ၏။

"အစ်ကိုကြီး ဘာထိုင်လုပ်နေတာလဲ၊ စာအုပ်ကတခြား၊ မျက်လုံးကတခြားနဲ့..."

"ဟင်း..ငါကတော့ဝဋ်ပဲ..."

"ဟင်..ဝဋ်၊ ဘာဝဋ်လဲ..."

"မင်းကြောင့်..."

"ဟင်..မှန်ကြောင့်..."

"အေး..မင်းကိုစိတ်မချလို့ ငါ စောင့်နေရတာကွ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အိပ်ချင်လဲမင်းသိလား…”

“ဩော်..သဘောပေါက်ပြီ၊ ကျေးဇူးပါ..ကျေးဇူးပါ။ နောက်တစ်ခါ ဒီလိုရေမချိုးတော့ပါဘူးနော်…”

မှန်ဆိုရင်း ထိုင်နေသည့်မာန်လက်ကို ဆွဲ၍ထစေလိုက်သည်။ အနီးကပ်မြင်လိုက်ရသည့် ချစ်စရာမျက်နှာလေးကို ကြည့်မိတော့လည်း မာန် စိတ်မဆိုးရက်…။

“ကဲ..အစ်ကိုကြီး သွားအိပ်တော့နော်၊ မှန် ဘယ်နှစ်နာရီ ခေါ်နိုးရမလဲဟင်…”

“ရတယ်၊ ညနေကျရင် အအေးခန်းစက်ရုံဘက်သွားကြည့်ဖို့ မင်း အဆင်သင့်ပြင်ထားပါ…”

“ဟုတ်ကဲ့…”

“ဟုတ်ကဲ့ဆိုပြီး မင်းက ဒီနေရာမှာဘာလုပ်နေခဲ့ဦးမလဲ”

“အနေပါဘူးအစ်ကိုကြီးရဲ့၊ အဟင်း..ဟင်း…”

မှန်ဆိုရင်း သူ့လက်အိီးဆွဲကာ ဘန်ဂလိုဘက်လျှောက်ခဲ့တော့…





မာန်သည် မျက်မှောင်သာသာတွန့်ဖြစ်ရင်း၊ သူ့လက်ကိုပဲ ရုန်းယူရမလို၊ မှန့်လက်ကိုပဲပြန်ကိုင်ရမလိုနှင့် ခက်နေရတော့၏။

မာန်သည် မှန့်၏လက်ကလေးကိုမသိမသာ လက်တွဲဖြုတ်မည်စိတ်ကူးပြီးမှ…

ဘန်ဂလိုမှအိပ်ရာမှနိုးလာဟန်ရှိသည့် ဒေ့သည်နိုင်ငံခြားသားနှစ်ယောက်မှာ မိမိတို့ထံလှမ်းကြည့်နေသည်ကိုမြင်၍…

မာန်သည် မှန့်၏ပုခုံးလေးမှသိုင်းဖက်ကာ ဘန်ဂလိုဆီသို့ လှမ်းဖြစ်ခဲ့ရပါတော့၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော်…

နိုင်ငံခြားသားများအား မိမိတို့မောင်နှအဖြစ် ပြောပြထားသောကြောင့်ပါတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



## - တစ်ဆယ့်တစ် -

"မာန်…"

"ဟင်…"

ညစာစားပြီး၍ ဘန်ဂလိုမှာပင်ပြန်ပြီး အချိုသစ်သီးတွေ စားရင်း ဇော်ကိုခေါ်၍ မာန် ထူးလိုက်သည်။

ဒေါက်တာ ဇော်ကိုသည် မှန်နေသည့်တစ်ဖက်ဘန်ဂလို ဘက်သို့ လှမ်းကြည့်လိုက်ပြီးမှ…

"မှန်လေးက တော်တော်ချစ်စရာကောင်းတယ်ကွ၊ မော် ဒယ်လေးတွေလိုသာ ပြင်ပြင်ဆင်ဆင်နဲ့နေတိုင်တတ်ရင် တော် တော်လှမှာ…





ပြီးတော့ မှန်ရဲ့စိတ်ကလည်း ကလေးလေးစိတ်ပဲရှိသေး တာ၊ တို့ကိုဆက်ဆံတာ သူ့အစ်ကိုအရင်းတွေအတိုင်းပဲ…"

"အင်း…အဟုတ်…"

မာန် အပြုံးနှင့်ခေါင်းညိတ်သည်။

"နေပါဦး မာန်၊ ဒီချာတိတ်ကဘာယ်ကလဲ…"

"ဟင်…မေးပြန်ပြီ၊ မသိပါဘူးဆို…"

"မသိပါဘူးကွာ၊ ငါ့စိတ်ထဲမှာ မင်းကိုမသိကာသလိုပဲဖြစ် နေတာ…"

"ပြောပုံကအောင့်တယ်ဗျာ၊ နေပါဦး ကိုယ့်ကိုမသိကာ တာကဘာကိုလဲ…"

"ဟဲ…ဟဲ…"

မရှိုးမချည် ဇော်ကိုရယ်တော့ မာန်သည် မျက်မှောင်ကြီးကွန့် ဖြစ်ရင်းက…

"ခင်ဗျားနော် လျှောက်မပြောနဲ့၊ ချာတိတ်ကြားရင် မ ကောင်းဘူး…



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းကမှ ကိုယ်တို့ပေါက်ကရတွေပြောထားတာ ချာတိတ်တကြားထားတယ်၊ အထင်သေးစရာတွေဖြစ်နေဦးမယ်...''

''အေးပါကွာ၊ ငါ သိပါတယ်၊ ခုက သူမှမရှိတာ၊ ငါ့စိတ်ထဲကတော့ မင်းတို့ချင်းအကြောင်းဖန့်ပုံပေါ်လာပြီလို့ပဲ ထင်တယ်ကွာ...''

''ဟား..မပြောပါနဲ့ဆို၊ ခင်ဗျားနော်၊ ကြားသွားဦးမယ်''

မာန်တစ်ယောက် ကြိတ်ဆိုဆဲပင် ဘန်ဂလိုထဲမှ မှန် ထွက်လာ၍ သူတို့လူခြေတွေနှင့်တိတ်သွားကြရ၏။

''ကဲ..လာပါဦး၊ ထိုင်ပါဦးအစ်မကြီးရယ်...''

''ဟုတ်ကဲ့၊ လာပါပြီ၊ ထိုင်ပါပြီ အစ်ကိုကြီးရယ်...''

ချစ်စဖွယ်အပြုံးလေးတွေနှင့် မှန် ဆိုရင်း သူတို့ရှေ့ထိုင်တော့ သူတို့နှစ်ယောက်စလုံးမှာ ညီမလေးတစ်ယောက်ကဲ့သို့ ချစ်အသည်းလေးတွေယားသွားကြရ၏။

''ကဲ..ပြောပြစမ်းပါဦး၊ အစ်ကိုကြီးတို့သိအောင် ညီမ





း၏အကြောင်းနည်းနည်းပါးပါးပေါ့...''

ဒေါက်တာ ဇော်ကိုဆိုတော့ မှန်သည် သဘော်သီးတွေကို ာ်ရင်းလေးနှင့်ထိုးစားရင်းမှ...

''ဟုတ်ကဲ့..ညီမလေးနာမည်က မှန်၊ ဆယ်တန်းဖြေထားယ်၊ အောင်စာရင်းလည်းမကြာခင်ထွက်တော့မယ်၊ ဆေးကျောင်းတက်ဖို့ကြိုးစားထားတယ်...''

''ဒါပဲလား...''

''ဒါပဲလေ...''

''ဟင်..ပြောဦးလေ၊ ဘယ်မှာနေပြီး၊ ဘယ်မှာထိုင်တယ်၊ သားစုတွေအကြောင်းပေါ့...''

''အင်း..အိမ်သားအစစ်အမှန်ကသုံးယောက်ပဲ၊ အိမ်ဖော်နဲ့ ိုရင်ခုနစ်ယောက်ရှိတယ်၊ ထမင်းချက်ကတစ်ယောက်၊ ဒရိုင်ဘာတစ်ယောက်၊ မာလီကတစ်ယောက်၊ သန့်ရှင်းရေးလုပ်တဲ့သူ ာတစ်ယောက်၊ ဒါပဲ...''

''မွေးချင်းကရော...''



www.burmeseclassic.com

www.burmeseclassic.com





"မွေးချင်းကတော့ ဥတစ်လုံးတည်း၊ မှန်တစ်ယော[illegible]
တည်းပဲ..."

"နေထိုင်တာကရော..."

"နေထိုင်တာက အစ်ကိုကြီးတို့ရှေ့မှာပဲလေ.."

"ဟာ..မင်းမိဘအိမ်၊ မင်း နေအိမ်ပြောတာ..."

"မသိဘူး၊ အိပ်တော့မယ်..."

မှန်ဆိုရင်း ထိုင်ရာမှဖြုန်းခနဲထသွားလိုက်တော့သည်။

"ဟော့..ဟော့..ညီမလေးနေဦးလေ..."

ဇော်ကိုခေါ်သော်လည်း မှန်ကား လှည့်မကြည့်[illegible]
တော့..

မာန်သည် ဇော်ကို့ကိုပြုံး၍ကြည့်နေမိသည်။

"မင်းကဘာပြုံးတာလဲ..."

"သဘောကျလို့ပေါ့ကွာ..."

"ငါ သိသားပဲ၊ မင်း သဘောကျနေမယ်ဆိုတာ..."

"ဇော်ကို မင်းနော်..."

"ငါသိတယ်၊ ဒါ မင်းရဲ့ဖူးစာပဲ..."

"တော်ပြီ၊ အိပ်ရာဝင်တော့မယ်..."

မာန်ဆိုရင်း ဘန်ဂလိုထဲဝင်သွားတော့ နောက်မှ ဇော်ကိုပါ
လိုက်ခဲ့၏။

အိပ်ရာထဲကိုယ်စီလှဲပြီး ခေါင်းရင်းမှမီးကို မာန် လှမ်းပိတ်
[illegible]တ်သည်။

"မာန်..သူငယ်ချင်း..."

အမှောင်ထဲမှာပင် ဇော်ကို ခေါ်နေပြန်၍...

"ဘာလဲကွာ..."

"မင်းမယုံမရှိနဲ့ သူငယ်ချင်း၊ ဖူးစာဆိုတာကြုံဖန်ကိုလာ
[illegible]တွ..."

"လျှောက်ပြော..ဘာမှဖူးစာမဟုတ်ဘူး..."

"ဒါဖြင့်လောင်းမယ်ကွာ၊ ဘာကြေးလဲ..."

"လောင်းမယ်၊ မင်းပြော..."

"အေး..ငါ သားပဲမွေးမွေး၊ သမီးပဲမွေးမွေး၊ မင်းလည်း





www.burmeseclassic.com

www.burmeseclassic.com



သားပဲမွေးမွေး၊ သမီးပဲမွေးမွေး တို့ကလေးချင်းတစ်ယော

စီတော့ ပြန်ပေးစားကြကြေး...''

''စိန်ပျာ...''

''ငါ့သားဘာဖြစ်ဖြစ်၊ ငါ့သမီးဘာဖြစ်ဖြစ် မင်း ပေးစာ

မယ်နော်...''

''စိတ်ချ...''

''ကောင်းပြီ၊ ငါ ကြည့်တာတော့ မှန်းလေးနဲ့မင်း

တွဲသွားရင်လည်းလိုက်တယ်ကွ...

ငါ တကယ်ပြောတာ၊ မင်းကအရပ်မြင့်တယ်၊ မှန်လေး

ထွားတယ်၊ ဟိုနေ့က မင်းတို့လက်ချင်းတွဲပြီးလျှောက်နေ

ငါ တော်တော်ကြည့်လို့ကောင်းတယ်ကွ...''

မာန်မဆို၊ တိတ်ဆိတ်၍နေသည်။

''ပြီးတော့ ပြောထားရဦးမယ်၊ အသက်ငယ်တဲ့နိုင်ငံ

သားတရုတ်တစ်ကောင်က မှန်လေးကိုစိတ်ဝင်စားနေပုံပဲ

လိုက်ကပ်နေတယ်...





မှန်လေးက ကလေးဆန်တာတစ်ခုပါပဲ၊ မင်းနဲ့တော့ တကယ်လိုက်ဖက်တယ်...

ပြီးတော့ အိမ်ထောင်ပြုတယ်ဆိုတာလည်း မိန်းကလေးက ဆယ်နှစ်လောက်ငယ်မှတန်ကာကျတာ...

ငါ ကြည့်တာ မင်းနဲ့မှန်လေးနဲ့ဆိုရင် ဆယ်နှစ်ဆယ့်တစ်နှစ်လောက်ကွာမယ်ထင်တယ်...

ဘာပဲပြောပြော သူငယ်ချင်း အဲဒါပိုပြီးကောင်း၊ ဟင့်..ဒီကောင်က အိပ်မောကျနေပြီကိုး၊ ဟူး..ကောင်းကွာ...''

တစ်ဖက်ခုတင်မှ မာန်၏အသက်ရှူသံမှန်မှန်ကြီး ထွက်ပေါ်လာသံကြားမိလေမှ...

ဖော်ကိုတစ်ယောက် မောသွားရပြီး စိတ်ပျက်စွာအိပ်ပစ်လိုက်ရပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်နှစ် -

ဒီနေ့တော့ ဘန်ဂလိုမှဘယ်မှမသွားဖြစ်…။

နိုင်ငံခြားသားညွှဲသည်တွေလည်း သူတို့အခန်းတွင်ဖင် အနားယူနေကြသည်။

နေ့လယ်စာမစားကြသေး၍ မှန်သည်က ပင်လယ်ထဲတစ် ယောက်တည်း ရေဆင်းချိုး၍နေ၏။

မှန်တစ်ယောက် ရေဆင်းချိုးနေ၍ မာန်နှင့်ဇော်ကိုတို့က လမ်းလျှောက်ရင်း မှန်ကိုစောင့်ရှောက်နေကြရသည်။

သူတို့နှစ်ယောက် လမ်းလျှောက်ရင်းစကားတွေပြော ရင်းက ဇော်ကို အကြည့်တွေက မာန်ကိုလှေလာရင်း အကဲခတ်





ရင်းမှ…

"မာန်…"

"ဟင်…"

"သတိထားနော်၊ ဟိုနိုင်ငံခြားသားတစ်ယောက်က ချာ တိတ်မလေးကိုပဲ ကြည့်ကြည့်နေတာက သဘောကျနေပုံကွ…

ဟိုနေ့က အအေးခန်းဘက်သွားတော့လည်း ချာတိတ် နားကို လူအလစ်မှာကပ်ဖို့ ကြိုးစားနေတာ ငါ သတိထားမိ တယ်…

အဲဒီအချိန်က မင်းကချာတိတ်နားရောက်သွားလို့တော် တော့တယ်၊ မင်းမရောက်ရင် ဟိုကောင်ရောက်ပြီ…"

"ငါ သိပါတယ်ကွာ၊ ဒါကြောင့် ငါက မသိသလိုလုပ်ပြီး ချာတိတ်နားအမြန်သွားနေရတာ…"

"ဩော် မင်းလည်းသိတာကိုး၊ ငါက မင်းမသိဘူးထင် နေတာ…"

"ဟွန်း မင်းနော်၊ အကျင့်ကိုမကောင်းဘူး၊ ငါ့တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ စောင့်ရှောက်နေရတာကွ…"

"အဲ..ငါက မင်းကို ဘာပြောလို့လဲ၊ မင်းဟာမင်းမလုံးဝဲ ဖြစ်ပြီးတော့…"

"ဘာမှမလုံမလဲဖြစ်စရာအကြောင်းမရှိဘူး၊ မင်းပဲ ငါ့ကို သက်သက်လိုက်တွန်းနေတာ မသိရင်ခက်မယ်…"

"ဟဲ..ဟဲ..မာန် သူငယ်ချင်း၊ မယုံမရှိနဲ့နော်…"

"ဘာကိုလဲ…"

"ချာတိတ်နဲ့မင်းရဲ့အကြောင်းကိုပြောတာ၊ အဲဒါ မင်းတို့ချင်း ဖူးစာရေးအကြောင်းပဲကွ…"

"လျှောက်မပြောစမ်းပါနဲ့ကွာ၊ ချာတိတ်ကြားရင်မကောင်းပါဘူး၊ ငါ တောင်းပန်ပါတယ်…

အလာတုန်းကလည်း သူကခိုးပြီးလိုက်လာတော့ ငါတို့ပေါက်ကရပြောနေတာတွေ သူ ကြားထားပြီးပြီ အလကား ချာတိတ်တစ်ယောက် အထင်သေးစရာတွေဖြစ်အောင်မလုပ်ပါနဲ့ ကွာ…"





"စိုးရိမ်တယ်ပေါ့…"

"မင်းတော့ပြောလေကဲလေ…"

"ဒါကြောင့် ငါ ချာတိတ်နဲ့ပတ်သက်တဲ့အကြောင်းမပြောတော့ဘူး…"

"မပြောနဲ့…"

"ဒေါက်တာ ဉမ္မာညီအကြောင်းပြောမယ်…"

"သိသားပဲ၊ တစ်ခုမဟုတ်တစ်ခု မင်း ပြောဦးမှာပဲဆိုတာ…"

"ဟဲ..ဟဲ…"

"ငါ တကယ်မိန်းမယူမှပဲ မင်း ကျေနပ်တော့မှာလား၊ နေသာထိုင်သာရှိတော့မှာလား…"

"ငါက စေတနာနဲ့ပါကွာ၊ မင်းပြောပုံက ငါကပဲ မကောင်းကြံနေတဲ့ပုံမျိုးလိုလို…"

"အတူတူပဲ၊ အိမ်ထောင်ဆိုကတည်းက ထောင်တစ်ခုပဲ မဟုတ်လား…"



www.burmeseclassic.com

www.burmeseclassic.com



"အေး..နောက်ပိုင်းမှာလူတွေက အဲဒီထောင်ကိုပဲ ခုံမင်သွားကြတာကွ..."

"မင်းပဲခုံမင်၊ ငါကတော့မခုံမင်သေးလို့ အေးအေးပဲနေဦးမယ်..."

"ကြည့်သေးတာပေါ့..."

"ကြည့်ပေါ့..."

"ဟွန်း..မင်းမျက်လုံးတွေက ချာတိတ်ဆီပဲရောက်နေတာ..."

"ဟာ..ဟေ့ကောင်၊ လေအသင့်မှာကြားသွားမယ်ကွ၊ ဒုက္ခပဲဖော်ကြီးရာ မင်းတော့..."

မာန်ဆိုရင်း နာရီဆီကြည့်ပြီး မြန်မြန်လျှောက်သည်။

ဖော်ကိုကလည်း နောက်မှအမီလိုက်ရင်း...

"မာန်..ချာတိတ်ကဒီထက်နည်းနည်းကြီးလာရင် ပိုပြီးချောလာဦးမှာကွ၊ အခု တော်တော်လှပပြီးချစ်စရာကောင်းတယ်လို့ မင်း မထင်ဘူးလား..."





"အဲဒါဘာဖြစ်လဲ၊ သူ လှပပြီးချစ်စရာကောင်းတာ..."

"ဒါတော့ မင်း လက်ခံထားတယ်ပေါ့..."

"တောင်းပန်ပါတယ်ကွာ၊ မပြောပါနဲ့တော့..."

"ဥမ္မာညီအကြောင်းပြောမယ်ကွာ..."

"ကဲ..ပြောကွာ၊ ပြော..."

"ဒီကပြန်ရင် မင်းနဲ့ဆုံပေးဖို့ ငါ ဥမ္မာညီကို တစ်ရက်ချိန်းမယ်၊ ဘယ်လိုလဲ..."

"သဘော..သဘော..."

"မင်းလာရမယ်နော်..."

"အင်း..တစ်နာရီထိုးပြီကွ၊ နေ့လယ်စာစားကြမယ်၊ မင်း ဧည့်သည်တွေကိုသွားခေါ်၊ ငါ ဟိုရေသရဲကိုသွားခေါ်လိုက်ဦးမယ်..."

"အေး..ဟုတ်သားပဲ..."

ဖော်ကိုဆိုရင်းထွက်သွားသည်တွင် မာန်သည် မှန်း[illegible]ကူးနေသည့်ရေစပ်သို့လျှောက်ခဲ့ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့..ရေသရဲလေး၊ မင်း မတက်သေးဘူးလားကွ၊ ထမင်းစားချိန်ရောက်ပြီ၊ တက်တော့..."

"လာပြီ..လာပြီ အစ်ကိုကြီးရေ၊ ရေချိုးရတာလူရှင်းတော့ တကယ်ပျော်တယ်၊ လွတ်လည်းလွတ်လပ်တယ်နော်..."

"အေးပါ..တက်တော့အဝတ်သွားလဲတော့..."

"ဟုတ်ကဲ့..."

"ဩော်..နေဦးခဏ..."

ဘန်ဂလိုဆီပြေးမည်အပြု မာန် ခေါ်သံကြောင့်၊ မှန် လှည့်ကြည့်ပြီးရယ်နေလိုက်သည်။

မာန်သည် မှန်အနီးရပ်လာရင်းက...

"ကိုကြီးတို့ ထမင်းစားဆောင်မှာစောင့်နေမယ်..."

"ဟုတ်ကဲ့ပါ..."

"နားထောင်ဦး၊ ပြောချင်တာကဒါမဟုတ်ဘူး၊ မင်းရေချိုး၊ အဝတ်လဲပြီး ထမင်းစားဆောင်ဘက်လာတဲ့အခါ..."

"ဟိုနိုင်ငံခြားသားကနှုတ်ဆက်ရင် နည်းနည်းပြန်နှုတ်





ဆက်ပြီး စကားမပြောဖို့မဟုတ်လား..."

"ဟင်..မင်းကသိနေပါလား..."

"သိတာပေါ့၊ ကိုကြီးတို့နှစ်ယောက်က မှန်ကိုစောင့်ရှောက်နေတာနဲ့ ဟိုနိုင်ငံခြားသားက နှာဗူးကြီးဆိုတာ..."

"အွန်..."

မှန်ပြောလိုက်သောစကားကြောင့် သူပင် ရှက်သွားရ၏။

"ကဲ..သွား၊ မင်း လာရင်မင်းအတွက်နေရာ ကိုကြီးနားမှာရှိတယ်၊ တစ်ခါတည်းတန်းပြီးတော့သာဝင်ထိုင်နော်..."

"ဟုတ်ကဲ့ပါ..."

"ကဲ..သွားတော့..."

"ဟုတ်ကဲ့..."

မှန် ပြေးထွက်သွားသည်။

မှန် ပြေးထွက်သွားရာဆီသို့ မာန်သည် အမှတ်တမဲ့လိုငေးကြည့်နေမိပြီးမှ...

ဟင်း...



www.burmeseclassic.com

www.burmeseclassic.com



မာန်သည် ရင်ထဲ၌ဝန်တစ်ခုပိနေသကဲ့သို့ သက်မမောအား တစ်ကိုယ်တည်းချဖြစ်လိုက်ရပါသတည်း။

မှန်သည်။

ထိုနေ့က မာန်သည် ညအိပ်ရာဝင်ခဲ့သည့်တိုင် သူ့စိတ်နှင့် မျက်ဝန်းဝယ် မှန်၏လှပချစ်စရာကောင်းသောအသွင်လေးကိုသာ တွေးထင်မြင်ယောင်ရင်း...

ဖော်ကိုကြောင့်လား၊ မိမိ၏စိတ်ကပဲလားဟူသောအကြောင်းရင်းအား ရှာဖွေနေဖြစ်ရပါလေသတည်း...။





## - တစ်ဆယ့်သုံး -

တကယ်ပဲစိတ်ထဲမှာ ဒေါသဖြစ်နေမိသည်။

ဘယ်သူ့ကိုလဲ ပြော၍မရ...။

နိုင်ငံခြားသားဧည့်သည်ကိုလား၊ ချာတိတ်မလေးကိုလား...

နောက်ဆုံး ကိုယ့်ကိုယ်ကိုပဲ စိတ်ဆိုးဒေါသဖြစ်နေမိသည်။

မှန်သည်။

မနက်ကတည်းက လုံးသာဘက်ထဲထွက်ခဲ့ကြသည်။ သွားလာစရာသိပ်များများမရှိသော်လည်း တစ်ခေါက်[illegible]ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်သွားသည့်တိုင် ငြီးငွေ့စရာမရှိ…။

ရန်ကုန်ပြန်ခါနီးမှလည်း အပျင်းပြေသွားစရာမရှိသွားစရာ ရှာသွားကြခြင်းပါ…။

တစ်ချိန်လုံးညော်သည်တွေကိုစည့်ခံပြီး လုပ်ငန်းတွေနှင့်ပတ် သက်သည့် ကိစ္စများပြောဆိုနေရ၍ ချာတိတ်လေးကို မကြည့် အားနိုင်ဖြစ်ရသည်။

သည့်အတွက် အခွင့်အရေးကိုချောင်းနေသည့် နိုင်ငံခြား သား လူငယ်တစ်ယောက်အတွက် အခွင့်အရေးကောင်းကြီးရ သွား၏။

ခုတော့ ချာတိတ်လေးနှင့်နိုင်ငံခြားသားညော်သည်က တမ တွဲတွဲ…။

သူတို့စကားတွေပြောနေသည်ကိုတော့မသိ၊ နှစ်ယောက်သား ရယ်မောနေသည်ကိုတော့ တွေ့ရသည်။

ဒေါက်တာဇော်ကိုမှာလည်း မာန် စိတ်တိုနေသည်ကို တွေ့၍ သဘောပေါက်နေရ၏။





မာန်ကိုကြည့်ပြီး ရယ်လည်းရယ်ချင်သည်။

မာန် စိတ်တိုပြီး အလိုမကျဖြစ်နေသည်ကလည်း သိသာ နေရသည်။

မာန် စိတ်တိုနေလျှင် မျက်နှာထားသည် တင်းနေတတ်ပြီး၊ စကားပြောလည်းပြတ်ဆတ်နေတော့သည်။

စာရေးလက်မှတ်ထိုးလျှင်လည်း စောင့်ရေသလိုရေးပြီးဆွဲ ခြစ်တတ်သည်။

ပြီးတော့ မာန်သည် စိတ်ဆိုးလျှင်စကားမပြောဘဲနေတတ် သည်။

ယခု မာန်ကား ထိုသို့ဖြစ်နေရပြီမဟုတ်ပါလား…။

လုံးသာဘက်၌လျှောက်ကြည့်ပြီး ကိစ္စတွေပြီးစီးတော့ ထမင်းစားရန် ပေလီသို့ ပြန်ခဲ့ကြသည်။

မာန်သည် ကားမောင်းရင်းစကားမဆို…။

အဖြူရောင်ကလေးသာရှိသည့်မုန်ကား အရှည်တုတ်တွေ စားရင်း၊ မာန်နှင့်ဇော်ကိုဆီကြည့်ရင်းက…



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးမာန် ဘာဖြစ်လဲဟင်၊ မျက်နှာကသုန်မှုန်နေတာပဲ..."

မာန်မဖြေ...။

မှန်က မျက်စလေးနှင့်ဇော်ကိုဘက် မေးတော့...။

"ကိုယ်လည်းမသိဘူး၊ မင်း မေးကြည့်ပေါ့..."

"မှန် မေးတာပြောမှမပြောတာ..."

"မင်း ရအောင်မေးပေါ့..."

"ဘန်ဂလိုရောက်မှမေးတော့မယ်၊ ထမင်းစားတာရေးအိပ်အိပ်ရာကနိုးရင် ကိုကြီးစိတ်တွေလန်းဆန်းတော့ မေးလို့ကောင်းတာပေါ့..."

"သြော်..ဒါနဲ့ မှန်တို့ရန်ကုန် ဘယ်တော့ပြန်ကြမလဲဟင်"

"အဲဒါလည်း မင်းရဲ့ကိုကြီးမာန်ကိုပဲမေး၊ အစ်ကိုကြီးက လည်း သူနဲ့အဖော်ပဲလိုက်ခဲ့တာ၊ ဒါရိုက်တာက သူပဲ..."

"သြော်..ဟုတ်လား၊ အဟင်း..ဟင်း..."

မှန်ဆိုရင်း မာန်မျက်နှာဆီကြည့်တော့ရယ်တော့...





ကားမောင်းနေသော မာန် စိတ်ထဲချာတိတ်မလေး၏မျက်နှာ ချိုသွေးသည့်ချစ်စရာမျက်နှာလေးကြောင့် မာန် စိတ်ထဲအသည်း တယားယားလေးဖြစ်သွားရ၏။

ဇော်ကိုမှာ သူငယ်ချင်းမျက်နှာဆီကြည့်လိုက်ပြီး...

"မာန်..ငါ့စိတ်ထဲမှာဒီနေ့တစ်မျိုးပဲကွ..."

"ဟွန်း..."

မာန်မျက်စောင်းနှင့်ကြည့်ပြီး ကားကိုဂရုစိုက်မောင်းနေလိုက်သည်။

"ဟား..ဟား..ဟား..ဟား..."

"အဟတ်..ဟား..ဟား..ဟား..."

ဇော်ကိုရယ်တော့ ဘာမှန်းညာမှန်းမသိဘဲနှင့်စီးထုတ်တွေ ထားရင်း မှန်လည်းလိုက်ရယ်၍...

မျက်နှာထားကြီးနှင့်ကားမောင်းနေသည့် မာန်ပင် ပြုံးဖြစ် သွားရလေ၏။

တစ်ဆက်တည်းလည်း မာန်စိတ်ထဲ၌ ချစ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည့်ကောင်မလေးကို ချစ်သွားရသည်ပါ…။

တအောင့်ခန့်ကြာသည်တွင် ပေလီတန်ကလိုသို့ သွားတို့ကား လေးနှစ်စီး ရောက်လာသည်။

ကားရပ်သည်နှင့် မာန်သည် မှန်လက်ကလေးကိုဆွဲပြီး ဘန်ဂလိုရှိရာသို့ လှမ်းခဲ့လိုက်၏။

"ကိုကြီး ဘာဖြစ်လို့လဲဟင်…"

"ဘာဖြစ်ရမလဲ၊ မင်းနဲ့ဟိုလူနဲ့တချိန်လုံးတွဲနေတာ…"

"ဟာ…ဘယ်ကတွဲရမှာလည်း ကိုကြီးရာ၊ ဟိုလူက စကားတွေပြောနေတာ ဘာမှန်းလဲမသိဘူး…

မှန်က အင်္ဂလိပ်  မကျွမ်းတာ၊ ဟိုလူကကျွမ်းတယ်၊ သူ ပြောတာတွေလည်း  ားမလည်ပါဘူး…"

"ဟွန်း…နားသာမလ  ယ်၊ ရယ်နေတာက…"

"နားမလည်လို့ရယ်နေ ာပေါ့ ကိုကြီးရ၊ အဟဲ သိပြီ ဒါကြောင့် ကိုကြီးသဝန်တိုနေ…"

"ဟင်…ငါက ဘာကြောင့် မင်းကိုသဝန်တိုရမှာလဲ…"





"အဲ…သောရီးများလို့၊ ကိုကြီးမကျေနပ်ဖြစ်နေတာပေါ့၊ ဟုတ်တယ်မဟုတ်လား၊ အဟင်း…ဟင်း…"

"ဘာမှမကျေနပ်စရာမရှိဘူး၊ မင်းကို ငါကစောင့်ရှောက် နေရတာ…"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း မှန်ကပြောတာ ပေါ့…"

"ဟွန်း…ကိုယ့်စကားပြောတာ ဘယ်ရောက်လို့ရောက် မှန်း လည်းမသိဘူး…"

"သောရီးလို့ပြောတာပဲဟာ…"

"ဟွန်း…နောက်တစ်ခါ ဟိုလူမင်းအနားကပ်မယ်ကြံတာနဲ့ င်း ငါ့အနားမဟုတ်ရင် ဖော်ကိုအနားမှာနေပါ…"

"ရက်စ်ဘော့စ်…ဟား…ဟား…ဟား…"

မှန့်ဆိုရင်း ဘန်ဂလိုထဲသို့ပြေးဝင်သွားလိုက်ပါတော့၏။

မာန်ကား တကယ့်ယုန်ကလေးသိုးကလေးကဲ့သို့ ပြုစင်ရှင်း သန့်သည့်မှန့်အသွင်လေးဆီကြည့်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



မာန်ကား ရင်ဝယ် မည်သည့်နှိုင်းယှဉ်မှုနှင့်မျှ မယှဉ်နိုင်

သည့်ကြည်နူးမှုမျိုးနှင့် ရှိကျန်ရစ်ခဲ့ပါလေသတည်း။

မာန်၏ထိုအသွင်အား ဒေါက်တာ ဇော်ကိုသည်လည်း

သူငယ်ချင်းဘဝတစ်လျှောက်၌ မမြင်ဖူးသောအကြည့်မျိုးနှင့်

ခြင်း၊ စိတ်ဝင်စားခြင်း၊ ပျော်ရွှင်ခြင်း စသောအကြည့်မျိုးနှင့်ကြည့်

နေဖြစ်ရလေသည်တကား···။ ။





- တစ်ဆယ့်လေး -

"ဇော်ကိုရေ···"

"ဟင်···"

"မနက်ဖြန်ပြန်ဖို့ ချာတိတ်ကိုပြောထားလိုက်ဦး၊ ကိုယ် ဟိုဘက်ဘန်ဂလို ခဏသွားလိုက်ဦးမယ်···"

"ဒီစကားများ ဘယ်အချိန်ပြောပြောပေါ့ကွာ၊ ဝေးတာလိုက်လို့···"

"မဟုတ်ဘူးလေ၊ သူ ပစ္စည်းတွေကြိုတင်သိမ်းဖို့ရအောင်ပြောတာ···"



www.burmeseclassic.com

www.burmeseclassic.com



"သိမ်းရအောင် သူ့ပစ္စည်းတွေကများတာကိုး၊ ထမင်းစားတဲ့အချိန်ပြောလည်းရတာပဲ..."

"အဟမ်း..အဟမ်း၊ အစ်ကိုကြီးတို့နှစ်ယောက် ဘာသတင်း တွေတုတ်နေကြတာလဲ..."

သူတို့စကားတွေပြောနေခဲ မှန်နေသည့်အခန်းမှ တံခါးဖွင့်လာပြီး မှန်ဆိုလိုက်သော ပြုံးစနယ်မျက်နှာလေးကြောင့် မာန်နှင့်ဇော်ကိုသည် ကြည့်ဖြစ်လိုက်ကြရင်း...

"မင်းအစ်ကိုကြီးကိုပဲမေးတော့၊ မင်းကိစ္စပဲပြောနေတာ..."

"ဟင်..မှန်ကိစ္စ၊ မှန်ကဘာဖြစ်လို့လဲ..."

"ဘာမှမဖြစ်ဘူး၊ မနက်ဖြန်ပြန်ဖို့ မင်း ပစ္စည်းတွေအသင့်လုပ်ထားပါပြောမလို့..."

စိတ်မရှည်သလိုနှင့် မာန် ကြားဝင်ဆိုတော့၊ မှန်သည် မျက်နှာလေးတစ်ခုလုံး ဝင်းပသွားရင်း...

"ဟင်..မနက်ဖြန်ပြန်မယ်၊ ဟုတ်လား၊ ယေး..ဝမ်းသာ





လိုက်တာ၊ ပြန်ရတော့မယ်၊ အိမ်ကိုလည်းအောက်မေ့လာတာနဲ့ အတော်ပဲ၊ ရေလည်းဝဝကူးထားမယ်..."

မှန်တစ်ယောက် ဝမ်းသာအားရဆိုရင်း ကမ်းခြေဘက်သို့ ပြေးထွက်သွားလိုက်တော့၏။

ရှက်ရ၊ ကြောက်ရ၊ အားနာရမှန်းလည်းမသိ၊ ဘာစိတ်ကူးမှ သူမခေါင်းထဲမရှိသည့် ကလေးဆန်လွန်းသည့် မှန်အသွင်လေးဆီ သူတို့လိုက်ကြည့်ပြီး ငေးကျန်ရစ်ခဲ့ရ၏။

"အင်း..ဘာအရောင်မှမထွက်သေးတဲ့ တကယ့်အဖြူကလေးသက်သက်ပဲရှိသေးတယ် မာန်ရေ..."

"အေး..သူ နားမလည်သေးတဲ့ကိစ္စတွေကို မင်းကနားလည်လာအောင်၊ စိတ်ဝင်စားလာအောင်၊ စိတ်လှုပ်ရှားလာအောင် လိုက်မပြောနေနဲ့..."

"ဟောကောင်..အချိန်တန်ရင် သူလည်းနားလည်လာမှာပဲ..."

"အချိန်တန်လို့ သူဟာသူနားလည်တာလည်းပါစေပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပြောလို့မဖြစ်စေနဲ့…”

“အမယ်..တက္ကသိုလ်ပဲတက်တော့မယ်၊ သူ့ နားကိုလည်း နေရမယ်…”

“ခင်ဗျားတော့လေ မပြောချင်တော့ဘူး…”

မာန်ဆိုရင်း ဧည့်သည်များရှိသည့်ဘန်ဂလိုသို့ လှမ်းထွက်သွားလိုက်တော့သည်။

သည်နေ့အဖို့ မာန် အလုပ်တွေများနေ၍ ရေထဲဆင်းနေသည့် မှန်ကို စောင့်ရှောက်နေသည်က ဇော်ကိုပါ…။

ပြန်ခါနီးမို့ နိုင်ငံခြားသားဧည့်သည်တွေနှင့်ပတ်သက်သည့် ကိစ္စတွေကို မာန် လိုက်၍ဆောင်ရွက်ပေးသည်။ မန်နေဂျာတစ်ယောက်နှင့်အတူ ကားတစ်စီးနှင့်ဟိုရုံးသွားလိုက်၊ ဒီရုံးသွားလိုက်၊ ဟိုလူနှင့်တွေ့လိုက်၊ ဒီလူနှင့်စကားတွေပြောလိုက်နှင့်၊ ညခြောက်နာရီထိုးမှပင် ကိစ္စတွေပြတ်၍ ဘန်ဂလိုသို့ ပြန်ရောက်ခဲ့ရလေ၏။

“ဇော်ကို..ချာတိတ်ရော…”

“အမယ်မေးပုံက…”





“အဟွန်း…”

မိမိပါးစပ်ကလည်း လွှတ်ခနဲမေးလိုက်မိသည့်အတွက် အပြစ်တင်ရမလိုပါ။ ဇော်ကိုပြောတော့လည်း သူ ပြုံးဖြစ်သွားရသည်။

“ရှိတယ်..ရှိတယ်၊ မင်း ချာတိတ် အခန်းထဲမှာ၊ ငါက တချိန်လုံးသူ့ဂျူတီယူထားရတာ၊ စောစောကမှနားရတယ်…”

မာန်မှာ ဇော်ကိုစကားတွေကြောင့် ပြုံးရင်းအခန်းထဲဝင်တာ ရေမိုးချိုးလိုက်တော့သည်။

တအောင့်ခန့်ကြာသည်။ မာန် ရေချိုးအဝတ်လဲပြီး ဘန်ဂလိုရှေ့ထွက်လာသည်နှင့်…

“ကဲ..မာန်၊ မင်းချာတိတ် မင်းပဲကြည့်တော့၊ ငါတော့ ဂျူတီလဲပြီ၊ ဧည့်သည်တွေလည်းရောက်နေလောက်ပြီ၊ ထမင်းစားတဲ့နေရာမှာစောင့်နေမယ်…”

ဇော်ကိုဆိုရင်း ထွက်သွားတော့ မာန်သည် ဒီချာတိတ် ဘာလုပ်နေပါလိမ့်ဟူသောအတွေးနှင့် မှန် နေသောအခန်းကိုတံခါး



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ကြည့်လိုက်၏။

"ဒေါက်..ဒေါက်၊ ဟော့..ချာတိတ် ဘာလုပ်နေလဲ ထမင်းစားဖို့သွားမယ်လေ..."

အပြင်မှ မာန် ဆိုတော့၊ အခန်းတံခါးသည်ပွင့်လာပြီး မှန်၏ ချစ်စရာကောင်းသောအသွင်လေးသည် ထွက်ပေါ်လာ ရင်း..

"မနက်ဖြန်ပြန်မယ်ဆိုလို့ မှန် ပစ္စည်းတွေသိမ်းနေတာလေ အစ်ကိုကြီးရဲ့..."

"မပြီးသေးဘူးလား၊ ထမင်းစားဖို့သွားမယ်..."

"မပြီးသေးဘူး၊ လက်စသပ်ဖို့ပဲရှိပြီ..."

"ဒါဖြင့်လည်း မင်း လိုက်ခဲ့တော့၊ သွားနှင့်မယ်..."

"ဟုတ်ကဲ့..."

မာန်ဆိုရင်း ဘန်ဂလိုမှစားသောက်ဆိုင်သို့ ထွက်ခဲ့သည်။ ဘန်ဂလိုနှင့်စားသောက်ဆိုင်ကမဝေး၊ လမ်းလျှောက်ကောင်းရုံ လေးသာရှိသည်။





မာန်သည် စားသောက်ဆိုင်ဆီသို့ ဘောင်းဘီအိတ်ထဲလက် နှစ်ဖက်နှိုက်ကာ အေးဆေးစွာလမ်းလျှောက်သွားနေစဲ..

"အား..အစ်ကိုကြီးရေ..."

"ဟင်..."

"အင့်..ဟာ..ဟာ..အွန့်..."

ဘာမှန်းကိုမသိလိုက်၊ အသံကြား၍ သူ လှည့်ကြည့်ရုံရှိ သေး၊ မှန်သည် အရှိန်နှင့်သူ့ကိုယ်ပေါ်ခုန်၍ပြေးဖက်လိုက်၏။ နှစ်ဦးသားမှာလုံးထွေးပြီး ပန်းပင်များကြားထဲကျသွားကြရပါ တော့၏။

အကျက သူကမသက်သာ၊ အပေါ်မှာလည်းဗိတ်နှင့် အောက်ကလည်းအမြစ်ခံနှင့်...။

ဟင်း..ဟင်း..ဟင်း...

ဟင်..ဟော့..ဟော့ မင်းဘာဖြစ်တာလဲ..

သူ့ကိုဖက်ထားပြီး ဆတ်ဆတ်တုန်နေသည့် မှန်အသံလေး ကြောင့်၊ မာန်သည် ပန်းခြုံကြားမှရုန်းလဲထကာ မှန်ကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပါပြန်ဖက်ထားရရင်း မေးဖြစ်ရသည်။

မှန်သည်။ တကယ်ပင် သူ့ကိုကျစ်ကျစ်ဖက်ထားပြီး မျက်လုံးအစုံမှိတ်ထားဆဲမှ တဆတ်ဆတ်တုန်နေရှာ၏။

"မှန်··မှန်··ဘာဖြစ်လဲ၊ အစ်ကိုကြီးကိုပြောလေ၊ ဘာကြောက်လဲ၊ ဘာဖြစ်လဲဆိုတာ အစ်ကိုကြီးကိုပြောပြ···"

"မှန်··မှန် ကြောက်တယ် အစ်ကိုကြီး၊ သ··သရဲ··သရဲအား··မှန် ကြောက်တယ်၊ ဟီး··ဟီး··ဟီး···"

ကတုန်ကရင်စကားသံလေးနှင့် မှန် ဆိုရင်းနောက်ဆုံး မှန်သည် သူ့ရင်ခွင်ထဲမှသူ့ကိုဖက်ပြီး ငိုချပါတော့၏။

"ဟာ··မှန် တိတ်··တိတ် တိတ်ပါ၊ သရဲမရှိပါဘူးကွာ၊ ဘယ်ကသရဲရှိမှာလဲ···"

"မဟုတ်ဘူးရှိတယ်၊ ဟီး··ဟီး··မှန် တကယ်ပဲကျော ချမ်းသွားတယ်···"

"မှန်ကိုတော့ တစ်ယောက်ယောက် နောက်လိုက်ပြီထင်တယ်···"





"ဟီး··ဟီး နောက်တာမဟုတ်ပါဘူးဆို၊ မှန်ရဲ့ဆံပင်လေး ...တောင်ခါသွားတယ်သိလား၊ ဟီး··ဟီး···"

"မဟုတ်တာ ညီမလေးရယ်၊ မဖြစ်နိုင်ပါဘူးကွာ၊ ...တ်ပါ၊ တိတ်နော်၊ တော်ကြာပိုင်ရှင်တွေကြားရင်လည်း ...ကောင်းပါဘူးကွာ၊ တိတ်နော်၊ တိတ်··တိတ်···

လာ အစ်ကိုကြီး ညီမလေးကိုဖက်သွားမယ်၊ မျက်ရည် ...းတွေသုပ်လိုက်ပါဦး၊ ဟိုမှာစောင့်နေတဲ့ဧည့်သည်တွေကို ...းနှာရမယ်··"

မာန်ဆိုရင်း သူဘောင်းဘီအိတ်ထဲမှလက်ကိုင်ပုဝါကိုထုတ် ... မှန်မျက်ရည်တွေကို သုပ်ပေးသည်။

ပြီးတော့ မှန် ဆံပင်လေးနှင့်အဝတ်တွေကို သေသပ်အောင် ...ပ်ပေးပြီး၊ သူ့ကိုယ်သူလည်း သေသပ်အောင်လုပ်လိုက်ရ၏။

တစ်ဆက်တည်းလည်း ကြောက်လွန်း၍ငိုထားသည့် ...၏ မျက်နှာလေးဆီ သူ သေချာကြည့်လိုက်သည်။ ငိုထား ...ည့် မှန်၏ မျက်နှာလေးသည် မျက်လုံးအိမ်၊ နှာခေါင်းဖျား



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့်နှုတ်ခမ်းလေးတွေနီရဲနေ၍ လွန်စွာလှပချစ်စရာကောင်းနေသည်ကို သူ တွေ့ရ၏။

သူသည် မှန်၏နီနေသောမျက်နှာလေးအား သူ့လက်နှစ်ဖက်နှင့်ညင်သာစွာ ပွတ်ပေးလိုက်သည်။ အစ်ကိုကြီးက ညီမလေးကို ကြင်ကြင်နာနာနှင့်ဂရုစိုက်သည့်ပုံမျိုးပါ...။

သည့်နောက်မတော့ မှန်၏ပုခုံးလေးကိုဖက်ပြီး စားသောက်ဆိုင်သို့ သူတို့လှမ်းခဲ့၏။

စားသောက်ဆိုင်အရောက်၌ သူ ဦးဆုံးလှမ်းကြည့်လိုက်သည်က ဇော်ကိုမျက်နှာဆီပါ...။

မချိမချဉ်နှင့်သူ့အား လက်မထောင်ပြနေသည့် ဇော်ကို့အသွင်ကိုတွေ့သည်တွင် သူ သဘောပေါက်သွားရလေ၏။

ထမင်းစားပွဲ၌ထိုင်သည့်တိုင် မှန်သည် အကြောက်မပြေသေးရှာဘဲ၊ လက်ကလေးတွေတုန်နေသည်ကို သူ သတိထားမိ၏။

မည်မျှအထိ ကြောက်နေရှာသည်မသိ၊ ထမင်းစားသည်





တချိန်လုံး မှန်သည် ထမင်းပင်ကောင်းကောင်းစားမဝင်ဘဲ...။

သူ့ကိုကြည့်လိုက်၊ သူ့နားတိုးလိုက်၊ သူ့လက်ကိုကိုင်ထားလိုက်ဖြင့် မျက်နှာလေးငြိုးငယ်ငယ်နှင့်ရှိနေရှာသည်ကို သနားစရာကောင်းအောင် သူ မြင်တွေ့နေရ၏။

သူ့စိတ်ထဲ၌ ကြံဖန်လုပ်တတ်သည့် ဇော်ကိုကို သူ စိတ်ဆိုးနေမိသည်။ သည့်အတွက် သူသည် မှန့်လက်ကလေးကိုဆုပ်ကိုင်လိုက်ပြီး...

"ညီမလေး...အစ်ကိုကြီး ရေအိမ်တစ်ချက်သွားဦးမယ်၊ ဒီမှာလည်းလူတွေရှိနေတာပဲ၊ ခဏလေးနော်..."

"ဟင်...မြန်မြန်ပြန်လာနော်..."

ရှိုက်သံလေးမပျောက်တပျောက်နှင့်ဆိုလိုက်သည့် မှန်အားလေးကြောင့် မာန်မှာ ရင်ထဲတော်တော်မကောင်းဖြစ်သွားရသည်။

အင်း...

သူ မှန်ကိုခေါင်းညိတ်ပြခဲ့ပြီး၊ ဇော်ကိုကိုပါ မျက်ရိပ်ပြပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရန်ခေါ်လိုက်သည်။ ရေအိမ်ထဲအရောက်မတော့…

"မင်း ကလေးကိုဘယ်လိုလုပ်လိုက်တာလဲ…"

"ငါလည်းမထင်ဘူးကွာ၊ ပန်းခြံကြားကနေလှမ်းပြီး သူ့ဆံ ပင်လေးကိုလှမ်းကိုင်လိုက်တာ တစ်ခါတည်း မင်းဆီ ရောက်သွား တာဒုံးပျံတောင်ရှုံးတော့တာပဲ…"

"ခင်ဗျားဗျား၊ မကြီးမငယ်နဲ့၊ ကလေးကသေသွား နိုင်တယ်၊ တော်တော်ကြောက်နေရှာတယ်၊ အခုတောင်ကြောက် နေတုန်းပဲ၊ ကိုယ်လည်းလဲကျထားတာ လက်ပြင်းတစ်ခြမ်းလုံး နာနေတယ်၊ ဘာနဲ့ထိလဲမသိဘူး၊ ခါးမှာလည်းနာနေတယ်…

အပြန်ကားမမောင်းနိုင်တော့ဘူး၊ မင်းပဲမောင်းရမယ်…"

"အေးပါကွာ၊ ငါ မောင်းပါ့မယ်၊ မင်းတို့အဆင်ပြေရင် တော်ပြီ…"

"ခင်ဗျားတော့လေ…"

သူတို့ဆိုရင်း ရေအိမ်မှထွက်ခဲ့ကြသည်။

သူ ပြန်ရောက်သည်နှင့် မုန့်သည် သူ့လက်ကိုကိုင်ထား





သည်။ သူလည်းပဲခုမှတဖြည်းဖြည်းနာကြင်သည်ကို သိလာ၍ ထမင်းစားပင်မဝင်တော့အောင်ပါ…။

မုန့်သည်။ ထိုညက မုန့်သည် အကြောက်လွန်ပြီး၊ ဘယ်လို မှချော့၍မရတော့သဖြင့်၊ သူတို့အခန်းတွင်ပင် ခုံတွေစီပြီး မုန့် တစ်ယောက်ဝင်အိပ်ပါတော့၏။

မည်မျှအထိ မုန့်ကြောက်နေရှာသည်မသိ၊ သူတို့နှစ် ယောက်ကြားတွင် မုန့် အိပ်ပြီး၊ မုန့်သည် ထယောင်၍ငိုပြန်ပါ ၏။ ပြီးတော့ ထအော်ပြန်သည်။ ပြီးတော့ စကားတွေလည်းဗလုံး ဗထွေးဆိုပြန်၏။

ထိုညကဖြင့် သူတို့မှာငုတ်တုတ်၊ မုန့်ကဖြင့်မနိုး၊ သုံးနာရီ ထိုးလောက်မှ သူတို့အိပ်ပျော်သွားရသည်။

မာန်ကား အိပ်ပျော်ပြန်တော့လည်း အိပ်မက်ထဲမှာ မုန့်ကို ထွေးဖက်ကာချော့မော့နှစ်သိမ့်နေရဆဲရှိပါတော့သည်။

မုန့်ပါ၏။

ဒေါက်တာ ဇော်ကို၏ ကြိုးပမ်းမှုတော့ဖြင့်အောင်မြင်၊



www.burmeseclassic.com

www.burmeseclassic.com



မအောင်မြင်မသိသော်လည်း…

မာန်၏အိပ်မက်ကမ္ဘာကိုဖြင့် မှန်သည် ရောက်ရှိစိုးမိုးနေရလေပြီတည်း…။

ထိုအကြောင်းကိုဖြင့် ကမ်းတက်မည်စိုး၍ သူငယ်ချင်းဒေါက်တာ ဇော်ကိုကို မာန် ဖွင့်မပြော…။

သူ့ရင်ထဲသာသိမ်းဆည်းထား၏။





**– တစ်ဆယ့်ငါး –**

တကယ့်ကလေးလေးအတိုင်း ဖြူစင်လွန်း၍ချစ်စရာကောင်းနေရ၏။

ချစ်လည်းချစ်မိသည်ကအမှန်…။

ချစ်၍သာစိတ်ရှည်ပြီး၊ သည်းခံအလိုလိုက်တာတွေရှိနေရသည်မဟုတ်ပါလား…။

ညတုန်းက သေလုအောင်ကြောက်တတ်သည့်စိတ်တွေခုတော့လည်း ကြက်ပျောက်ငှက်ပျောက်ကုန်ပြီဖြစ်သည်။

မှန်သည်။ ခုတော့ မှန်သည် ပျော်ရွှင်၍စားလိုက်သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရယ်မောလိုက်နှင့် စကားတွေပြောနေသည်မှာ နားငြီးစရာ ပင်...

ညကအိပ်မရခဲ့သည့် မာန်သည် မှိန်းနေချင်သော်လည်း ခါးကလည်းနာ၍ ကားကလည်းမမောင်းနိုင်...။

ဒေါက်တာ ဇော်ကိုသည်က ကားမောင်းရင်း မာန့်ကို ကြည့်ကာကြည့်ကာနှင့်ပြုံး၍နေ၏။

မာန်က စကားမဆို၊ မျက်စောင်းနှင့်သာကြည့်သည်။

"မုန်..ညီမလေး..."

"ရှင်..."

"ညီမလေးကို ကိုကြီးတို့က ဘယ်ကိုပြန်ပို့ပေးရမလဲ ဟင်..."

"ရန်ကုန်ထဲရောက်ရင်ပြောမယ်..."

"ညီမလေး အိမ်ပြန်ရောက်ရင် ကိုကြီးမာန်ဆီ ဖုန်းဆက် မလား..."

"ဆက်ရုံတောင်မကဘူး၊ ခဏခဏတောင်လာလည်ဦး





မှာ၊ နောက်တစ်ခါ ကိုကြီး ခရီးတွေထွက်ရင် မုန်ကို ခေါ်ဦး မလားဟင်..."

မာန်လက်မောင်းဆီခွဲကိုင်ရင်း မုန် ဆို၍၊ မာန်သည် ခေါင်း ညိတ်ပြရ၏။

"မုန်ကဘယ်မှာနေတာလဲ..."

"နောက်တော့သိမှာပေါ့..."

"မုန်ရဲ့ကိုကြီးမာန်က မကြာခင်မိန်းမယူတော့မှာကွ၊ မုန် နေတဲ့လိပ်စာမသိရင် သူ ဖိတ်စာဘယ်ပို့လို့ရမလဲ..."

"ဟင်း..ကိုကြီးမာန်ကို မုန် ချစ်တယ်၊ ကိုကြီးမာန်ကို မိန်းမမပေးစားသေးဘူး..."

"ဒါဖြင့်လည်း မုန်ပဲ မုန်ရဲ့ကိုကြီးမာန်ကို ထိန်းသိမ်းထား လိုက်တော့..."

"အင်း..မုန်ပဲ ကိုကြီးကို တာဝန်ယူထားလိုက်တော့မယ်၊ ဟား..ဟား..ဟား..."

မုန်ဆိုရင်းရယ်သည်။ မုန်ကတော့ ရယ်နိုင်နေ၏။ မာန်



www.burmeseclassic.com

www.burmeseclassic.com



သည်က နှလုံးပင်ကြွေလှမီးနီး ရင်သည်ခုန်နေရသည့်ဖြစ်ခြင်းပါ။

စကားတွေဆိုရင်း မောင်းလာသည့်ကားလေးသည် ထောက်ကြံ့ပင် လွန်ခဲ့ပြီဖြစ်သည်။

"ဟယ်..ကိုကြီးတို့ရေ ခုမှပဲသတိရတော့တယ်၊ ဆယ်တန်းတွေအောင်စာရင်းတွေထွက်တော့မယ်လေ..."

"မုန်က ဘာရည်ရွယ်ချက်ထားတာလဲ..."

"မုန်က ဆေးဝင်အောင်ကြိုးစားထားတာ..."

"ဒါဖြင့် မုန် ကျောင်းတွေဖွင့်ရင် မအားတော့ဘူးပေါ့နော်..."

"အားအောင်လုပ်ရင်အားတာပေါ့..."

"ဒါဖြင့် ဒီခရီးကိုမမေ့တဲ့အနေနဲ့ မုန်က ကိုကြီးမာန်ဆီ အမြဲဖုန်းဆက်နေနော်..."

"ဖုန်းမဆက်ဘူး၊ မုန်ကိုယ်တိုင် ကိုကြီးဆီသွားလည်မှာ၊ ကိုကြီး မုန်လာရင်လက်ခံမယ်မဟုတ်လား..."

"အင်း..."





မုန်ဆိုတော့ သူ အင်းဟုသာချသည်။

ဇော်ကိုနှင့်မုန်တို့ စကားတွေပြောနေသမျှ သူသည် နားထောင်ရင်းကျေနပ်နေသည်ပါ...။

မုန်ကား အိမ်ရောက်ခါနီးလေ ပျော်ရွှင်နေလေဖြစ်နေရ၏။ ကားလေးသည် ရန်ကုန်မြို့တွင်းထဲဝင်ခဲ့ပြီမဟုတ်ပါလား...။

မုန်သည် စကားတွေပြောရင်း၊ ကားဘယ်နေရာရောက်နေသည်ကိုကြည့်ရင်းနှင့် မုန်၏မျက်နှာလေးနှင့်မျက်လုံးလေးတွေသည် အကြံတစ်ခုအတွက် ရယ်နေရသည်ကိုဖြင့် မာန်နှင့်ဇော်ကိုတို့မသိ...။

တဖြည်းဖြည်းနှင့်ကားလေးသည် ပြည်လမ်းမကြီးတစ်လျှောက် မောင်းနှင်လာဆဲ၊ တစ်နေရာအရောက်မှာတော့..

"ကဲ..မာန်ရေ လက်ဖက်ရည်ဆင်းသောက်ရအောင်ကွာ..."

"အင်း..."

"မင်းဧည့်သည်တွေကော ဘယ်လိုစီစဉ်ထားလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မန်နေရျာပါတယ်လေ၊ သူတို့ဟာသူတို့ဆက်ပြီး သွားကြလိမ့်မယ်..."

သူတို့ဆိုရင်း ကားပေါ်မှဆင်းသည်တွင် မှန်ထံ တစ်ချက် မျှသူတို့ကြည့်လိုက်ပြီး...

"ဆင်းလေ မှန်..."

မာန်ဆိုတော့ ကားပေါ်မှ မှန်သည် ပေလီမှယူလာ သည့်ပုန်းညက်ပင်လေးနှစ်ပင်ကို သူ့ထံလှမ်းပေးလိုက်ပြီး...

"ကိုကြီး ခဏယူထားဦး၊ မှန် ဆင်းလာမယ်၊ အပင် လေးတွေကိုရေလောင်းပေးရဦးမယ်..."

"အင်း..."

ပုန်းညက်ပင်လေးနှစ်ပင် မာန် ယူပြီးဆိုင်ထဲဝင်သွား သည်တွင် မှန်သည် နောက်ဘက်မှဟိုကြည့်ဒီကြည့်နှင့်ဆင်းခဲ့ ၏။

"ကိုကြီး ပေး၊ မှန် ရေနည်းနည်းသွားလောင်းလိုက် ဦးမယ်..."





ဆိုင်ထဲအရောက် မာန်လက်ထဲမှ ပုန်းညက်ပင်လေး နှစ်ပင်ကို မှန် ယူလိုက်ပြီး တစ်ဖက်သို့ထွက်သွားလိုက်သည်။

အအေးမှာသောက်ရင်း မှန်အလာကို မာန်နှင့်ဇော်ကိုတို့ စောင့်နေလိုက်ကြသည်။

စကားပြောရင်း သူတို့အအေးတွေသောက်ပြီးသည့်တိုင် မှန်ကား ရောက်မလာ။ မှန် ကြာနေ၍ သူတို့နှစ်ယောက် စလုံး ဟိုဟိုဒီဒီလိုက်ကြည့်သည်။

သူတို့လိုက်ကြည့်နေဆဲပင် သူတို့စားပွဲသို့ စားပွဲထိုး လေးတစ်ယောက်ရောက်လာပြီး စာရွက်လေးတစ်ရွက်ပေး သွား၍ မာန် ဖတ်ကြည့်လိုက်သည်မှာတော့...။

ကိုကြီးမာန်နဲ့ကိုကြီးဇော်ကိုတို့ကို ကျေးဇူးအများကြီး တင်ပါတယ်၊ မှန် သွားပါပြီ၊ နောက်မှတွေ့ကြမယ်...

မှန်

"ဘာလဲ မာန်..."

"ဖတ်ကြည့်..."



www.burmeseclassic.com

www.burmeseclassic.com



ဇော်ကိုမေးတော့ မာန် စာလေးကိုဖတ်နိုင်းလိုက်သည်။

"ဟား..ချာတိတ်တော့လုပ်ချသွားပြန်ပြီ၊ အလည်မလေးပဲ..."

"အဟွန်း..."

မာန် ပြုံးနေလိုက်သည်။

"မင်း စိတ်မပူဘူးဘား မာန်..."

"သူ ဒီလိုပဲလုပ်မယ်ဆိုတာ ကိုယ် ကြိုသိပြီးသားပဲ၊ ရန်ကုန်ရောက်နေပြီပဲ၊ ဘာပူစရာလိုလဲ၊ ကဲ သွားမယ်..."

မာန်ဆိုရင်းဆိုင်ထဲမှထွက်သွားတော့ ဇော်ကိုသည်လည်း မာန့်၏ အသွင်ချောချောဆီကြည့်ကာကြည့်ကာဖြင့် လိုက်ပါသွားရပါသတည်း။

× × × × ×





"ဟဲ့..အသေးလေး..."

"ဟင်..မှန်..."

"ရှူး..တိုးတိုး၊ ဘိုးဘိုးသွေးတိုးလို့ ခေးရုံတင်လိုက်ရသေးလား၊ ဟီးဟီး..."

မှန် မေးရင်းရယ်သည်။

အသေးလေးမှာလည်း မှန် ပြန်လာ၍ဝမ်းသာသွားရပြီ...

"မှန် ဘယ်လိုဝင်လာတာလဲ၊ ဘယ်တုန်းကပြန်ရောက်လဲ..."

"ခုပဲပြန်ရောက်တာလေ၊ ကိုယ့်ခြံထဲပဲ၊ ဘယ်လိုဝင်ဝင်ရတာပေါ့..."

မှန်ဆိုရင်း ဖုန်းညက်ပင်လေးနှစ်ပင်ကို ဘင်စင်ထက်တင်ထားလိုက်ပြီး လက်ထဲမှကျွတ်ကျွတ်အိတ်ကို ထမင်းစားပွဲကြီးထက် သွားရောက်တင်လိုက်သည်။

"ဘယ်လိုလဲ ဘိုးဘိုးအခြေအနေ၊ ပြောပါဦး..."

"ဘိုးဘိုးကဘာမှမဖြစ်ပါဘူး၊ ဆရာဝန်ပဲ[illegible]ခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်…”

“သိသားပဲ၊ မာယာများတယ် အဘိုးကြီးက…”

“ဒီလိုတော့မပြောပါနဲ့ဟာ၊ အဘိုးက တကယ်တော့ တော်တော်စိတ်ထိခိုက်နေရှာတာပါ…”

“သိပါတယ်၊ ဒါကြောင့် သူ့အတွက်လက်ဆောင်ဝယ်လာတာပေါ့၊ အခုပဲသွားချော့ပြီးကျွေးလိုက်မယ်…”

မှန်ဆိုရင်း လင်ဗန်းသေးသေးလေးထဲ ပန်းသီး၊ စပျစ်သီး၊ လိမ္မော်သီး၊ သရက်သီး၊ သစ်တော်သီး၊ သဘောသီးနှင့်နာနတ်သီးတွေကို အကုန်ရေဆေးပြီးထည့်လိုက်သည်။

“ဒီမှာကြည့် အသေးလေး၊ ဒါတွေဟာ သူ့အကြိုက်တွေပဲမဟုတ်လား၊ ငါ သူ့ကိုမျက်နှာသွားလုပ်လိုက်ဦးမယ်…”

မှန်ဆိုရင်း လင်ဗန်းလေးကိုမ,ကာ ထွက်ခဲ့လိုက်သည်။

ဧည့်ခန်းထဲတွင်ကား ဦးဘသောင်းသည် ပြက္ခဒိန်ကိုကြည့်ပြီး၊ မြေးလေးထွက်သွားသည့်ရက်တွေကို ရေတွက်ကြည့်နေသည်ပါ…။





ဟင်း…

ဦးဘသောင်းသည် မြေးလေးကိုသတိရခြင်းနှင့်စိတ်မချမှု ငြင်တစ်ကိုယ်တည်း သက်မမောကြီးချမိခဲ…။

“ဘိုး…”

“ဟင်…”

ခေါ်သံကြားတော့ အဘိုးကြီးငေါက်ခနဲလှည့်ကြည့်သည်။ …ကိုမြင်တော့ မျက်လုံးပင်ထပ်ပွတ်ကြည့်လိုက်သေးသည်။

“ဟင်…မြေးလေးမှန်၊ ကားသံမကြားဘာမကြားနဲ့ …ယ် လိုလုပ်ရောက်လာတာလဲ…”

“တန်ခိုးနဲ့ရောက်လာတာ၊ သွားတုန်းကလည်းမသိဘူး …ဟုတ်လား၊ အခု ပြန်လာလည်းမသိဘူးပေါ့၊ အဲဒါတန်ခိုးနဲ့လာ …အ…”

“မနောက်ပါနဲ့မြေးလေးရယ်၊ အဘိုးက ငါ့မြေးစိတ်နဲ့သေ …တော့မယ်…”

“ဘိုးဘိုးမှအနောက်ဆိုးကြီး၊ သိပ်မာယာများတယ်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်အလတ်ကြီးရှိတာ ဘယ်လိုလုစ်သေမလဲ··

ကဲပါ ဒီမှာ ဘိုးဘိုးအတွက် လဏ်ဆောင် ဘိုးကြိုက်

သစ်သီးတွေမဟုတ်လား၊ မှန် ဝယ်လာတာ၊ ဘိုးတစ်ယော

တည်းအတွက်ပဲ···”

“အေး··အေး၊ ဟုတ်ပါရဲ့၊ ကောင်းလိုက်တဲ့သစ်သီးတွေ

လတ်ဆတ်လိုက်တာ၊ ဒါနဲ့ ငါ့မြေးဘယ်သူတွေနဲ့သွားတာလဲ···”

“လူကြီးတွေနဲ့ပါ၊ ဘာမှစိတ်ပူစရာမရှိဘူး၊ မှန့်ကိုစော

စောင့်ရှောက်ကြသေးတယ်···”

“ဩော်··တော်ပါသေးရဲ့မြေးလေးရယ်၊ ဒါနဲ့ မြေး

ဝိုက်ဆံကောအလုံအလောက်ပါသွားရဲ့လား···”

“ပါတာပေါ့၊ ဒါပေမဲ့ တစ်ပြားမှမကုန်ပါဘူး၊ လူကြီးတွေ

ဗဲဒကာခံတယ်၊ အရမ်းသဘောကောင်းတာ၊ မှန့်လည်း အရမ်း

ပျော်ခဲ့တာပဲ···”

“အေးအေး ငါ့မြေးလေးပျော်လို့ ဘိုးဘိုး အရမ်းဝမ်းသာ

ပါတယ်ကွယ်၊ နောက်ဆိုရင်တော့ ဘိုးကိုအသိပေးပြီးမှသွား





ပါနော်···”

“ဟာ··မာ၊ ခုတော့မှတ်ပြီမဟုတ်လား···”

“မှတ်ပါပြီ၊ မှတ်ပါပြီ မြေးလေးရယ်··”

“အဟင်း··ဟင်း၊ ဘိုးက တကယ်လိမ္မာတယ်၊ တစ်ခါ

တည်းနဲ့ဆုံးမလိုက်တာရသွားတာပဲ၊ ဟား··ဟား··ဟား··”

မှန့်ဆိုရင်း ဘိုးကိုနောက်ကျောဖက်ကာ တစ်ချက်မွေး

လိုက်သည်။

“ဟဲ့··ဟဲ့··ဩော်··ဒီကလေး···”

မြေးချစ်ကလေးဘာလုပ်လုပ် ဦးဘဆောင်းသည်ကလည်း

ပျော်၍ပါ···။

“ကဲ··ကဲ··မြေးလေးရယ် ခရီးကပြန်လာတာအနားယူ

ပါဦး···”

“ဟုတ်ကဲ့··ဟုတ်ကဲ့၊ ဩော်··ဘိုး···”

“ဟော···”

“ဒီသစ်သီးတွေက ဘွားအုန်းလည်းတဝက်ပါတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ..အေးပါ၊ ဟင် ဒါနဲ့စောစောကတော့ ဘိုးတစ်ယောက်တည်းအတွက်ဆို..."

"ဒါက ဘိုးကိုချော့တာ၊ ဘွားအုန်းပြန်လာရင် ဘိုးကလည်း မှန်ကိုယ်စား ကောင်းအောင်ချော့လိုက်နော်၊ နောက်မှ ဘိုးတဝက်ပြန်ယူသိလား..."

"သြော်..အေး..အေး..သိပါပြီမြေးလေးရယ်..."

စကားအဆုံး မှန်ကား အပေါ်ထပ်သို့ပြေးတက်သွားပြီဖြစ်၏။

မိဘမရှိသည့်တိုင် ဘိုးလက်တွက်ကြီးပြင်းခဲ့ရသည့် မှန်၏ ဘဝလေးကား ပျော်ရွှင်ချမ်းမြေ့စရာကောင်းသည်က အမှန်ပါပင်တည်း။ ။





## - တစ်ဆယ့်ခြောက် -

"ဟေး..ပျော်မဆုံး၊ မော်မဆုံးတပြုံးပြုံး..."

မှန်တစ်ယောက် စာမေးပွဲကိုဘာသာစုံဂုဏ်ထူးတွေနှင့်အောင်၍ သီချင်းတွေအော်ဆိုရင်း အိမ်တစ်ဆောင်လုံးလှည့်ပတ်က,နေဖြစ်ခြင်းပါတည်း။

မှန် ပျော်ရွှင်နေသကဲ့သို့ အဘိုးတို့မောင်နှမနှင့်အိမ်တစ်ဆောင်လုံးကလည်း ပျော်ရွှင်ကြည်နူးနေကြသည်ပါ...။



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးရေ့ အဘိုးရေ မှန်ကိုဘာပေးမလဲ…"

သီချင်းလေးလိုလုပ်ဆိုရင်း အဘိုးကို မှန် မေးသည်။

"ပေးမယ်…ပေးမယ်၊ ငါ့မြေးဆေးကျောင်းအောင်ရင် ကား အကောင်းစားတစ်စီး ချက်ချင်းကိုဝယ်ပေးမယ်…"

အဘိုးကလည်း အားကျမခံပြန်ဆိုသည်။

"အဘွားကရောပြောပါဦးကွယ်…"

"ပေးမယ့်…ပေးမယ်၊ အဘွားကလည်း ငါ့မြေးကိုစိန်တစ် ဆင်စာပေးကိုပေးဦးမယ်…"

"ဟား…ဟား…ဟား…"

မြေးအတွက် အပျော်လွန်နေကြရသည့်မိသားစုလေးက ချမ်းမြေ့စရာအတိပါ…။

"ကဲ…ဟော့ ဒန်ပေါက်သွားမှာ၊ ငါ့မြေးရဲ့သူငယ်ချင်းတွေ ဖိတ်ပြီး ငါ့မြေးအတွက် ဂုဏ်ပြုပွဲလုပ်ကြမယ်…"

အဘိုးဦးဘသောင်း၏ ဂုဏ်ယူဝင့်ကြွားစွာပြောလိုက်သည့် စကားသံတွင် မှန်သည်လည်း သတိရစရာတစ်ခုကို ပြေးသတိ





လိုက်၍…

"ဟား…ဘိုးရေ သိပ်ကျေးဇူးတင်တယ်၊ အခု မှန် သူငယ် ချင်းတွေဆီတက်ပြီး ဖုန်းဆက်လိုက်ဦးမယ်နော် ဘိုး…"

"အေးပါ…အေးပါ၊ သွားပါ၊ ဒီမှာ ဘွားတို့စီစဉ်ထားပါ့ မယ်…"

အောက်ထပ်တွင် စီစီညံညံကျန်ခဲ့ကြသည်။

မှန်ကား အပေါ် ထပ်သို့ပြေးတက်ခဲ့ပြီး၊ မိမိနေသည့်သုံး ထပ်အရောက် တစ်ဖက် တိုက်ကြီးဆီသို့ လှမ်းကြည့်လိုက်ပြီး…

ဟင်…ကိုကြီးရဲ့အရိပ်တောင်မတွေ့ပါလား၊ တကယ်ဆို အချိန်က ကိုကြီး လေ့ကျင့်ခန်းလုပ်နေတဲ့အချိန်ပဲ…

ဘယ်သွားပါလိမ့်၊ ငါ ဖုန်းဆက်ကြည့်လိုက်ဦးမယ်…

မှန်ဆိုရင်း ဟန်းဖုန်းလေးကိုပြေးယူပြီး မာန်ဆီသို့ ဖုန်းဆက် လိုက်သည်။

ကရင်း…ရင်း…ရင်း…

ဖုန်းမြည်သံကြောင့် ဦးသာသည် ဖုန်းလေးကိုသွားရောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာနားထောင်လိုက်သည်။

"ဟဲလို…"

"ဟဲလို…အစ်ကိုကြီးမာန်နဲ့ စကားပြောချင်ပါတယ်…

"ခြော်…ကိုင်ထားနော်…"

ဦးသာဆိုရင်း မာန်နေထိုင်သည့်ငါးထပ်ဆီသို့ ခက်

ကားနှင့်တက်ခဲ့လိုက်လေ၏။

တစ်ဖက်မှ မှန်သည် တံခါးအပိတ်အဖွင့်အသံတွေကို

ထောင်နေသည်။

ပြီးတော့ စောစောကဖုန်းကိုင်သည့် လူ၏အသံ ကို

ပြန်ကြားလိုက်ရ၏။

"မာန်ရေ…ဒီမှာ မာန့်ရဲ့ဖုန်း၊ မိန်းကလေးတစ်ယောက်ပဲ"

ဦးသာဆိုတော့ မာန်သည် ရင်ထဲရော်ရှင်သွားရပုံနှင့် အ

သောမှဖုန်းကို ကြိုးတပ်နားထောင်လိုက်ရင်းက…

"ဟဲလို…မှန်လား…"

"ဟုတ်ကဲ့…အဟင်း…ဟင်း…"





စကားသံလေးနှင့်ရယ်သံလေးကို သူ ကြားရ၍ စိတ်ချမ်း

သာနေရသည်။

"အခု ဘယ်ကဆက်နေလဲ…"

"အိမ်ကပေါ့၊ ကိုကြီးကိုပြောစရာရှိတယ်…"

"ဘာလဲပြော…"

"ဟို…အစ်ကိုကြီးဇော်ရောရှိလား…"

"ဟင်အင်း…သူ…ညနေကျရင်လာမယ်၊ ကိုကြီးကို ဆေး

လာထိုးပေးမယ်…"

"ဟင်…ကိုကြီးကဘာဖြစ်လို့လဲ…"

"ခင်ဗျားပဲပေးတဲ့ဒဏ်ရာလေ၊ အခု ခါးနာနေတာအကြီး

အကျယ်ပေါ့၊ ထလို့တောင်မနိုင်ဘူး…"

"အိုး…ဟုတ်လား၊ စိတ်မကောင်းလိုက်တာ၊ ဒါဆိုရင်

မှန် မနက်ဖြန်လာကြည့်မယ်နော်၊ ခုတလောအိမ်ဝေးလို့ အစီအစဉ်

လည်းမလုပ်ရသေးလို့…"

"ရပါတယ်ကွာ၊ ဖုန်းဆက်ဖော်ရတာပဲကျေးဇူးတင်ပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



"မလာပါနဲ့..."

"မလာလို့ရမလား၊ မှန်ရဲ့ကျောပိုးအိတ်တစ်လုံးယူရဦးမယ့် ဥစ္စာ၊ အထဲမှာငွေနှစ်သိန်းခွဲပါတယ်နော်၊ ဟင်း..."

"သိပါတယ်ကွာ၊ မင်းရဲ့အိတ်အစု ကိုကြီးနားမှာပဲရှိတယ်၊ အဝတ်အစားစုံ၊ ပြီးတော့မှန့်တွေနဲ့..."

"ဟုတ်လား၊ မနက်ဖြန်မှလာယူမယ်နော်..."

"အင်းပါ..."

"ဪ..ကိုကြီး..."

"ဟင်..."

"ဒီနေ့ဆယ်တန်းအောင်စာရင်းထွက်တယ်လေ၊ မှန် ဘာသာစုံဂုဏ်ထူးတွေနဲ့အောင်တယ်..."

"ဟယ်..ဟုတ်လား၊ တကယ်ပဲ ငါ့ညီမအောင်တာဝမ်းသာတယ်ကွာ..."

ကြားလိုက်ရသည့်စကားအတွက် အမှန်ပင် မာန်လည်း ပျော်ရွှင်သွားရသည်ပါ...။





"မနက်ဖြန်ကျရင် ကိုကြီးတို့ကို မှန် ထမင်းကျွေးမယ်နော်၊ ကိုကြီးဇော်ကို့ကိုလည်းခေါ်ခဲ့..."

"ကိုကြီးတို့က မှန်ကို ဂုဏ်ပြုရမှာပါ၊ ဖေကြီးသိရင် လည်း ဝမ်းသာမှာပဲ..."

"ကိုကြီး..."

"ဟင်..."

"အခု ကိုကြီးကဘယ်နေရာမှာနေနေလဲဟင်..."

"အိပ်ရာထဲမှာပေါ့..."

"မဟုတ်ဘူးလေ၊ ကိုကြီး အိမ်ငါးထပ်ရှိတာ ကိုကြီးက ဘယ်အထပ်မှာနေနေလဲဆိုတာ..."

"ကိုကြီးက ငါးထပ်မှာနေတာ၊ ဟင် နေပါဦး မှန်က ကိုကြီး အိမ်ငါးထပ်ရှိတာဘယ်လိုသိနေလဲ..."

"ဪ..အဲ ကိုကြီးကလည်း ကားလည်းခိုးစီးပြီးပြီ မသိဘဲနေမလား..."

မှန် မျက်မှောင်ကြုတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ‥ကိုကြီး အခုမအားလို့မနက်ဖြန်မှပဲလာတော့မယ်

နော်…"

သူပင်စကားမဆိုရသေး၊ တစ်ဖက်မှ မှန်သည် ဖုန်းလေး

ကိုပိတ်သွားပြီဖြစ်၏။

မာန်ကား တစ်ခုခုကိုစဉ်းစားရင်း အတွေးနှင့်ရှိနေမိရပါလေ

၏။ ။





**- တစ်ဆယ့်ခုနစ် -**

မှန်တစ်ယောက် တစ်ဖက်ခြံသို့ လစ်ခနဲကူးခဲ့သည်။ မှန့်

အကျ်ီထဲတွင်မတော့ ဟန်းဖုန်းလေးကိုင်လာ၏။

ဂိ…

ဆင်ဝင်အောက်မှဘဲလ်ကိုနှိပ်လိုက်သည်နှင့် ဦးသာ ထွက်

လာသည်။ မှန်ကိုတွေ့သည်တွင် ဦးသာသည် စဉ်းစားသလိုကြည့်

ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဩော်..ကလေး ဘယ်သူနဲ့တွေ့ချင်လို့လဲကွဲ..."

"ကိုကြီးမာန်နဲ့လေ..."

"ဩော်..ကိုကြီးမာန်က ဒါနေ့ခရီးသွားနေတယ်ကလေးရဲ့၊ ဒါပေမဲ့ သူတော့မြန်မြန်ပြန်လာပါတယ်၊ ဇာ် လာ..လာ..."

ဦးသာဆိုရင်း ဓာန်ရှိရာနေရာသို့ ဦးသာ လိုက်ပို့သည်။

အားမါ..ဆောက်တော်သားနေရာတဲ့ကိုကြီးပဲ၊ အရမ်းကောင်းတာပဲ...

မှန်တွေ့ဆဲပင် ဝါးထပ်သို့ရောက်လာသည်။

"လာ..ကလေး..."

တခါတည်းကားမှထွက်ပြီး ဓာန်ရှိရာလျှောက်ခဲ့သည်။ မှန်သည် မာန်၏အခန်းထဲသို့ဝင်လိုက်ပြီး၊ အိပ်ရာထက် မာန်ကိုတွေ့လိုက်ရသည်နှင့် မှန်သည် မာန် အိပ်ရာကြီးထက်ပြေးထိုင်လိုက်ပြီး...

"ဟား..ကိုကြီး နေမကောင်းဖြစ်သွားတာလား၊ တော်တော်လေးကြီးနဲ့တက်ခဲ့ရတာကောင်းလိုက်တာ..."





"ကဲ..အခုဘာနဲ့လာလဲပြော..."

"ကားစီးလာတာပေါ့၊ မနက်ကတည်းကလာတာ၊ အခု ရောက်တော်ဆောနေပြီ၊ ဒါနဲ့ ကိုကြီး..ကိုကြီးပေါ်ကော လာမယ် မဟုတ်လား..."

"ရောက်ပါပြီဗျာ..ရောက်ပါပြီ၊ အတိုရှင်တော်ရတာ ကျေးဇူး တင်ပါတယ်..."

"ဘယ်..ကိုကြီးတော်..."

မှန်တို့စကားပြောဆဲပင် မာန် အိပ်ခန်းဆီသို့ ခေါက်တာ ဒော်ကိုပါရောက်လာ၍ သူတို့စကားဝိုင်းကပိုစည်ကားသွား ရသည်။

"အယ်လိုလဲ ချာတိတ်၊ လှို့ဝှက်သည်းဖိုတွေလုပ်တာ နေ့လို့ထိုင်လို့ကောင်းသွားတယ်မဟုတ်လား..."

"ဟဲ..ဟဲ၊ အခု စာမေးပွဲအကြီးအကျယ်အောင်တာ ပါနော်၊ ထမင်းလိုက်ကျွေးမယ်၊ စားမယ်မဟုတ်လား..."

"ညီးကိုကြီးကရော အမြင်လိုက်ထွက်နိုင်ရဲ့လား၊ အရင်



www.burmeseclassic.com

www.burmeseclassic.com



မေးဦး…"

"အဲ..ဟုတ်သားပဲ၊ ကိုကြီးဘယ်လိုလဲ…"

"မှန်ကလည်းကွာ၊ ဒီလိုလုပ်ပါလား၊ အမြင်မထွက်ဘဲ ကိုကြီးအိမ်မှာပဲ ဦးသာကိုစီစဉ်ချက်ပြုတ်ခိုင်းပြီး စားကြမယ်လေ…"

"ဒါဆို ကိုကြီးကျေးသလိုဖြစ်နေပြီပေါ့…"

"အရေးမကြီးပါဘူး၊ သဘောတူလားပြော၊ သဘောတူရင် ဦးသာကို အခုပြောလိုက်တော့မယ်…"

"အဟီး..ဟီး၊ မှန်အတွက်ကတော့ အားလုံးကောင်းတာချည်းပဲ၊ ကိုကြီး အိမ်မှာအကြာကြီးနေရတာပေါ့၊ ဒါမှ ကိုကြီးဆောတဲ့အားကစားစက်တွေလည်း မှန် ဆောလို့ရမှာ…"

"ဟင်..မှန်ကဘယ်လိုလုပ်သိလဲ…"

"ဩော်..အဲ..သိတာပေါ့၊ ဒီလောက်ချမ်းသာမှတော့ ဒါတွေမရှိဘဲနေမလား၊ ဟဲ..ဟဲ…"

မာန်အမေးကြောင့်၊ မှန်မှာမလုံမလဲရှိသွားရရင်း အဖြေ





တော်သွားသည်။

မာန်သည် ဂျင်းဘောင်းဘီအပြာလေးနှင့်စပို့ရှပ်အသားနှင့်ချုပ်ထားသည့်အင်္ကျီအနီး…

လက်ပြတ်လေးနှင့်ချစ်စရာကောင်းသည့် မှန်အသွင်လေးဆီ ပြုံး၍သာကြည့်နေလိုက်၏။

ဇော်ကိုသည် မာန်အတွက် လုံးဆေးနှင့်စားဆေးတွေကိုထုတ်နေရင်းမှ မာန်နှင့်မှန်ဆီကြည့်လိုက်ပြီး…

"ဩော်..မာန် ကိုယ်တော့ ဥမ္မာညီနဲ့ချိန်းလိုက်ပြီကွ…"

"ဟင်..မင်းတော့…"

"ဘာမှမင်းမတော့နဲ့ မနက်ဖြန် သူ မင်းကိုလာကြည့်ပေးလိမ့်မယ်…"

"ဟာ..ငါ့အိမ်ကိုတောင်ခေါ်လာမယ်…"

"အေးလေ..ဗိုမကောင်းဘူးလား၊ မင်း ခါးနာနေတယ်ဆိုတော့ ပိုတောင်အဆင်ပြေသေး…"

"လုပ်ပြီ..မင်းတော့…"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲသဘောတူထားပြီးတော့..."

"အေးလေ..ဒါမေမဲ့ ဒီလောက်မြန်ရလား..."

"တို့ကမြန်မြန်ပဲကြိုက်တယ်၊ ဟုတ်တယ်မဟုတ်လား၊ မှန် မင်း ကိုကြီး မိန်းမရတော့ တို့တွေစားရတာပေါ့..."

"ဟင်..စားရတာကတစ်ရက်တည်းကိုများ၊ ကိုကြီး မရ ရင် သူမိန်းမကမှန်တို့လာရင် ဘယ်ကြိုက်တော့မလဲ..."

"ဒါဆိုညည်းလေးကပါ ညည်းကိုကြီးကို သဘောမတူ ဘူး၊ ညည်းအဲဒီလိုလုပ်၊ ညည်းကိုကြီးမိန်းမ မရဘဲဟိုင်းသွား ယ်..."

"ဟိုင်းသွားလည်းဘာမှမဖြစ်ဘူး၊ သူ့ဒွေးပဲဟာ..."

"ဟင်..အရွယ်လွန်ရင်ပြဿနာနော်..."

"ဘာမှပြဿနာမရှိဘူး၊ မှန် စီစဉ်ပေးမယ်..."

ရင်ဘတ်ကိုလက်နှင့်ဖုတ်ပြီး မှန်ဆိုတော့ မာန်က ရင်သိမ့် ကျန်သွားရပြီး၊ ဒေါက်တာ ဇော်ကိုက မျက်လုံးကြီးပြူးသွား ရရင်း...





"ဟေး..ချာတိတ်၊ မင်းကနောက်နေတယ်များထင်နေ လား၊ ကိုယ်ကအတည်ပြောနေတာ၊ မင်း ကိုကြီးကအိမ် ထောင်ပြုမယ့် အရွယ်ရောက်နေပြီကွ..."

"အိုး..ယောက်ျားပဲနည်းနည်း နောက်ကျလည်းဘာမှဖြစ် ဘူး..."

"အလဲ့..."

ဇော်ကိုက မျက်လုံးကြီးတွေပြူးနေသည်။

"အဟွန်း..ဟွန်း..."

မာန်က လူကြီးရှက်တော့ရယ်နေ၏။

"မင်း အစီအစဉ်စလေ..."

"ဖြည်းဖြည်းပေါ့၊ ကိုကြီးပုံစံနဲ့တော့ ရမှာမဟုတ်ဘူး၊ မှန် စီစဉ်ပေးမှဖြစ်မယ်..."

"ဟင်..ဘာကြောင့်၊ မင်း ကိုကြီးကစုပ်ပါကွ..."

"ဟွန့်..ဘာစုပ်ပါလဲ၊ သူ ဒီလောက်ရှက်တတ်ပြီး ကျောင်း ပြီးနှစ်ခွဲသားနဲ့နေနေတာ၊ ရမယ်အားကြီးမိန်းမ..."



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရတယ်ဆိုတဲ့လူတွေက လက်ရဲစက်ရဲမှတ်ရဲတဲ့သူ
မှသိလား…”

မှန်တစ်ယောက် စကားအဆုံး၌တဟားဟားရယ်
အခန်းထဲမှ ပြေးထွက်သွားလိုက်ပါတော့သတည်း။





- တစ်ဆယ့်ရှစ် -

သည်နေ့တော့ မာန်သည် ခြံထဲဆင်းပြီးလမ်းလျှောက်
သည်။ ဇော်ကိုက ဆေးထိုးဆေးလေးပေးပြီး၊ ဦးသာကကျပ်ထုတ်
တွေထိုးပေး၍ မာန်၏ခါးနာမှာပျောက်ကင်းပြီဖြစ်၏။

သည်နေ့ဖြင့် မာန်သည် ကုမ္ပဏီဆီသို့မသွားသေးသော်
လည်း ကုမ္ပဏီသို့ဖုန်းဆက်သည်။

မနက်ဖြန်မှ ကုမ္ပဏီသို့လာမည့်အကြောင်းလည်း မာန်ရေ
ကို မာန် ပြောထား၏။

ကုမ္ပဏီသို့ဖုန်းဆက်ပြီးသည်နှင့် မာန်သည် ခြံထဲသို့လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရန်ဆင်းခဲ့သည်။

ခြံထဲအရောက်၌ လှပသောပန်းကလေးများနှင့်အတူ ...

သည် နုနယ်သောမှန်၏အသွင်လေးကိုပါ မြင်ယောင်ရ၏။

မနေ့က မှန် ရှက်ပြီးပြေးထွက်သွားသည့်အသွင်လေး...

သူ့မျက်လုံးထဲမှကိုမထွက်...။

မှန်၏အရိပ်သည် ညစဉ် သူ့အိပ်မက်ထဲထင်ရှားခဲ့သည်...

ကြာပြီပဲ...။ ပြီးတော့ မှန်နှင့်ပတ်သက်ပြီး သူ ရင်ခုန်သည်...

ပျော်သည် စိတ်လည်းချမ်းသာသည်။

ထိုကိစ္စတွေကဘာကြောင့်ဖြစ်ရသနည်းဟု သူ့ကိုသူလည်း ...

ဆန်းစစ်သည်။ သို့သော်လည်း အဖြေကမူမပေါ်သေး၊ သူ...

ရဲရဲကြီးစိတ်ကို ဝန်မခံရဲသည့်လည်း ဖြစ်တန်ရာပါတည်း...

ပြီးတော့ မှန်သည် သူ့ထက်အသက်ဆယ့်နှစ်နှစ်ငယ်သည်...

အကြောင်းလည်းပါဝင်သည်။

ဖြင်း...

သူ အပြုံးနှင့်ခေါင်းကိုယမ်းနေမိသည်။





ခုတလော မှန် သူ့ဆီလည်းရောက်မလာ၊ မုန့်လည်း မဆက်သည်မှာ လေးရက်ရှိပြီ...။

မတွေ့ရတော့လည်း တကယ်တွေ့ချင်သည်။ စကားသံ လေးကိုလည်း ကြားချင်သည်။

မှန်နှင့်အတူရှိသည့်အချိန် မှန်ကိုတွေ့နေရလျှင် သူ့ စိတ် အချမ်းသာဆုံးဖြစ်သည်ကအမှန်...။

တရင်း..ရင်း..ရင်း...

မာန်တစ်ယောက်တွေးဆဲမှာ သူ့လက်ထဲမှဖုန်းလေးက မြည်လာ၍ သူ ကြည့်လိုက်သည်တွင် ဟန်းဖုန်းနံပါတ်တစ်ခုကို သူ တွေ့လိုက်ရသည်။

"ဟဲလို..."

"ဟဲလို..အစ်ကိုကြီး အခုဘာလုပ်နေလဲဟင်..."

"အခု ခြံထဲလမ်းဆင်းလျှောက်နေတယ်..."

"ကိုကြီးမျက်နှာပြုံးနေလား၊ တည်နေလားဆိုတာပြော ဦး..."



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း..ဈေးမြိုးပြုံးနေတယ်..."

"ဘယ်သူ့အကြောင်း..."

"မင်းအကြောင်းပြောပါဦး၊ မင်း ဘယ်ပျောက်နေလဲ၊ မင်းရဲ့ကျောပိုးအိတ်လည်း ဖြန်မယူသွားသေးဘူး၊ မင်း ငွေတွေသုံးပစ် လိုက်ရမလား..."

"အဟတ်..ဟတ်၊ သုံးလေ၊ ကျောပိုးအိတ်ကဘယ်အချိန် ယူယူရတဲ့ကိစ္စပါ၊ အဆက်အသွယ်ပြတ်နေရတဲ့အကြောင်းရင်းက တော့ ကျောင်းတက်ဖို့လုပ်နေရသေးတယ်လေ...

ဟား..ဟား..ဘာလဲ၊ ကိုကြီးက မှန်ကိုတွေ့ချင်နေလို့ လား..."

"အင်းပေါ့၊ မင်း ဘယ်တော့လာမလဲ..."

"မေးမနေနဲ့လှည့်ကြည့်လိုက်..."

"ဟင်..ဘာ..."

"လှည့်ကြည့်လိုက်ပါဆို..."

"ဟင်..သြော်..ကြည့်စမ်း၊ မင်း ဘယ်အချိန်ကရောက်





နေတာလဲ..."

"ဘယ်အချိန်ရောက်ရောက်ပေါ့လေ၊ တန်ခိုးရှင်ပဲ ဟာ..."

မာန်သည် ဖုန်းလေးကိုပိတ်ပြီး မှန်ထံမျက်မှောင်ကြုတ်ပြီး ကြည့်နေမိသည်။ မှန်သည် သူ့လက်ဆီလာရောက်ချွဲကိုင်လာပြီး မော့်ကြည့်လာရင်းက...

"ကိုကြီး ပြော၊ ဘာတွေစိတ်ကူးယဉ်နေလဲ..."

"ပြောရင် ဟိုနေကာမှန်တွက်ပြေးသွားသလို ကိုကြီးလည်း ပြေးနေရဦးမယ်..."

"ဘာဖြစ်လို့လဲ၊ ဒေါက်တာ ဥမ္မာညိုကြောင့်လား [illegible] လေ၊ မရှက်နဲ့မှင့်မှင့်လင်းလင်းပေါ့၊ ဒါမှမိန်းမရမှာပေါ့..."

"အဟွန်း..ဟွန်း..."

"ပြောပါဆို၊ ဘာရယ်နေတာလဲ၊ ဘာလဲ မှန်ကို [illegible] မျက်လုံးထဲမှာကလေးမဲမြင်နေလို့လား၊ ကြည့်ထား [illegible] မနက်ဖြန်ဆိုတာကိုဆိုရင်ပဲ မှန်က ဆေးကျောင်းသူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မှာ…

အဲဒီအခါကျရင် ရည်းစားတွေကသည်းဝိုင်းဝိုင်းလည်နေတော့မှာနော်…"

မှန်ပြောရင်းရယ်တော့သည်။

"ကိုကြီး…"

"ဟင်…"

"မပျင်းဘူးလား၊ မှန်လည်းပျင်းလို့ ကိုကြီးဆီလာတာ၊ အလုပ်ကောမသွားဘူးလား…"

"မနက်ဖြန်မှ ကိုကြီးအလုပ်သွားမယ်၊ မှန်ကော ကိုကြီးကုမ္ပဏီကိုလိုက်မလား…"

"ကိုကြီး ကုမ္ပဏီ…"

"အင်း…"

"ဘယ်နားမှာလဲ…"

မှန်ဆိုတော့ မာန်သည် မိုက်ခံအိတ်ထဲမှကဒ်လေးတစ်ခုကို ထုတ်ပေးလိုက်သည်။ မှန်သည် ကဒ်လေးကိုဖတ်ကြည့်လိုက်ပြီးမှ





"မှန် လာခဲ့မယ်လေ…"

"တကယ်…ဘယ်တော့လဲ…"

"မနက်ဖြန်ဆို…"

"ကောင်းပြီ၊ ကိုကြီးစောင့်နေမယ်၊ ပြီးတော့ မှန် စာမေးပွဲအောင်တဲ့အတွက်လည်း ကိုကြီး လက်ဆောင်ဝယ်ပေးမယ်…"

"ဟုတ်ပြီ၊ လက်ဆောင်ရမယ်ဆိုတော့ လာမှကိုဖြစ်မယ်…"

မှန်ဆိုရင်း သူ့ကိုဖက်တော့ သူသည် အသက်ရှူမှားရ၏။ မှန်ကတော့ ကလေးဆန်ဆန်အပြုအမူတွေနှင့် သူ့ကိုတရင်းတနှီး ကြီးဆက်ဆံနေသော်လည်း သူကား အသည်းကမခိုင်တခိုင် ဖြစ်နေရလေပြီတကား…။

"ကရင်း..ရင်း…ရင်း…"

သို့တို့စကားဆိုခဲ ဖုန်းသံကမြည်လာ၍ ဖုန်းလေးကိုကိုင်လိုက်သည်နှင့် ဒေါက်တာ စော်ကိုဆီကမှန်း သိလိုက်ရ၏…



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို..ပြော ဇော်ကို..."

"..........."

"အဟွန်း..အေးပါကွာ..."

"..........."

"အင်း..အင်း..ကိုယ် စောင့်နေပါ့မယ်၊ ကောင်းပြီ..."

မာန် ဖုန်းပြောပြီး၍၊ မာန် လှည့်ကြည့်တော့ မှန်ကား ပျောက်ကွယ်သွားပြန်ပြီဖြစ်၏။

မာန် တစ်ချက်တော့ရှာဖွေကြည့်သေးသည်။

ပြီးမှ မထူးဆန်းတော့သလိုအသွင်နှင့် မာန်သည် အေး အေးဆွာသာတစ်ကိုယ်တည်းပြုံးနေဖြစ်လိုက်၏။





- တစ်ဆယ့်ကိုး -

ဟင်..ဟိုဟာ...

မာန်တစ်ယောက် အံ့သြစွာဖြင့်နုတ်မှထွက်သွားခြင်းပါ။

ပြီးတော့ သေချာအောင်လည်းပို၍ စိုက်ကြည့်လိုက်သည်။

အင်း..အဟွန်း..အဟွန်း...

မာန် စဉ်းစားပြီးလည်း ပြုံးဖြစ်သွားသည်။

အာဂလေးပဲ...

နှုတ်မှအသည်းတယားယားဆိုရင်း မာန်သည် တစ်ဇက်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးထဲသို့ ဟိုဟိုဒီဒီ ရှာဖွေကြည့်မိသည်။

ဒီအပင်လေးနှစ်ပင်ကို ငါ မှတ်မိတာပေါ့…

ပေလီကာ မှန် ဝယ်လာတဲ့ ပုန်းညက်ပင်လေးနှစ်ပင်၊ ဒီအရွယ်ပဲ…

ပြီးတော့ ဒီအပင်လေးနှစ်ပင်ကို တမင်သက်သက် ဝရံတာ ဘောင်ထက်မှာ တင်ထားတယ်ဆိုကတည်းက…

ဖျော့ အပွန်း ပွန်း၊ ငါ သိအောင်၊ ငါ မြင်အောင် တမင်ထားပြတာပဲဖြစ်ရမယ်…

တော်တော်လည်တဲ့ကောင်မလေး၊ ဒါကြောင့်ပေါ့၊ ဒီလိုခြံ ချင်းကပ်နေနေလို့သာ ငါ့ဆီပြန်းခနဲရောက်လာပြီး၊ ပြန်းခနဲ ပျောက်သွားတာ…

ဒီလိုခြံချင်းကပ်နေလိမ့်မယ်လို့ ငါ တစ်ချက်မှတော့မစဉ်း စားမိဘူး…

အင်း…ချာတိတ်၊ နေပါစေဦး၊ လာမှသိမယ်…

ငါလည်းမသိချင်ယောင်ပဲဆောင်နေမယ်…





ဒါပေမဲ့၊ ဦးသာကိုတော့ ဟိုဘက်ခြံက မိသားစုတွေ အကြောင်းစုံစမ်းခိုင်းထားဦးမှ…

အပွန်း အပွန်း…

မာန်တစ်ယောက် ကျေနပ်စွာပြုံးရင်းမှ ဝရံတာမှ ခွာ ခဲ့သည်။

သူ နာရီဆီတစ်ချက်ကြည့်လိုက်သည်။ လျှော်ချွမ်းလှပ ပြီမို့ ရေမိုးချိုးပြင်ဆင်ရန် ဝါးထဝ်သို့ သူ ဆက်ခဲ့သည်။

ခုတလော ဘာကြောင့်မှန်းကိုမသိ…။

ဘာပဲလုပ်လုပ်၊ ဘယ်လိုပဲနေနေ၊ မှန်ဏါနုနယ်သောအသွင် လေးကိုသာ သူ မြင်ယောင်နေမိရလေ၏။

သူ တွေးမိသည်။ သူငယ်ချင်း ဇော်ကို ပြောသလိုပင်။ မှန်ဆိုသောချာတိတ်လေးသည် သူနှင့်ဖူးစာဖက်မည့်သူပေလား ဟု…

မဖြစ်နိုင်ဟုတော့ သူ ထင်သည်။

အဘယ်ကြောင့်ဆိုသော် မှန်သည် သူနှင့်အသိနှစ်မ ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



နစ်နစ်ခွဲ ငယ်နေရသည်မဟုတ်ပါလား…။

သူ တစ်ကိုယ်တည်းတွေးရင်း၊ ရှက်သလိုရင်ခုန်သလိုဖြင့် နောက်ဆုံးသော် မာန်သည် ကုမ္ပဏီသို့သွားရန်ပြင်ဆင်ပြီး အောက် ထပ်သို့ဆင်းခဲ့လေ၏။

“လာ…မာန်…”

သူ့ကိုတွေ့သည်နှင့် ဦးသာကကော်ဖီပွဲအသင့်နှင့်ကြိုသည်။ သူသည် ပေါ့ပါးလန်းဆန်းနေသောစိတ်၊ ရင်ခုန်သလိုရှိနေ သောစိတ်တို့ဖြင့် ကော်ဖီပွဲတွင်ဝင်ထိုင်လိုက်ရင်းက…

“ဦးသာ…”

“ဟင်…ပြော မာန်…”

သူ့ရှေ့မှဖန်ခွက်ထဲ ကော်ဖီထည့်ပေးရင်းမှ ဦးသာ ဆိုသည်။

“ကျွန်တော် ဦးသာကို တစ်ခုလောက်စုံစမ်းခိုင်းချင် တယ်…”

“ရတယ်လေ၊ ဘယ်သွားရမလဲ၊ ဘာကိုစုံစမ်းရမလဲဆို





တာသာပြော၊ မာန် စိတ်ကြိုက်ဖြစ်အောင် ဦးသာ စုံစမ်းပေး မယ်…”

“စုံစမ်းရမှာက ဟိုဘက်ခြံတင်ပါ၊ အဓိကစုံစမ်းရမှာက မှန်ဆိုတဲ့ကောင်မလေးအကြောင်းပဲ…”

“ဘယ်လို…မာန်ဆိုတဲ့…”

“ဟုတ်တယ်၊ သူ့နာမည်ကလည်းမှန်တဲ့၊ ကျွန်တော် နာ မည်နဲ့အသံတွက်တူတယ်၊ ဒါပေမဲ့ စာလုံးပေါင်းတော့ကွဲတယ်”

“သိပြီ…သူက မ,ဟထိုးနသတ်မှန်ပေါ့…”

“ဟုတ်တယ်…”

“ကဲ…ပြော၊ ဘယ်အချက်အလက်တွေကိုစုံစမ်းပေးရ မလဲ…”

“သူ့ရဲ့မိသားစုတွေအကြောင်းနဲ့ သူ့ရဲ့သီးခြားအကြောင်း တစ်ခုပေါ့၊ ဦးသာ သဘောပေါက်လားမသိဘူး…”

ပန်းရောင်သန်းနေသည့်မျက်နှာချောချောနှင့် မာန့်သော စကားကြောင့် ဦးသာသည်လည်း သဘောပေါက်သလို ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညီတော်ပြုရင်း…

"ကောင်းပြီ…ကောင်းပြီ၊ စိတ်ချ ဦးသာ ချက်ချင်းစုံစမ်း

ပေးမယ်၊ ဒီတစ်ရက်နှစ်ရက်ထဲသိစေရမယ်…"

"ကျေးဇူးပါပဲ၊ ကဲ ကျွန်တော်သွားပြီ…"

"ကောင်းပြီ…"

ကော်ဖီသောက်ပြီးနောက် မာန်သည် အိမ်ထဲမှထွက်

သည်။ မှန်သည် ကားရပ်ထားရာဆီသို့လှမ်းခဲ့ဆဲ…

"ကရင်း…ရင်း…ရင်း…"

ဖုန်းလေးမြည်လာ၍ ဖွင့်ကြည့်လိုက်သည်တွင် ဖုန်းနံပါ

ပါတွေ့လိုက်ရ၍ ပြုံးလိုက်ပြီး…

"ပြော…ချစ်တိတ်…"

"အစ်ကိုကြီး အခုဘာလုပ်နေလဲဟင်…"

"အခု ကုမ္ပဏီဆီသွားတော့မလို့၊ မင်း ကုမ္ပဏီကိုဒီနေ့

လာမယ်ဆို…"

"အဲဒါကြောင့်ဖုန်းဆက်တာပေါ့၊ မှန် မလာဖြစ်တော့





ဒီနေ့ကျောင်းတက်မယ့်အချိန်မှာ မှန် လိုက်လုပ်စရာရှိသေးလို့ပါ"

"ကောင်းပြီလေ…မနက်ဖြန်ရောအားမလား…"

"ပြောမတတ်သေးဘူး၊ မှန် ဖုန်းဆက်မယ်လေ…"

"ကိုကြီးအိမ်ကိုရော မင်း ဘယ်တော့လာမလဲ၊ အင်းလေ

မလာပါနဲ့အိမ်ကဝေးတယ်၊ ဖုန်းပဲဆက်ရင်လည်းရပါတယ်…"

"ရပါတယ် ကိုကြီးရဲ့၊ ကားပုံရှိတယ်မဟုတ်လား၊

လာချင်ရင်အနီးကလေးတဲ့…"

"အင်း…ဟုတ်တာပေါ့၊ အဟွန်း…ဟွန်း…"

"ကိုကြီး ဘာရယ်တာလဲ…"

"မြော်…ဗင်းကိုမြင်ယောင်နေလို့ပါ၊ ကဲ ကိုကြီး သွား

မယ်နော်၊ မင်း လာမယ်ဆိုရင်ဖုန်းဆက်လိုက်…"

"ဟုတ်ကဲ့…"

"မြော်…မှန်…"

"ရှင်…ဘာလဲ ကိုကြီး…"

"သေးကျောင်းက ကိစ္စတွေပြီးတဲ့အခါ ညည်းစားတွေ

www.burmeseclassic.com

www.burmeseclassic.com



အများကြီးမထားနဲ့နော်…”

“ဟင်··ရည်စားများ၊ မှန်မှာကရှိပြီးသား…”

“ဟင်··ရှိပြီးသား…”

သူ ရင်ထဲဒိန်းခနဲဖြစ်စွာ မေးဖြစ်ရသည်။

“အင်းလေ··ရှိပြီးသား၊ ကိုကြီး မသိဘူးလား…”

“ဘယ်သူလဲ၊ နာမည်ဘယ်လိုခေါ်လဲ…”

“မသိဘူး··မသိဘူး၊ နောက်မှပြောမယ်…”

“ဟင်··ဟေ့··ဟေ့··အဟွန်း··အဟွန်း…”

စကားအဆုံး မှန်တစ်ယောက် ဖုန်းကိုဂွပ်ခနဲချသွားပြီး

ကုမ္ပဏီသို့သွားတော့မည့် မာန်သည်လည်းရင်ဝ

ဖော်မပြ နိုင်သော ပျော်ရွှင်မှုများစွာဖြစ်သွားရပါလေသတည်း





– နှစ်ဆယ် –

“သူဌေး··ကျွန်တော် ရောက်ပြီ…”

“စာရေးကြီး ကိုညွန့်ကိုခေါ်ပေးပါဦး…”

“ဟုတ်ကဲ့ သူဌေး…”

ရုံးခန်းထောင့်လေးထွက်သွားသည်တွင် မာန်သည် စာရေး

ကြီးလက်ထဲအပ်ရန်အတွက် ဖိုင်နှစ်ခုကိုဖယ်ထားလိုက်သည်။

“သူဌေး…”

“ပြော··ကိုညွန့်ရော…”

“ဟုတ်ကဲ့ သူဌေး၊ ကိုညွန့် ကုမ္ပဏီကိုမရောက်သေးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ စောစောကတော့ သူ ဖုန်းဆက်ထားတယ်လို့ပြောပါတယ်...

သူ့မိန်းမကလေးဖျက်လို့တဲ့၊ အဲဒါ သူ ဆေးရုံတင်နေရလို့ပါတဲ့၊ သူ့ယောက္ခမနဲ့ထားပြီးရင် သူ ကုမ္ပဏီကိုလာပါ့မယ်တဲ့..."

"ဟင်..အေးလေ၊ ဘယ်တတ်နိုင်မလဲကွာ..."

"သူ့ရွှေး..."

"ဖွစ္ စည်းထုတ်မယ့်အမျိုးအမည်စာရင်းတွေက စာရေးကြီးဆီမှာဆိုတော့ အခုစာရေးကြီးကမရောက်သေးလို့ ဖွစ္ စည်းထုတ်မယ့် သူ့တွေစောင့်နေရတယ်..

ဒီစာရေးကြီးက ဒီပုံမျိုးခဏခဏဖြစ်နေတယ် သူ့ရွှေး၊ သူတစ်ယောက်နဲ့လုပ်ငန်းတွေမှာအနှောင့်အယှက်ဖြစ်ရတယ်...

ဒါကြောင့် သူ့ကိုကျွန်တော်တို့အလုပ်မှာဆက်ထားရင် ဖြစ်ပါ့မလား၊ ဒါမှမဟုတ် နေရာပြောင်းလိုက်ရင်ကောင်းမလားလို့ ကျွန်တော် စဉ်းစားပြီး သူ့ရွှေးနဲ့လာဆွေးနွေးကြည့်တာပါ..."





အတွေ့တွေ့မှန်နေကျစကားကြောင့် မာန်သည် တစ်ချက်အူခြင်းစားပြီးမှ...

"ကျန်းမာရေးကိစ္စဆိုတော့လည်း အခက်သားဗျာ..."

"လွန်နေပြီ သူ့ရွှေး၊ သူ့မိန်းမကတစ်လမှာ ရက်လေးဆယ် လောက်ကျန်းမာရေးချို့တဲ့နေတာ..

တော်ကြာကလေးပျက်ပြန်ပြီ၊ တော်ကြာသွေးပေါင်ကျပြန်ပြီ၊ တော်ကြာခေါင်းမူးပြန်ပြီ၊ တော်ကြာဘာဖြစ်..တော်ကြာဘာဖြစ်နဲ့ ကြားနေရတာသိပ်များနေပြီ..

အစကတည်းကသူ့ကိုပြောတယ်၊ သူ့မိန်းမကိုမယူပါနဲ့လို့၊ မိန်းမခင်ဗျားယူရင် ရောဂါသည်တစ်ယောက်မွေးရမှာနဲ့အတူတူပဲလို့..

သူ့မိန်းမက သူနဲ့မရခင်ကတည်းက အရိုးတစ်ချောင်းပဲရှိတာ၊ အသက်ငယ်ငယ်လေးနဲ့ဒီလောက်ပိန်တာ ကျန်းမာရေးဘယ်လိုလုပ်ကောင်းနိုင်မှာလဲ..

ပြီးတော့ သူ့မိန်းမကမော်ဒယ်တဲ့ ဆရာ၊ ဒီမော်ဒယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူ ယူမိလို့အခု သူ မောတယ်ဖြစ်နေပြီ…”

အတွေတွေမန်နေဂျာစကားများအား မာန်သည် အမှတ်တမဲ့ရယ်မိ အလေးထားနားထောင်ဖြစ်သွားရသည်။

“သူ ကိုယ်တိုင်ပဲပြောတယ်၊ လူပျိုဘဝက သူ စုဆောင်းထားတာ၊ မော်ဒယ်မိန်းမကိုယူလိုက်ကတည်းက တဝီဝီကုန်တော့တာပဲတဲ့၊ အခုဆိုရင် လိုက်တောင်ချေးငှားနေရပြီတဲ့…

အဲဒါ ပိန်တကာ့ပိန်တဲ့မော်ဒယ်ကိုမှလိုချင်ဦးမေ့၊ သူကတော့ သူ့မိန်းမအတွက်အချိန်ကုန်တာ၊ ဒီမှာကအချိန်နဲ့လုပ်ရတဲ့ ဒီ ပုပ်တွေဗျာ၊ တအားဒုက္ခဖြစ်နေတာ…”

“ကဲလေ၊ ခုမှပြောနေလည်းအလကားပါပဲဗျာ၊ သူ လာတဲ့ အခါမှသူနဲ့ဆွေးနွေးပြီး တစ်ခုခုစီစဉ်ကြတာပေါ့…

သူ့ကိုအလုပ်ထုတ်ဖို့တော့မဖြစ်နိုင်သေးဘူး၊ သူ့ရဲ့စားဝတ်နေရေးအတွက် နည်းနည်းတော့ငဲ့ညှာရမယ်…”

“ဟုတ်ကဲ့ သူဌေး၊ ကျွန်တော်ကိုခွင့်ပြုပါဦး…”

အတွေတွေမန်နေဂျာ ထွက်သွားသည်နှင့်ပင် ဒေါက်တာ





ဇော်ကိုတစ်ယောက် မိတ်ပန်းကိုယ်ပန်းပုံကြီးနှင့် သူ့ရုံးခန်းဆီသို့ရောက်လာ၏။

“ဟာ..သူဌေးရှင်း ဘယ်လိုပုံစံကြီးလဲကွာ၊ ကြည့်ရတာမျက်စိထဲကိုမရှုမ်းသာဘူးဖြစ်သွားတယ်…”

“အေး..မြော၊ ငါလည်းဖတ်ဖတ်ကိုမောသွားတာပဲကွာ…”

“ဘယ်လိုဖြစ်လို့လဲ…”

“ဟူး..အဖြစ်ကတော့ လှတာမက်လို့ညစာချက်တဲ့အဖြစ်ဘာအစပဲ၊ ငါ့မိန်းမမော်ဒယ်လေးပေါ့ကွာ…”

“ဟင်…”

မာန်တစ်ယောက် မျက်လုံးကြီးနှစ်ဖက်မြင့်တက်သွားသည်။

စောစောကပဲ မော်ဒယ်မိန်းမအကြောင်းတစ်ခု နားထောင်ပြီးသွားသည်။ ခုလည်း မော်ဒယ်ဇနီးမယားအကြောင်းက ထပ်လာ ပြန်သောကြောင့်ပါ…။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး..မာန်ရေ ကိုယ့်မိန်းမကို ဆေးရုံတင်ထားရပြန်ပြီ"

"ဟင်..ဘာဖြစ်လို့..."

"ကလေးပျက်လို့၊ ခုတော့ကလေးမရတော့ဘူး ကောင်းကွာ..."

ဆိုဖာကြီးထက် ခြေပစ်လက်ပစ်ထိုင်နေရင်း ဇော်ကို ဆိုသည်။ ဇော်ကိုအသွင်က တော်တော်မှုန်မှိုင်းနယ်နေရလေ၏။

"မယူခင်က ငါ့မိဘတွေကပြောသားပဲ၊ သားယူမယ့်မိန်းကလေးဟာပိန်လွန်းတယ်၊ အားမရဘူးတဲ့..."

ငါကပိန်တာကြိုက်ခဲ့တာကိုး၊ အဟွန်း..ခုတော့ ငါ့မိန်းမက ပိန်အောင်လုပ်ရင်း အစားတွေလျှော့ရင်းနဲ့ရောဂါစွဲပြီ...

တဲ..ငါ့ကိစ္စထားပါတော့ကွာ၊ မင်းလည်း ဒေါက်တာဥမ္မာညိုကို ယူဖို့စိတ်မကူးနဲ့တော့..."

"ဟာ..ကိုယ်လည်းယူဖို့မပြောမိပါလား..."

"အေး..ကောင်းတယ်၊ သူ့အသက်ကာမင်းနဲ့ဆိုရင် ရွယ်တူပဲရှိမယ်၊ သူ့ပုံစံလည်း ငါ့မိန်းမလိုပဲ၊ ဟန်မပျက်ပုံမပေါ်ဘူး..."





ယောက်ျားတစ်ယောက်အတွက် ခုခေတ်ရဲ့သိုးအိုနိုးအရ အိမ်ထောင်ဘက်ရွေးရဖို့က အသက်ငယ်ရမယ်...

အသားအရည်စိုစိုပြေပြေရှိဖို့ ကျန်းမာရေးကောင်းဖို့အဓိက ပဲ၊ အစကတည်းက မီးယပ်ပိန်၊ မီးယပ်ခြောက်ရိုးကိုယူရင်တော့ ကိုယ့်လက်ထဲရောက်တာနဲ့ စုထားတော့ပျဉ်ဖို့...

မိန်းမဆိုတာ အိမ်ထောင်ပြုရင်ကလေးမွေးပေးရမယ်၊ ကိုယ်ဝန်ဆောင်ပေးရမယ်၊ အဲဒီအတွက် ခွန်အားတွေလိုတယ်လေကွာ၊ အိမ်ထောင်ပြုတဲ့မိန်းမတစ်ယောက်၊ ဒါမှဖြစ်ဖြစ်ခြောက်ခြောက်မရှုပ်ပေးနိုင်ရင် ဘာယီလိုလုပ်မလဲ...

တချို့အိမ်ထောင်တွေကွဲသွားတာယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘန်တုန်းမာတုန်းမှာ ယောက်ျားကမုဆိုးထီးဖြစ်သွားရတာယ် ဆိုတာ ဒီလိုမိန်းမမျိုးတွေယူမိကြလို့ပေါ့..."

"အဟွန်း..ဟွန်း..."

"မရယ်နဲ့ မာန်၊ ငါ အကောင်းပြောနေတာ၊ ဥမ္မာညိုလည်း ငါကြည့်တာ သူကိုယ်တိုင်က ဆေးရာဝန်ဘာဆိုတာယ်



www.burmeseclassic.com

www.burmeseclassic.com



နှာဖူးလေးတရှုံ့ရှုံ့နဲ့…

အစက ငါ့မိန်းမပုံစံမျိုးအတိုင်းပဲ၊ မဖြစ်ပါဘူးကွာ၊ အားမရဘူး၊ ခုလည်းခေါင်းမူးလို့ခွင့်ယူထားတယ်ဆိုလား၊ ကြားခဲ့တယ်၊ ဒီမှာ မာန်၊ မင်းအတွေးမမှားနဲ့နော်၊ ငါ့ကိုပဲကြည့်၊

ဒ စိတ်ညစ်ပြီးမောဟိုက်နေတဲ့ပုံ မင်းမျက်လုံးထဲထည့်ထား…

မင်း မိန်းမယူရင်အသက်ငယ်တာပဲယူ၊ ဘာပြောပြော မိန်းမဆိုတာ ကိုယ့်ထက်ဆယ်နှစ်လောက်ငယ်ထားမှတန်ကာကျတယ်…”

ထိုစကားအတွက် သူသည် မှန်ကိုသာမြင်ယောင်နေဖြစ်ရလေ၏။

တစ်ဆက်တည်းလည်း သူသည် စိတ်လှုပ်ရှားခြင်းတွေနှင့် ဆုံးဖြတ်ချက်တစ်ခုကိုပါ အပီအပြင်ချဖြစ်လိုက်ရပါတော့သတည်း။

× × × × ×





ညရှစ်နာရီ…

အောက်ထပ်ဧည့်ခန်းကြီးထဲတွင် မာန်နှင့်ဦးသာတို့သည် အတိကျဆုံးနှင့်အလေးနက်ဆုံးသောစကားတွေကို ဆိုရှမြစ်လေ၏။

“ဦးသာ ကျွန်တော်ကတော့အချိန်မဆွဲချင်တော့ဘူး…”

“စိတ်ချပါ၊ ဦးသာကလည်းဘယ်အရာပ်မျိုးမဆို မိမိကို တိတိကျကျလုပ်တတ်တဲ့သူပါ…

အခု ဦးသာပြောပြလို့ သူတို့မိသားစုအကြောင်း မာန် သိပြီမဟုတ်လား…”

“ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ်…”

“လုံလောက်ရဲ့လား…”

“ပြည့်စုံပါပြီ…”

“ဒါဖြင့် ဒုတိယကိစ္စတစ်ခုကို မနက်ဖြန်မှ ဦးသာ ဆက် လုပ်လိုက်မယ်…”

“ဟုတ်ကဲ့…”



www.burmeseclassic.com

www.burmeseclassic.com



"မာန့်နဲ့ကဘာယ်အချိန်တွေ့ဖို့ ချိန်းမလဲ…"

"အဲဒါတွေ ဦးသာပဲစီစဉ်ခဲ့ပါ၊ ကျွန်တော်ကအသင့်ရှိမယ်၊ ပြီးတော့ ငပလီသွားတဲ့ကိစ္စတွေလည်း သေချာရှင်းပြလိုက်ပါ…"

"စိတ်ချပါ မာန့်၊ ဘာပဲပြောပြော ဒီကိစ္စကိုဆောင်ရွက်ပေးရလို့ ဦးသာ အရမ်းပျော်တယ်…"

"ကျွန်တော့်အတွက်မှာလည်း ဦးသာပဲအမီအဖနေရာရှိနေတယ်မဟုတ်လား…"

"မာန့် ဒီလိုနေရာပေးတဲ့အတွက် ဦးသာ စိတ်အချမ်းသာဆုံးပါပဲ လူလေးရယ်…

စိတ်ချ၊ မာန့်ရဲ့သားမြေးမြစ်တိုင် ဦးသာ သက်ဆိုးရှည်သရွေ့စောင့်ရှောက်သွားဖို့ ကတိပေးတယ်…"

ဦးသာစကားများအတွက် မာန့်သည် စည်းစည်းမြိမြိခြင်း၊ ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်းတွေဖြင့် ပြုံးနေမိတော့၏။

"ဟဲ့… မာန့် အနားယူတော့…"





"ဟုတ်ကဲ့…"

အောက်ထပ်မှအပေါ်ဆုံးထပ်သို့ မာန့် တက်ခဲ့သည်။

ပြီးတော့ မာန့်သည် ဝရံတာမှတစ်ဖက်ခြံဆီသို့ ငုံ့ကြည့်သည်။

အမှောင်း…

ပြီးတော့ မာန့်သည် စိတ်ကူးနှင့်ကြည်မွေ့စွာပြုံးဖြစ်၏။

www.burmeseclassic.com



## - နှစ်ဆယ့်တစ် -

"မြေးလေးရေ..မှန်..."

"လာပြီ ဘိုးရေ..."

ခေါ်လိုက်သည်နှင့်မှန်ကား တုံးစံအတိုင်းပျော်ရွှင်ပေါ့ပါးခြင်း၊ လန်းဆန်းခြင်းတွေနှင့် ဘိုး၏အလုပ်ခန်းထဲသို့ ပြုံးခနဲရောက်လာ၏။

"ဟင်..ဘွားအနံ့လည်းရှိနေတာကိုး၊ ကျွန်တော့ ဘွားအနံ့ ဆွဲခံထိနေတာထင်တယ်ဟုတ်လား..."

တကာယ့်ကလေးဆန်ပြီး ချစ်စရာကောင်းသည့်မြေးလေး





အား ဦးဘသောင်းကော ခေါ်ခင်အုန်းပါ အပြုံးတွေနှင့်ကြည့်နေဖြစ်လေ၏။

"ဟင်..ပြောလေ ဘိုး၊ ဟွန်း..မှန်ကိုများကြည့်နေကြတာက ရွှေတုံးရွှေခဲကြီးကောက်ရနေတဲ့ပုံမျိုးပဲ၊ အဟတ်..ဟား...ဟား..."

မှန်ဆိုရင်း လက်ခုတ်တီးလိုက်၊ ပါးစပ်ကလေးပိတ်လိုက်နှင့်ရယ်၏။

"ဟုတ်တယ် မြေးလေးရေ၊ ငါ့မြေးကမှ တကယ့်ရွှေတုံးရွှေခဲလေ၊ ဘိုးရဲ့ဘဝမှာ ငါ့မြေးနဲ့ကျမှ စိတ်ချမ်းသာရတာပါ..."

"ဟင်..ပြောပြီ၊ ဒီစကားတွေပြောပြီး ဘာတွေခိုင်းဦးမလဲမသိဘူး..."

"ဘိုးပြောတာ မြေးလေးနားထောင်ဦး..."

"ဟုတ်ကဲ့..."

"ဘိုးမှာ သမီးမေမေအပါအဝင် သမီးလှည်းပဲလေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်မွေးခဲ့တယ်…”

အတိတ်ဟောင်းတွေအကြောင်း ဒီနေ့မှထူးခြားစွာဆိုတော့ မှန်သည် ဘိုးမျက်နှာဆီသေချာစွာကြည့်နေလိုက်၏။

စကားတွေအဆုံး၌ ဘိုးအသွင်သည် လေးနက်စွာခံစားနေရသည်ပါ…။

“ဒါပေမဲ့ ဘိုးက သမီးတွေကြောင့် ကံဆိုးခဲ့ရတယ်၊ အရှက် တွေကွဲခဲ့ရတယ်…

ဘိုးရဲ့သမီး လေးယောက်စလုံးက ဘိုး သဘောမတူတဲ့ သူတွေနဲ့ချည်းပဲ ခိုးရာတွေလိုက်ပြေးကြတယ်လေ…

ငါ့မြေးစဉ်းစား သူတို့နှစ်သက်တဲ့သူတွေက ဆိုက္ကားသမား ပွဲစားလိုလိုဘာလိုလိုအကောင်မျိုးနဲ့ သူများအိမ်ကဒရိုင်ဘာလုပ်တဲ့သူတွေဆိုတော့…

ဘိုးလိုအဆင့်အတန်းမျိုးနဲ့ သမီးတွေကိုဘယ်လို ဘိုး သဘောတူကြည်ဖြူနိုင်မလဲ…”

ဘိုးခံစားချက်တွေကို မှန် ခုမှသိသည်။





စိတ်လည်းဝင်စား မိသည်။

ဘိုးဘက်မှ ထောက်လည်းခံမိသည်။

“ဒါကြောင့် သူတို့တွေကို သားသမီးတွေအဖြစ်က စွန့်လွှတ်လိုက်တယ်…

ပြောရရင် ဘိုးလည်းကံမကောင်းသလို၊ သူတို့တွေလည်း ကံမကောင်းကြဘူး၊ ဒါဟာ ဘဝဝဋ်ကြွေးလို့ပြောရမယ်…

ဘိုးရဲ့သမီးတွေဟာ ဘိုးကလည်းစွန့်ပစ်၊ သူတို့ယောကျ်ား တွေကလည်း ပစ်စလက်ခတ်ထားတော့ နောက်ဆုံး သူတို့တွေဟာ အသက်ရလည်းချို့တဲ့တဲ့အပြင် စိတ်ဆင်းရဲကိုယ်ဆင်းရဲတွေနှင့် မီးတွင်းထဲမှာပဲဆုံးကြရတယ်…

မြေးလေးရဲ့အမေကတော့ ဘိုးရဲ့တတိယမြောက်သမီးပဲ၊ သူ့ယောကျ်ားဒရိုင်ဘာလေးက ကားတိုက်သေသွားတယ်…”

“သမီးရဲ့ဖေဖေပေါ့…”

“ဟုတ်တယ်…”

“သနားပါတယ်၊ မေမေကရော…”



www.burmeseclassic.com

www.burmeseclassic.com



"အင်း..အားလုံးထဲမှာ ဒီဒရိုင်ဘာလေးကတော့ အတော်ဆုံးပဲလို့ဆိုရမယ်၊ သမီးရဲ့မေမေက သူ့ယောကျ်ားဆုံးတော့ ကိုယ်ဝန်ကြီးနဲ့ ဘိုးရဲ့အိမ်ကိုပြန်ရောက်လာတယ်...

ဟင်း..မိဘဆိုတော့လည်း လက်ခံဖြစ်တယ်လေ၊ ဒါပေမဲ့ သမီးရဲ့မေမေဟာလည်း သမီးကိုမွေးပြီး သူ့ယောကျ်ားစိတ်နဲ့ပဲ မီးတွင်းထဲမှာဆုံးသွားတာပါပဲ..."

"အော်..သနားလိုက်တာ..."

"ဟုတ်တာပေါ့လေ၊ ဒါပေမဲ့ သူတို့တွေရဲ့အချိန်တွေက ဒီလောက်ပဲရှိတာဆိုတော့ ဘိုးလည်းမတတ်နိုင်ဘူးပေါ့..."

"အင်း..."

"မြေးလေးကတော့ ကံကောင်းစွာနဲ့ပဲ ဘိုးရဲ့လက်ထဲမှာ ကျန်ရစ်တယ်၊ မြေးမိန်းကလေးဆိုတော့ ဘိုးရဲ့သမီးတွေလိုဖြစ်မှာ ဘိုး တော်တော်ကြောက်တယ်၊ စိုးရိမ်တယ်လေ..."

"ဟုတ်တာပေါ့ ဘိုးရယ်..."

"ဒါကြောင့် ငါ့မြေးကို ဘိုးကယောကျ်ားလေးလိုပဲဝတ်





စားဆင်ယဉ်နိုင်းပြီး ဘယ်သွားသွား ဘိုးပါမှသွားခိုင်းတာပါ..."

"အော်..မသိလို့သွားခဲ့မိတာပါနော်၊ ခွင့်လွှတ်ပါနော် ဘိုး"

"ခွင့်လွှတ်ပါတယ် မြေးလေးရယ်၊ အခု ငါ့မြေးကိုခေါ်ပြီး ပြောမယ့်ကိစ္စက၊ ဘိုး မြေးလေးကိုလည်း ဘိုးရဲ့သမီးတွေလိုဖြစ်မှာစိုးလို့ ဘိုး စိတ်ကြိုက်မြေးလေးအတွက် အိမ်ထောင်ဖက်ကို ဘိုး ရွေးချယ်လိုက်ပြီကွဲ..."

"ဟင်..ဘိုး၊ မှန်က ခုမှဆေးကျောင်းတက်ရမှာ..."

"ရပါတယ်၊ အိမ်ထောင်ပြုပြီး ကျောင်းတက်တဲ့သူတွေ တပုံကြီးပါ..."

"အိုး..ဘိုးတော့လုပ်ပြီ..လုပ်ပြီ၊ ဒီအကြံရှိလို့ ဒါကြောင့် သူ့သမီးတွေအကြောင်းကိုပြောတာကိုး၊ ဟီး..ဟီး..."

မှန်တစ်ယောက်ငိုပါပြီ...။

"ဘိုးက အကောင်းဆုံးစီစဉ်တာပါ မြေးရယ်..."

"သွားပါ..သွားပါ၊ မကြားချင်ပါဘူး၊ ဟီး..ဟီး..ရှူး



www.burmeseclassic.com

www.burmeseclassic.com



ကလေးပဲရှိသေးတယ်၊ နို့နဲ့တောင်မစင်သေးဘူးလို့ သူတို့ပဲပြောပြောနေပြီးတော့ ခုတော့ ယောကျ်ားပေးစားတော့မယ်တဲ့ ဟီး..ဟီး ဟီး...”

“မြေးလေးမိန်းကလေးဆိုတော့လည်း ရောင်းကုန်ပစ္စည်းတစ်မျိုးပဲကွဲ...”

“ဘာရောင်းကုန်ပစ္စည်းမှမဟုတ်ဘူး၊ လူပဲ၊ အခု ဘိုးလုပ်ထားတဲ့ကိစ္စရုပ်သိမ်းမလားမသိမ်းဘူးလားပြော...”

“ဒီကိစ္စက ကလေးကစားစရာကိစ္စမှမဟုတ်တာပဲ သမီးရယ်၊ ဘွားဖွားတို့ကအားလုံးသဘောတူလိုက်ပြီကွဲ၊ ဒါကြောင့် ဓာစပ်ကြောင်းလမ်းမယ့်ရက်တွေတောင် အကြီးအကျယ်လုပ်ဖို့ရက်ရွေး...”

“ဟီး..ဟီး..သွား..သွား၊ မပြောနဲ့၊ ဘာမှမကြားချင်ဘူး၊ ဟီး..ဟီး..ဟီး...”

မှန်ကား ဘိုး၏အလုပ်ခန်းထဲမှနားကိုပိတ်ပြီး အော်ဟစ်ငိုယိုကာထွက်ပြေးသွားလိုက်ပါတော့သတည်း။





မှန်တစ်ယောက် ဘယ်ကိုပြေးလဲဟု အသေးလေးကလိုက်ကြည့်သည်။

မှန်သည် တစ်ဖက်ခြံသို့ငိုယိုကာ ပြေးသွားသည်ကိုအားလုံး ကမြင်တွေ့လိုက်ကြရပါသတည်း။

× × × × ×

“ကိုကြီး...”

“ဟင်..မှန်...”

“အဟင့်..ဟင့်..ဟင့်..ဟီး..ဟီး...”

မှန်ကား မာန်ရင်ခွင်ထဲပြေးဝင်ဖက်ကာ ရှိုက်ကြီးတငင်ငိုပါတော့၏။

“ဟင်..မှန် ဘာဖြစ်လို့လဲ၊ ဘာလို့ဒီလောက်ငိုနေတာလဲကွာ...”

“ကိုကြီး..လူကြီးတွေမကောင်းဘူး၊ မှန်ကို ဘိုးဘ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပေးစားတော့မလို့တဲ့...”

“ဟုတ်လား၊ ကောင်းတာပေါ့၊ လူကြီးတွေကရှာပေးတာဆိုတော့ လင်ကောင်းသားကောင်းရတာပေါ့ ညီမလေးရယ်...”

“အိုး..ကိုကြီး ဒီလိုမပြောပါနဲ့ မှန် ဝမ်းနည်းလို့သေလိမ့်မယ်၊ ဟီး..ဟီး...”

“ဟင်..ဘာလဲ၊ မှန်မှာကချစ်သူရှိနေလို့လား...”

သူဆိုတော့ မှန် မဖြေ၊ သူ့ကိုတစ်ချက်မော့ကြည့်ပြီး မျက်လုံးလေးမှိတ်ကာ သူ့ကိုဖက်ထားရင်းပြန်ငိုနေ၏။

“အဟင့်..ဟင့်..ဟင့် တကယ်တန်းကျတော့ မှန် ဘာပြောရမလဲမသိတော့ဘူး ကိုကြီးရယ်..ဟင့်..ဟင့်...”

“တီး..တီး...”

“ဟော..ဟိုမှာ ကိုကြီးဖော် လာနေတယ်၊ ကိုယ့်ကိုဖက်ထားတာ သူ မြင်ရင် မှန်ကိုစနေဦးမယ်...”

သူဆိုတော့ သူ့ရင်ခွင်ထဲမှ မှန်သည် မျက်ရည်တွေနှင့်ညင်သာစွာထွက်လိုက်၏။ မှန်၏အသွင်လေးသည်က လွန်စွာအား-





ငယ် ဝမ်းနည်းနေသည့်အသွင်လေးပါ...။

“ဟော့..မာန်ရေ့..သူငယ်ချင်း အခုသွားကြရအောင်၊ ကိုယ် ဒေါက်တာ ဥမ္မာညီနဲ့ချိန်းလာခဲ့ပြီကွ၊ ဥမ္မာညီက(...)စားသောက်ဆိုင်မှာစောင့်နေတယ်၊ ကိုယ်က မင်းကိုလာခေါ်တာကဲ..သွားကြရအောင်...”

“ဟင်း...”

ဒေါက်တာ ဇော်ကိုစကားကြောင့် မှန် မျက်ရည်တွေစို၍စီးကျလာသည်။ တစ်ဆက်တည်း မာန့်ဆီကိုလည်း ကြည့်ဖြစ်လိုက်သည်။

မာန်သည် ချောမောသောအပြုံးနှင့်ဇော်ကိုထံကြည့်ကာ ခေါင်းဘီအိတ်ထဲမှကားသော့ကိုနှိုက်နေ၍...

“ကိုကြီး...”

“ဟင်..ဘာလဲ မှန်...”

“မှန်လည်းလိုက်မယ်၊ ဟင့်..အဟင့်...”

ရှိုက်သံလေးနှင့်မှန်ဆိုတော့...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..ဘယ်ဖြစ်မလဲ ချာတိတ်ရဲ့၊ မင်းပါနေတော့ မကောင်းဘူးပေါ့..."

မာန်ဆိုလိုက်သောစကားကြောင့် မှန် ပို၍ဝမ်းနည်းသွားသည်။ မျက်ဝန်းလှလှလေးအစုံမှမျက်ရည်တွေမှာ အင်နှင့်အားနှင့် ပြိုဆင်းလာသည်ကို တွေ့လိုက်ရသည်။

ရုတ်ချည်း မှန်အသွင်လေးသည် မတာတ်သာတော့သည့်ပုံစံလေးနှယ် ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ ရှက်ခြင်း၊ သိမ်ငယ်ခြင်းတို့ဖြင့်...

မှန်သည် သူတို့နှစ်ယောက် ခြံထဲမှကားမောင်းထွက်သွားမည့် မာန်၏အသွင်အား မျက်ရည်တို့စိုရွှဲသည့်သနားစရာမျက်နှာလေးနှင့် စောင့်ကြည့်နေ၏။

ထိုမျက်နှာလေးကိုကြည့်ပြီး မာန်တစ်ယောက် ဟန်လုပ်၍ မနေနိုင်ပါတော့...။

မာန်သည် မှန်၏ကိုယ်လုံးလေးကို ဆွဲခနဲပွေ့ချီလိုက်ပြီး ကားထက်တင်လိုက်ပြီးနောက်...





"ညီမလေးကို ကိုကြီးတစ်နေရာခေါ်သွားမယ်၊ သူငယ်ချင်း ရေ ဦးသာပါခေါ်လာနော်..."

"ကောင်းပြီ၊ ဒီလိုမျိုးအကျိုးဆောင်ချင်နေတာကြာပြီ၊ ငါ မပြောလား မာန်၊ ဒါ မင်းရဲ့ဖူးစာကံအကြောင်းပါဆိုတာ၊ ဟား ဟား..ဟား..."

"လက်ခံလိုက်ပြီ သူငယ်ချင်းရေ..."

ကားမောင်းထွက်ခဲ့ရင်း မာန်ဆိုသောစကားကြောင့် မှန်သည် မျက်ရည်စိုလူးသော မျက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် ကြည့်နေဖြစ် လေ၏။

သည့်နောက်မတော့...

"ဟင်..ကိုကြီး ဘယ်ကိုမောင်းတာလဲ၊ ဒါ မှန့်ရဲ့အိမ်..."

ခုမှ မှန် မျက်လုံးလေးပြူးဝိုင်းကာဆိုတော့ ဆင်ဝင်အောက်၌ ထွက်ရပ်နေသော ဦးဘသောင်းသည် မြေးချောကလေးထံ အပြုံးတွေနှင့်ကြည့်လာရင်း...

www.burmeseclassic.com



"သြော်…ငါ့မြေးလေးနှယ်ကွယ်၊ ငါ့မြေးလေးရဲ့ခင်ပွန်းလောင်းပဲလေ ငါ့မြေးလေးအိမ်ကိုမသိဘဲနေပါ့မလားကွဲ…"

"ဟင်…ဘိုး ကိုကြီးက မှန်ရဲ့…"

"ဟုတ်ပါ့…ဟုတ်ပါ့၊ ငါ့မြေးလေးရဲ့ရင်ထဲကကိုကိုပါတဲ့ကွယ်…"

ဘွားလေးအုန်းကဝင်ဆိုလိုက်သည်တွင် အိမ်ထဲမှလူတွေအားလုံး ပြေးထွက်လာပြီးကြည့်ကြသည်။

မှန်သည် အိပ်မက်သလို မှင်သက်အံ့သြနေဆဲ မာန်သည်မှန်၏ကိုယ်လုံးလေးအား ရင်ခွင်ထဲထွေးဖက်ထားလိုက်ပြီး…

"ချာတိတ်လေးကိုချစ်တယ်၊ ကိုကို့ကိုရောချစ်လားပြော"

"ဒီလောက်ပြောထားတာကို ပြောရဦးမှာလား…"

"ပြောရမှာပေါ့၊ အခု ချာတိတ်ကို ကိုကိုကကားတင်ခိုးလာတာနော်…"

"ဟင်…ခုမှမဟုတ်ပါဘူးနော်၊ ကိုကို မှန့်ကိုခိုးပြေးထားတာ ပေလီကမြန်ကတည်းကပါ၊ မှန်ရဲ့ကျောပိုးအိတ်က ကိုကို့





အခန်း ထဲမှာခုထိရှိတုန်းလေ…"

"ကြည့်စမ်း…ဒီလိုတော့လည်း သူလေးကတော်တော်ပြောတတ်တယ်၊ ကဲ…ပြော ကိုကို့ကိုချစ်လား…"

"သိပ်ချစ်…"

မှန့်ဆိုရင်း သူ့ရင်ခွင်ထဲတိုးဝင်ကာ မျက်နှာလေးဝှက်ထားလိုက်၏။

"ဟား…ဟား…ဟား…"

ဖြောင်း…ဖြောင်း…ဖြောင်း…ဖြောင်း…

ခေါက်တော ဖော်ကိုခေါင်းဆောင်ပြီး ခြံထဲမှလူတွေအားလုံး၏လက်ခုပ်သံတွေကား မိုးထက်ညံသွားသည့်အလားတည်း။

ပြီးပါပြီ

စောပြည့်ရတနာ



www.burmeseclassic.com